# ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ၌
# ထင်ရှားသော
# တန်ခိုးရှင်များ


ဦးကြင်လှိုင်



National Centre for Human Resource Development,
Ministry of Education, Myanmar.

# ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ၌
# ထင်ရှားသော
# တန်ခိုးရှင်များ

သုတေသနပြုသူများ

အရှေ့တိုင်းပညာဌာန၊ ပါမောက္ခနှင့် ဆရာ၊ ဆရာမများ

**ပထမပုံနှိပ်ခြင်း**

၂၀၀၂ ခုနှစ်၊ ဇူလိုင်  . . .  အုပ်ရေ (၁၁၀၀)။

**အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ စာအုပ်အမှတ်စဉ် (၁၀)။**

**စာတည်းသူ**

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။

**စာအုပ်ပြုစုသူ**

ဦးကြင်လှိုင် (ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ဒဂုံတက္ကသိုလ်) နှင့်အဖွဲ့။

**ထုတ်ဝေသူ**

နိုင်ထွန်းလှိုင်၊ အတွင်းရေးမှူး၊ စာအုပ်များပုံနှိပ်ထုတ်ဝေရေးကော်မတီ၊
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊
ပညာရေးဝန်ကြီးဌာန။

**မျက်နှာဖုံး**

မြကျွန်းသာ
အမှတ် ၂၈၂/၂၈၄၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။

**ဘဏ္ဍာငွေပံ့ပိုးကူညီခြင်း**

**Diamond Mercury Co.Ltd.**

**ပုံနှိပ်သူ**

ဦးကြည်ဝင်း၊ မန်နေဂျာ (၀၂၃၈၄)
တက္ကသိုလ်များပုံနှိပ်တိုက်၊ တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။

**တန်ဖိုး** – ၂၈၀/–

စာအုပ်ခွင့်ပြုချက်အမှတ် (၁၈၈/၂၀၀၁) (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၈၄/၂၀၀၁) (၇)
ထုတ်ဝေဖြန့်ချိခွင့်ပြုအမှတ် (  /  ) (  )

# သုတေသနပြုသူများ

| | |
|---|---|
| ၁။ ဦးကြင်လှိုင် | ပါမောက္ခ |
| ၂။ ဒေါ်တင်သန်းမြင့် | ကထိက |
| ၃။ ဒေါ်စန်းစန်းဝင်း | ကထိက |
| ၄။ ဒေါ်မိမိခိုင် | ကထိက |
| ၅။ ဒေါ်အေးအေးမော် | လက်ထောက်ကထိက |
| ၆။ ဒေါ်ဝင်းဝင်းရီ | လက်ထောက်ကထိက |
| ၇။ ဒေါ်မူမူဝင်း | နည်းပြ |
| ၈။ ဒေါ်ဝါဝါအောင် | နည်းပြ |
| ၉။ ဒေါ်ခင်လင်းမြင့် | နည်းပြ |
| ၁၀။ ဒေါ်မြင့်မြင့်သန်း | နည်းပြ |
| ၁၁။ ဒေါ်ပုံပုံ | နည်းပြ |
| ၁၂။ ဒေါ်စန္ဒာထွေး | နည်းပြ |
| ၁၃။ ဒေါ်ခင်သန္တာဦး | နည်းပြ |
| ၁၄။ ဒေါ်ငွေးငွေးဝင်း | နည်းပြ |
| ၁၅။ ဒေါ်ဥမ္မာဆွေ | နည်းပြ |
| ၁၆။ ဒေါ်ခင်နှင်းမိုး | နည်းပြ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သုတေသနစာတမ်းအကျဉ်းချုပ် | က–က |
| **နိဒါန်း** | က – ခ |
| ၁။ အကုံ်ရနတ်သား | ၁ |
| ၂။ အနာထပိဏ္ဍိကနတ်သား | ၃ |
| ၃။ အာဠဝကဘီလူး | ၁၁ |
| ၄။ ဣန္ဒကနတ်သားနှင့် အကုံ်ရနတ်သား | ၁၄ |
| ၅။ ဧရကပတ္တနဂါးမင်း | ၁၇ |
| ၆။ ကက္ကဋကရသနတ်သား | ၂၂ |
| ၇။ ကာဠနဂါးမင်း | ၂၄ |
| ၈။ ကာဠီဘီလူးမ | ၂၅ |
| ၉။ ကုဏ္ဍလီနတ်သား | ၂၉ |
| ၁၀။ စဏ္ဍာလီနတ်သမီး | ၃၁ |
| ၁၁။ ဇနဝသဘနတ်သား | ၃၄ |
| ၁၂။ နန္ဒောပနန္ဒနဂါးမင်း | ၃၉ |
| ၁၃။ ပဥ္စသိခနတ်သား | ၄၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၄။ ဖလဒါယကနတ်သား | ၄၄ |
| ၁၅။ ဘိက္ခာဒါယကနတ်သား | ၄၇ |
| ၁၆။ ဗကဗြဟ္မာ | ၄၈ |
| ၁၇။ မာဃသိကြားမင်း | ၅၂ |
| ၁၈။ မဋ္ဌကုဏ္ဍလီနတ်သား | ၆၅ |
| ၁၉။ မဏိအက္ခိကနဂါးမင်း | ၇၁ |
| ၂၀။ မုစလိန္ဒနဂါးမင်း | ၇၃ |
| ၂၁။ ယဝပါလကနတ်သား | ၇၅ |
| ၂၂။ ရောဟိနီနတ်သမီး | ၇၇ |
| ၂၃။ လာဇာနတ်သမီး | ၈၁ |
| ၂၄။ လတာနတ်သမီး | ၈၈ |
| ၂၅။ သဟမ္ပတိဗြဟ္မာ | ၉၁ |
| ၂၆။ သုစိလောမဘီလူးနှင့် ခရလောမဘီလူး | ၉၇ |
| ၂၇။ သေရီသကနတ်သား | ၁၀၀ |
| ၂၈။ ဟေမဝတနတ်ဘီလူးနှင့် သာတာဂိရနတ်ဘီလူး | ၁၀၃ |
| ပြန်လည်သုံးသပ်ချက် | ၁၁၀ |
| နိဂုံး | ၁၁၂ |

# သင်္ကေတနှင့် ကျမ်းရင်း

| | | |
|---|---|---|
| ၁။ အံ၊ ၁ | အင်္ဂုတ္တိုရ်ပါဠိတော် | ( ပထမအုပ် ) |
| ၂။ အံ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၃။ အံ၊ ၃ | ။ | (တတိယအုပ်) |
| ၄။ အံ၊ ၄ | ။ | (စတုတ္ထအုပ်) |
| ၅။ အံ၊ ဋ္ဌ၊ ၁ | အင်္ဂုတ္တိုရ်အဋ္ဌကထာ | ( ပထမအုပ် ) |
| ၆။ အံ၊ ဋ္ဌ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၇။ အံ၊ ဋ္ဌ၊ ၃ | ။ | (တတိယအုပ်) |
| ၈။ အံ၊ ဋီ၊ ၁ | အင်္ဂုတ္တိုရ်ဋီကာ | ( ပထမအုပ် ) |
| ၉။ အံ၊ ဋီ၊ ၂ | ။ | ( ဒုတိယအုပ်) |
| ၁၀။ အံ၊ (မြန်) | အင်္ဂုတ္တိုရ်မြန်မာပြန် | |
| ၁၁။ အပ၊ ၁ | အပဒါနပါဠိတော် | ( ပထမအုပ်) |
| ၁၂။ အပ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၁၃။ အပ၊ ဋ္ဌ၊ ၁ | အပဒါန်အဋ္ဌကထာ | ( ပထမအုပ်) |
| ၁၄။ အပ၊ ဋ္ဌ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၁၅။ အပ၊ ၁၊ (မြန်) | အပဒါနပါဠိမြန်မာပြန် | ( ပထမအုပ်) |
| ၁၆။ အဘိ၊ ဋ္ဌ၊ ၁ | အဋ္ဌသာလိနီ | |
| ၁၇။ အဘိ၊ ဋ္ဌ၊ ၂ | သမ္မောဟဝိနောဒနီ | |

| | | |
|---|---|---|
| ၁၈။ ဥဒါန | ဥဒါနပါဠိ | |
| ၁၉။ ဥဒါန၊ ဋ္ဌ | ဥဒါန်းအဋ္ဌကထာ | |
| ၂၀။ ကင်္ခါ၊ ဋီ၊ သစ် | ကင်္ခါဋီကာသစ် | |
| ၂၁။ ခုဒ္ဒက | ခုဒ္ဒကပါဌပဠိတော် | |
| ၂၂။ ဇာ၊ ဋ္ဌ၊ ၁ | ဇာတကအဋ္ဌကထာ | (ပထမအုပ်) |
| ၂၃၊ ဇာ၊ ဋ္ဌ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၂၄။ ဇာ၊ ဋ္ဌ၊ ၃ | ။ | (တတိယအုပ်) |
| ၂၅။ ဇာ၊ ဋ္ဌ၊ ၄ | ။ | (စတုတ္ထအုပ်) |
| ၂၆။ ဇာ၊ ဋ္ဌ၊ ၅ | ။ | (ပဉ္စမအုပ်) |
| ၂၇။ ဇာ၊ ဋ္ဌ၊ ၆ | ။ | (ဆဋ္ဌမအုပ်) |
| ၂၈။ ဇိနာ၊ ဋီ | ဇိနာလင်္ကာရဋီကာ | |
| ၂၉။ ထေရ၊ ဋ္ဌ၊ ၁ | ထေရဂါထာအဋ္ဌကထာ | (ပထမအုပ်) |
| ၃၀။ ထေရ၊ ဋ္ဌ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၃၁။ ထေရ၊ (မြန်) | ထေရဂါထာမြန်မာပြန် | |
| ၃၂။ ထေရီ | ထေရီဂါထာပါဠိတော် | |
| ၃၃။ ထေရီ၊ ဋ္ဌ | ထေရီဂါထာမြန်မာပြန် | |
| ၃၄။ ဒီ၊ ၁ | သီလက္ခန္ဓဝဂ္ဂပါဠိတော် | |
| ၃၅။ ဒီ၊ ၂ | မဟာဝဂ္ဂပါဠိ (ဒီဃနိကာယ်) | |
| ၃၆။ ဒီ၊ ဋ္ဌ၊ ၁ | သီလက္ခန်အဋ္ဌကထာ | |

| | | |
|---|---|---|
| ၃၇။ ဒီ၊ ဋ္ဌ၊ ၂ | သုတ်မဟာဝါအဋ္ဌကထာ | |
| ၃၈။ ဒီ၊ ဋ္ဌ၊ ၃ | ပါထိကအဋ္ဌကထာ | |
| ၃၉။ ဒီ၊ ဋီ၊ ၁ | သီလက္ခန်ဋီကာ | |
| ၄၀။ ဒီ၊ ဋီ၊ ၂ | သုတ်မဟာဝါဋီကာ | |
| ၄၁။ ဓာန်၊ ဋီ၊ ၃ | ပါထိကဋီကာ | |
| ၄၂။ ဓာန်၊ ဋီ၊ | အဘိဓါန်ဋီကာ | |
| ၄၃။ ဓမ္မ | ဓမ္မပဒပါဠိတော် | ( ပထမအုပ်) |
| ၄၄။ ဓမ္မ၊ ဋ္ဌ၊ ၁ | ဓမ္မပဒပါဠိတော် | ( ပထမအုပ်) |
| ၄၅။ ဓမ္မ၊ ဋ္ဌ၊ ၂ | ဓမ္မပဒပါဠိတော် | (ဒုတိယအုပ်) |
| ၄၆။ ဓမ္မပဒ၊ ဋ္ဌ၊ (မြန်)၊ ဒုတွဲ | ဓမ္မပဒမြန်မာပြန် | ( ဒုတိယတွဲ ) |
| ၄၇။ ဓမ္မ၊ တတွဲ | ဓမ္မပဒဝတ္ထု | (တတိယတွဲ) |
| ၄၈။ ဓမ္မ၊ စတွဲ | ။ | (စတုတ္ထတွဲ) |
| ၄၉။ ဓမ္မ၊ ပဥ္စမတွဲ | ။ | ( ပဥ္စမတွဲ ) |
| ၅၀။ ပဋိသံ | ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ | ( ပထမအုပ်) |
| ၅၁။ ပဋိသံ၊ ဋ္ဌ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၅၂။ ပေတ၊ ဋ္ဌ၊ | ပေတဝတ္ထုပါဠိတော် | |
| ၅၃။ ဗုဒ္ဓနိုင်ငံတော် | ဗုဒ္ဓနိုင်ငံတော် | |
| ၅၄။ ဗုဒ္ဓသာကောင်း | ဗုဒ္ဓဘာသာကောင်းတစ်ယောက် | |
| ၅၅။ ဗုဒ္ဓဝင် | ဗုဒ္ဓဝင်ဝတ္ထုတော် | |

| | | |
|---|---|---|
| ၅၆။ ဗုဒ္ဓဝံ၊ ဋ္ဌ | ဗုဒ္ဓဝံသဋ္ဌကထာ | |
| ၅၇။ မ၊ ၁ | မူလပဏ္ဏာသပါဠိတော် | |
| ၅၈။ မ၊ ၂ | မဇ္ဈိမပဏ္ဏာသပါဠိတော် | |
| ၅၉။ မ၊ ၃ | ဥပရိပဏ္ဏာသပါဠိတော် | |
| ၆၀။ မ၊ ဋ္ဌ၊ ၁ | ပ ပဉ္စသူဒနီ (မူလပဏ္ဏာသ) အဋ္ဌကထာ | |
| ၆၁။ မ၊ ဋ္ဌ၊ ၃ | ပ ပဉ္စသူဒနီ (မဇ္ဈိမပဏ္ဏာသ) အဋ္ဌကထာ | |
| ၆၂။ မ၊ ဋ္ဌ၊ ၄ | ပ ပဉ္စသူဒနီ (ဥပရိပဏ္ဏာသ) အဋ္ဌကထာ | |
| ၆၃။ မ၊ ဋ္ဌ၊ ၂ | ပ ပဉ္စသူဒနီ (မူလပဏ္ဏာသ) အဋ္ဌကထာ | |
| ၆၄။ မ၊ ဋီ၊ ၁ | မူလပဏ္ဏာ သနိကာယ်၏ အဖွင့်ဋီကာ | |
| ၆၅။ မ၊ ဋီ၊ ၂ | မဇ္ဈိမနိကာယ်အဋ္ဌကထာ၏ အဖွင့်ဋီကာ | |
| ၆၆။ မ၊ ဋီ၊ ၃ | ဥပရိပဏ္ဏာသ နိကာယ်၏ အဖွင့်ဋီကာ | |
| ၆၇။ မဟာဗုဒ္ဓဝင်၊ ဒုတွဲ | နိုင်ငံတော်ဗုဒ္ဓသာသနာမဟာဗုဒ္ဓဝင် | ဒုတိယတွဲ |
| ၆၈။ ။ ၊ စတုတ္ထတွဲ | ။ ။ | စတုတ္ထတွဲ |
| ၆၉။ ။ ၊ ဆဋ္ဌမတွဲ | ။ ။ | ဆဋ္ဌမတွဲ |
| ၇၀။ ဝိ၊ ၁ | ပါရာဇိကပါဠိတော် | |
| ၇၁။ ဝိ၊ ၂ | ပါစိတ္တိယပါဠိတော် | |
| ၇၂။ ဝိ၊ ၃ | မဟာဝဂ္ဂပါဠိတော် (ဝိနယ) | |
| ၇၃။ ဝိ၊ ၄ | စူဠဝဂ္ဂပါဠိတော် (ဝိနယ) | |
| ၇၄။ ဝိ၊ ဋ္ဌ၊ ၁ | ပါရာဇိကအဋ္ဌကထာ (ပဌမအုပ်) | |

| | | |
|---|---|---|
| ၇၅။ ဝိ၊ ဋ္ဌ၊ ၃ | ပါစိတျာဒိ၊ မဟာဝဂ္ဂအဋ္ဌကထာ (ဝိနယ) | |
| ၇၆။ ဝိမတိ | ဝိမတိဝိနောဒနီဋီကာ | |
| ၇၇။ ဝိမာန၊ ဋ္ဌ | ဝိမာနအဋ္ဌကထာ | |
| ၇၈။ ဝိသုဒ္ဓိ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ | |
| ၇၉။ ဝိသုဒ္ဓိ၊ ဋီ | ဝိသုဒ္ဓိမဂ္ဂဋီကာ | |
| ၈၀။ သာရတ္ထ၊ ၂ | သာရတ္ထဒီပနီဋီကာ | (ဒုတိယအုပ်) |
| ၈၁။ သာရတ္ထ၊ ၃ | ။ | (တတိယအုပ်) |
| ၈၂။ သုတ္တနိ | သုတ္တနိပါတပါဠိတော် | |
| ၈၃။ သုတ္တနိ၊ ဋ္ဌ၊ ၁ | သုတ္တနိပါတပါဠိတော်အဋ္ဌကထာ | (ပထမအုပ်) |
| ၈၄။ သုတ္တနိ၊ ဋ္ဌ၊ ၂ | ။ | (ဒုတိယအုပ်) |
| ၈၅။ သံ၊ ၁ | သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် | |
| ၈၆။ သံ၊ ၂ | ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် | |
| ၈၇။ သံ၊ ဋ္ဌ၊ ၁ | သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ | |
| ၈၈။ သံ၊ ဋ္ဌ၊ ၂ | သံယုတ္တအဋ္ဌကထာ | (ဒုတိယအုပ်) |
| ၈၉။ သံ၊ ဋ္ဌ၊ ၃ | ။ | (တတိယအုပ်) |
| ၉၀။ ဟုတ်စိန်၊ ဦး | ပါဠိမြန်မာအဘိဓာန် (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ) | |
| ၉၁။ D.P.P.N.I | Dictionary of pali proper Names Vol-I | |
| ၉၂။ D.P.P.N.II | Dictionary of pali proper Names Vol-II | |

# သုတေသနစာတမ်းအကျဉ်းချုပ်

ယခုသုတေသနတင်ပြသည့်ကျမ်းမှာ "ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ၌ ထင်ရှားသောတန်ခိုးရှင်များ"အကြောင်းဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ၌ အကြောင်းအားလျော်စွာ ဘုရားရှင်အား ဖူးမြင်ကြုံတွေ့ရပြီးနောက် သောတာပန်အစရှိသည်ဖြင့် ဘဝအဆင့် မြင့်တက်သွားသောပုဂ္ဂိုလ်များအနက် တချို့သည် အရဟတ္တမဂ်ဖိုလ်ထိအောင် ဆိုက်ရောက်သွားသည်များလည်း ရှိခဲ့ပါသည်။ လက်ရှိပစ္စက္ခဘဝတွင် အကျွတ်တရားရရှုံမက တမလွန်ဘဝ၌လည်း နတ်၊ ဗြဟ္မာစသည့် သုဂတိဘုံနန်းသို့ တက်လှမ်းရောက်ရှိနိုင်ခဲ့သူများလည်း ရှိပါ၏။ ဤကျမ်းတွင် နတ်ဗြဟ္မာအစရှိသော ဘုံနန်းသို့ တက်လှမ်းရောက်ရှိခဲ့သူများ၏ အတိတ်ကာလများကို ကျမ်းညွှန်းနှင့်တကွ ဖော်ပြထားပါသည်။ ကောင်းမှုပြုသူတို့၏ အကျိုးကျေးဇူးမှာ ကောင်းကျိုးချမ်းသာနှင့် နတ်ဘုံနတ်နန်းကဲ့သို့သော အမြင့်ဘုံများဖြစ်ကြောင်း ဤကျမ်းက အတိအလင်း ထောက်ပြပါသည်။

# နိဒါန်း

အရှေ့တိုင်းပညာအထူးပြုကျောင်းသား/ကျောင်းသူများသည် ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများအထိ ပါဠိတော်၊ အဋ္ဌကထာနှင့် ဋီကာစသည့်ကျမ်းများကို သင်ရိုးအရ ဖတ်ရှုလေ့လာကြရပါသည်။ ထိုသို့ လေ့လာဖတ်ရှုရသည့် အကြောင်းအရာများတွင်–

၁။ ဗုဒ္ဓဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ၌ ထင်ရှားသော ရဟန္တာကြီးများနှင့် ထေရီကြီးများ။

၂။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလ၌ ထင်ရှားသော လူပုဂ္ဂိုလ်များ။

၃။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလ၌ ထင်ရှားသော တန်ခိုးရှင်များ ဟူသည့် အပိုင်း (၃) ပိုင်းသည် အရေးပါသည့် အခန်းကဏ္ဍ တစ်ခုပင် ဖြစ်ပါသည်။ ထိုအပိုင်း (၃) ပိုင်းအနက် ပထမ (၂) ပိုင်းကို ဒဂုံတက္ကသိုလ်၊ အရှေ့တိုင်းပညာ ဌာနမှ ဆရာ/ ဆရာမများ ပြုစုခဲ့ပြီး ဖြစ်ပါသည်။ ယခုနောက်ဆုံးအပိုင်း ဖြစ်သည့် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ကာလ၌ ထင်ရှားသော တန်ခိုးရှင်များ ဟူသည့်အပိုင်းကို ဆက်လက်ပြုစု တင်ပြခြင်းပင် ဖြစ်ပါသည်။ တန်ခိုးရှင်များ၏ အကြောင်းအရာတို့ကို ကျမ်းညွှန်းနှင့်တကွ

လေ့လာတင်ပြထားသည့် ဤသုတေသနကျမ်းကို ဖတ်ရှုကြရခြင်း အားဖြင့် စာပေသင်ကြားလေ့လာမှုကို လွယ်ကူချောမွေ့အောင် အားထုတ်နိုင်ကြမည် ဖြစ်ပါသည်။ ဤသည်မှာ ကျမ်းပြုစုရခြင်း၏ ရှေးဦးရည်ရွယ်ချက် ဖြစ်ပါသည်။

ဒုတိယရည်ရွယ်ချက်မှာ ဤသို့ဖြစ်ပါသည်။

ဂေါတမဘုရားရှင်သည် လွန်ခဲ့သော လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလက ဒီပင်္ကရာမြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပန်ဆင်တော်မူခဲ့ပြီးနောက် သမ္မာပဋိပတ်ကောင်းမွန်သည့် အကျင့်မြတ်တို့ဖြင့် သတ္တလောကကြီးတစ်ခုလုံး၏ ကောင်းကျိုးချမ်းသာကို ပြုတော်မူ ခဲ့ပါသည်။ ဘုရားဧကန်ဖြစ်မည်ဟူသော ဗျာဒိတ်ခံယူပြီးနောက် –

၁။ ဥဿဟဟူသော လုံ့လအားထုတ်ခြင်း။

၂။ ဥမ္မင်္ဂဟူသော ပညာများစေခြင်း။

၃။ အဝတ္ထာနဟူသော အဓိဋ္ဌာန်ကို ဆောက်တည်ခြင်း။

၄။ ဟိတစရိယဟူသော မေတ္တာဘာဝနာပွားခြင်း ဟူသည့် ဗုဒ္ဓဘူမိ လေးပါးနှင့် ညီညွတ်စေလျက် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်တော်မူခဲ့ပါသည်။

ပါရမီဆယ်ပါးကို ဘဝထိုထိုတို့၌ ဖြည့်ကျင့်တော်မူခဲ့ပြီး ပွင့်တော်မူလာ ခဲ့ရသည့် ဂေါတမဘုရားရှင်၏ သာသနာတော်ဝယ် ကျွတ်တမ်းဝင်သူ ပုဂ္ဂိုလ်တို့မှာ များပြားလှပါသည်။ ထိုပုဂ္ဂိုလ်တို့တွင် ရဟန်းအဖြစ်လည်းကောင်း၊ လူအဖြစ်လည်းကောင်း၊ နတ်၊ဗြဟ္မာစသည့် တန်ခိုးရှင်များအဖြစ်လည်းကောင်း ဘဝသုံးမျိုး၌ ကျင်လည်လွတ်မြောက်ခဲ့ပုံကို အပိုင်း(၃)ပိုင်းခွဲကာ လေ့လာ ပြီးနောက် ရှေ့နှစ်ပိုင်းကို သုတေသနကျမ်းများအဖြစ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုပြုစုတင်ပြသည့်အကြောင်းအရာမှာ – နတ်၊ ဗြဟ္မာ စသည့် တန်ခိုးရှင်များ၏ အကြောင်းပင် ဖြစ်ပါသည်။ ဤနေရာတွင် ထူးခြားတိုက်ဆိုင်မှုတစ်ခုကို တွေ့ရပါသည်။ ယင်းအချက်ကား ရဟန်းဘဝ၊ လူဘဝတို့၌ သာသနာတော်ဝယ် ထင်ရှားစွာကျင်လည်၍ သာသနာအား အထောက်အပံ့ပြုခဲ့ကြသည့် ပုဂ္ဂိုလ်အများစုသည် တန်ခိုးရှင် နတ် ဗြဟ္မာများ အဖြစ် ရောက်ရှိသွားကြခြင်းပင် ဖြစ်ပါသည်။

လူ့ဘဝ၌ သီတင်းသီလ ဆောက်တည်၍ အလှူအတန်း၌ ဝါသနာထုံလေ့ကျက်ကာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ လုံ့လကြိုးကုတ် အားထုတ်ခဲ့သူတို့သည် တမလွန်လောကတွင် နတ်၊ ဗြဟ္မာဘဝသို့ မုချမသွေ ရောက်ရတတ်ပေသည်ဟူသော ဘုရားရှင်၏ ဒေသနာတော်လာ တရားဓမ္မကို ထောက်ခံနေသည့်သဘောကို အထင်အရှား တွေ့မြင်နိုင်ပါသည်။

ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့အကြောင်းကို လေ့လာခြင်းဖြင့် သာသနာတွင်းကာလ၌ပင် မြင့်မြတ်သောအလှူခံ ပုဂ္ဂိုလ်အား တစ်ဇွန်း၊ တစ်ယောက်ချိုမျှ ပေးလှူသော အလှူသည် သာသနာပကာလ၌ အနှစ်တစ်သောင်းကာလပတ်လုံး သာမန်ပုဂ္ဂိုလ်တို့အား ပေးလှူခြင်းထက် သာလွန်မြင့်မြတ် အကျိုးကျေးဇူးများပုံကို ဆင်ခြင်အတုယူနိုင်ကြပါသည်။

ကာဠိဘိလူးမအကြောင်းကို လေ့လာခြင်းဖြင့် အာဃာတတရား၏ မပြီးဆုံးနိုင်သော အငြိုးအတေးကို မေတ္တာရေဖြင့် ဖျောက်မှသာ ပြီးဆုံးစေနိုင်သည့် သဘာဝကို လိုက်နာကျင့်သုံးဖွယ်ရာ ဘဝသင်ခန်းစာအဖြစ် မှတ်ယူ နိုင်ကြ ပါသည်။

ဒဏ္ဍာနတ်သမီးသည် မကွယ်လွန်မီ တစ်ခဏတာလေးမျှ ဘုရားရှင်အား ကြုံကြိုက်ဖူးမြော်လိုက်ရသော အကျိုးကြောင့် သေလျှင် လားရမည့် အပါယ်ငရဲမှ လွတ်မြောက်ကာ တာဝတိံသာနတ်ပြည်သို့ လားရပုံကို ဆင်ခြင်၍ သေကာနီးကာလ အရေးပါပုံကို သတိထားရှိနိုင်ကြမည် ဖြစ်သည်။

ဗိမ္ဗိသာရမင်းဘဝမှ စုတေ၍ နတ်အဖြစ်သို့ ရောက်ရှိလာသူ ဇနဝသဘ နတ်သားအကြောင်း လေ့လာရခြင်းဖြင့် လောကဝယ် အရိယာတို့ မြတ်နိုးအပ်သော သီလနှင့် ပြည့်စုံသော မဂဓတိုင်းသား နှစ်သန်းလေးသိန်းကျော်တို့သည် နတ်ပြည် ဗြဟ္မာပြည် ၌ ထင်ရှားဖြစ်ခဲ့ကြပုံကို တွေ့မြင်သိရှိခြင်းဖြင့် ကောင်းမှုကုသိုလ်၏ အရှိန်အဝါကို သိမြင် အတုယူနိုင်ကြဖွယ် ရှိပါသည်။

ဤသို့ဖြင့် လူ့ဘောင်လောကသားတို့၏ ဆင်ခြင် အတုယူဖွယ် အကြောင်းအရာများကို ရယူစေလိုသည်မှာ ဒုတိယရည်ရွယ်ချက်ဖြစ်ပါသည်။

တတိယရည်ရွယ်ချက်မှာ ဤသို့ဖြစ်ပါသည်။ ဤကျမ်း၌ပါရှိသော တန်ခိုးရှင်များ၏ ဓါတ်၊ လုံ့လ၊ သဒ္ဓါတရားနှင့် ဖြစ်စဉ်များကို လေ့လာသိမြင်ကြသောအခါ သာမန်ပုထုဇဉ်ဘဝမှ ထူးခြားတိုးတက် မြင့်မားလာသည့် ဘဝအခြေအနေမျိုးသို့ ပြောင်းလဲရောက်ရှိသွားစေလိုခြင်းပင် ဖြစ်သည်။

လေးစားကြည်ညိုဖွယ်ကောင်းသူတို့၌ ရှိတတ်သော အရည်အချင်း (၄)ပါးကို ဤကျမ်း၌ ပါဝင်သည့် တန်ခိုးရှင်များ အကြောင်း၌ ဖတ်ရှုခြင်းဖြင့် ကြည်ညိုအားကျ အတုယူလိုစိတ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ရာဂ၊ ဒေါသ၊ မောဟတည်း ဟူသော ကိလေသာ အနှောက်အယှက်များ ကင်းစင်ပြီး စိတ်နှလုံးသား နူးညံ့သိမ်မွေ့လာကာ အေးငြိမ်းခြင်းသဏ္ဍိသုခ ဖြစ်ပေါ်လာ၍ မျက်မှောက် ပစ္စက္ခချမ်းသာကို ခံစားနိုင်ကြစေလိုခြင်းမှာ တတိယရည်ရွယ်ချက်ပင် ဖြစ်ပါသတည်း။

# အင်္ကုရနတ်သား

ဥတ္တမစုရတိုင်း၏ဘုရင် မဟာသာဂရမင်း၏သား ဥပသာဂရ၏ မိဖုရားတွင် သားတော်ဆယ်ပါးနှင့် သမီးတော်တစ်ပါး ထွန်းကားခဲ့သည်။ မင်းသားဆယ်ပါးအနက် ညီအငယ်ဆုံးအင်္ကုရမင်းသားသည် ကုန်သည်အဖြစ် အသက်မွေးပြီး အခါခပ်သိမ်း အလှူကြီးပေးလေ့ရှိ၏။

ထိုအချိန်၌ အင်္ကုရနတ်သား၏ ဘဏ္ဍာစိုးသားသည် အသယှ သူဌေးကြီး၏ အလှူဒါနပြုရာအရပ်သို့ နတ်လမ်းညွှန်သဖြင့် ၎င်းကွယ်လွန်သော် မရုဘူမိအရပ်ရှိ ပင်ညောင်ပင်ဝယ် ဘုမ္မစိုးနတ်ဖြစ်လေသည်။ တစ်နေ့ အင်္ကုရသည် လှည်းငါးရာစီနှင့် ကုန်ရောင်းထွက်ခဲ့ရာ မရုကန္တာရ၌ မျက်စိလည်လမ်းမှားပြီး နောက်ဆုံးတွင် ဘုမ္မစိုးနတ်ရှိရာ ညောင်ပင်အနီးသို့ ရောက်ရှိသွားလေသည်။ အစာရေစာပြတ်၊ ထင်းတို့ကုန်ခန်းပြီး ဒုက္ခ ရောက်လျက်ရှိရာ ဘုမ္မစိုးနတ်က မိမိလက်ယာဘက်ကိုညွှန်၍ အစာရေစာ တို့ကို အလိုရှိတိုင်း ပြည့်စုံစေခဲ့သည်။ ဘုမ္မစိုးနတ်သည် အင်္ကုရနှင့် ကုန်သည်အပေါင်းတို့ လိုရာဆန္ဒပြည့်ဝစေပြီး မိမိတို့နေထိုင်ရာ အရပ်သို့ပို့ပေးခဲ့သည်။ အင်္ကုရသည်နေရာအနှံ့ အသက်ထက်ဆုံး အလှူဒါန အမျိုးမျိုးပေးလှူပြီး သေလွန်သော် တာဝတိံသာနတ်ပြည်၌ ဖြစ်လေသည်။

အင်္ကုရနတ်သား တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ခံစား နေစဉ် လူ့ပြည်၌ ဂေါတမဘုရားရှင် ပွင့်တော်မူသည်။ ဣန္ဒကလုလင်သည် အရှင်အနုရုဒ္ဓါမထေရ်အား သဒ္ဓါကြည်ညိုစွာဖြင့် တစ်ဇွန်းမျှသောဆွမ်းကို လှူဒါန်းခဲ့သဖြင့် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ပင် ဣန္ဒကနတ်သား ဟုထင်ရှားခြင်း ဖြစ်ပါသည်။ ဣန္ဒကနတ်သားသည် အင်္ကုရနတ်သားထက် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ကောင်းမွန်ခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းသဏ္ဌာန်ပြည့်စုံခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ တန်ခိုးကြီးမားခြင်း၊ အခြံအရံပေါများခြင်းဟူသော အကြောင်းဆယ်ပါး၌ သာလွန်လေသည်။[၁]

၁။ ပေတ ၊ ၁၅၄
ပေတ ၊ ၅ ၊ ၁၀၄။

# အနာထပိဏ္ဍိကနတ်သား

အနာထပိဏ္ဍိကနတ်သားသည် လူ့ဘဝက သာဝတ္ထိပြည်၌ သုမန သူဌေးကြီး၏သား ဖြစ်ခဲ့သည်။

ယင်းနတ်သား၏ အတိတ်ဘဝက ပါရမီဖြည့်ခဲ့ပုံမှာ ဤသို့ ဖြစ်ပါသည်။ ပဒုမုတ္တရဘုရားရှင်လက်ထက်က ဥပါသကာတစ်ဦးအား အလှူအတန်း၌ မွေ့လျော်ကြသူတို့တွင် အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရာထူး ပေးသည်ကို အားကျကာ ထိုဘဝ၌ အဓိကာရ ကောင်းမှုများကိုပြု၍ ထိုဆုမျိုးတောင်းခဲ့၏။ နတ်သားအလောင်းအလျာသည် ကမ္ဘာတစ်သိန်း ပတ်လုံး လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရာ ဂေါတမဘုရား ရှင်လက်ထက်၌ သုဒတ္တသူဌေးသား ဖြစ်ခဲ့သည်။ အရွယ်ရောက်၍ ကုန်သွယ်ကာ အသက်မွေးလေ၏။ တစ်နေ့သ၌ ရာဇဂြိုဟ်သို့ လှည်း အစီးငါးရာဖြင့် ကုန်ကူးသွားလေ၏။ ရာဇဂြိုဟ်သူဌေးသည် နှုတ်ခွန်းဆက် စကားအနည်းငယ်မျှသာပြောဆို၍ အလုပ်သမားများ၏ ချက်ပြုတ်ရေး ကိစ္စများကိုသာ အာရုံရောက်ကြပ်မတ်လျက်ရှိသောကြောင့် အာဝါဟ၊ ဝိဝါဟ မင်္ဂလာတစ်မျိုးမျိုး ပြုလုပ်ရန်ရှိ၍သာဟု အောက်မေ့မှတ်ထင်ခဲ့မိသည်။ ဘုရားအမှူးရှိသော သံဃာအပေါင်းအား ဆွမ်းကပ်လှူရန်ဖြစ်ကြောင်း စုံစမ်းသိရှိရသောအခါ ဘုရားဟူသောအသံကို ကြားရရုံမျှဖြင့် ပီတိငါးမျိုးသည်

ခန္ဓာကိုယ်အနံ့ ပျံ့နှံ့သွားလေ၏။ "ဘုရားရှင်အား ဖူးမြော်ရန်ဝေးစွ၊ အသံပင်ကြားရခဲသည်၊ ယခုပင်ဖူးမြော်ရန်သွားအံ့ဟု ရာဇဂြိုဟ်သူဌေးအား ပြန်လည်ပြောကြား၏။ သူဌေးက "ယခုအခါ ဘုရားရှင်သည် သုသာန်အနီး၌ သီတင်းသုံးနေသောကြောင့် အချိန်အခါမသင့်၍ နံနက်စောစောမှပင် ထ၍သွားရန် ပြောလေ၏။ ထိုအချိန်မှစ၍ စိတ်အာရုံသည် ဘာကိုမျှ စိတ်ဝင်စားခြင်းမရှိတော့ဘဲ ဘုရားရှင်အားဖူးမြော်ရန် အာရုံတစ်ပါးတည်းကိုသာထား၍ အိပ်လေတော့၏။

ထိုအခါဘုရားရှင်အား ကြည်ညိုခြင်း ဗလဝသဒ္ဓါတရားများ တဖွားဖွားဖြစ်ပေါ်လာပြီး ပီတိကြောင့် အလင်းရောင်များ ဖြာထွက်ကာ အမှောင်ဓာတ်များ ကင်းကွာသွားပြီး ဆီမီးများထွန်းသကဲ့သို့၊ လဝန်း နေဝန်းကြီးများ ပေါ်ထွက်လာသကဲသို့ထင်၍ အိပ်ယာမှထလေသော် နံနက်မိုးသောက်ချိန်မဟုတ်ဘဲ ညဥ့်ဦးယံသာရှိသေးကြောင်းသိ၍ ပြန်အိပ်လေ၏။ ဤကဲ့သို့ သုံးကြိမ်တိုင်တိုင်ဖြစ်ခဲ့ပြီး နံနက်မိုးသောက်သည်နှင့် တစ်ပြိုင်နက် ဘုံခုနစ်ဆင့်မှဆင်းသက်၍ လမ်းမအတိုင်းလျှောက်လာခဲ့ရာ သီဝကမည်သော တံခါးအနီးသို့ရောက်သောအခါ မြို့စောင့်အရိယာနတ်တို့က "ဤသူဌေးကြီးသည်ဘုရားရှင်အား ဖူးမြော်ရန်ထွက်လာခဲ့သူဖြစ်ပြီး ပထမအကြိမ်ဖူးမြော်ရလျှင်ပင် သောတာပတ္တိဖိုလ်၌တည်၍ ရတနာသုံးပါး၌ အသာဆုံး အမြတ်ဆုံး အလုပ်အကျွေးဒါယကာ ဖြစ်မည့်သူဖြစ်သည်"ဟု ကြိုတင်သိမြင်သဖြင့် မြို့တံခါးကို ဖွင့်ထားပေးလေ၏။

သူဋ္ဌေးကြီးသည် မြို့မှထွက်သောအခါ အလင်းများပပျောက်၍ အမှောင်ထဲသို့ကျရောက်လေရာ ကြောက်ရွံ့တုန်လှုပ်မိလေသည်။ ထိုမြို့တွင် အချိန်မတော် ညဥ့်အခါ၌ သေလွန်သောသူများကို မြို့ပြင်သို့ထုတ်ဆောင် သင်္ဂြိုဟ်ခြင်းမပြုဘဲ ထိုလူသေကောင်များကို မြို့တော်တံခါး၏အပြင်ဘက်သို့ ပစ်ချကြလေ၏။ သူဋ္ဌေးကြီးသည် ထိုလူသေအလောင်းများကို တိုက်မိသဖြင့် ကြောက်ရွံ့စိတ်များဖြစ်ပြီး ဘုရားရှင်အား ကြည်ညိုသောပီတိများ ယုတ်လျော့သွားသဖြင့် ကိုယ်မှအလင်းရောင်များကွယ်ပျောက်ကာ အမှောင်များကျရောက်လာလေ၏။ ဤသို့အကြိမ်ကြိမ် ဖြစ်နေသည်ကို သီဝကနတ်ဘီလူးတို့က မြင်သောအခါ "ရှေ့သို့သွားခြင်းသည်သာလျှင် ချီးမွမ်းအပ် မြင့်မြတ်လှပါသည်။ နောက်သို့ပြန်၍ဆုတ်ခြင်းသည် မသင့်ပါချေ"ဟု ပြောသောအခါ သူဋ္ဌေးကြီးက "ငါတစ်ယောက်တည်းဟူ၍ ထင်သော်လည်း ယခုငါ၏နောက်လိုက်အဖော်များ ရှိသေး၏။ သူဋ္ဌေးကြီးက "ဤလောက၌ ပုရာဏတဿပအစရှိသော တိတ္ထိဆရာကြီးများသည် မိမိတို့ကိုယ်ကို ဘုရားဟု ဆိုလေ့ရှိကြသည်။ ယခု တွေ့ရသော ဘုရားရှင်အား မည်သို့ဘုရားဖြစ်ကြောင်း သိရအံ့နည်း"ဟု တွေးတောကာ "ငါ၏အမည်ကို ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်း ပေးကမ်းခြင်းဂုဏ်ကျေးဇူးကြောင့် အနာထပိဏ်ဟု အများကသိကြ၏။ "အမည်ရင်း သုဒတ္တ"ကို မည်သူမျှ မသိကြ။ ဘုရားရှင်သည် စင်စစ်ဧကန် ဘုရားမှန်လျှင် ငါ၏အမည်ရင်းကို ခေါ်အံ့ဟု အကြံဖြစ်လေ၏။ သူဋ္ဌေးကြီး၏

စိတ်အကြံကိုသိသောဘုရားရှင်က အဝေးမှလာသော သူဌေးကြီးကိုမြင်လျှင် “ချစ်သားသုဒတ္တ”ဟု ခေါ်လိုက်လေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်း၍ ဘုရားရှင်၏ ခြေတော်အစုံကို ဦးတိုက်ပြီး “ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လော”ဟု မေးလျှောက်ရာ ဘုရားရှင်က ဣရိယာပုတ် လေးပါးလုံး ချမ်းသာစွာနေရကြောင်း ပြန်လည်ဖြေကြားပြီးနောက် ဒါနကထာ၊ သီလကထာစသည်ဖြင့် ဒေသနာအစဉ်အတိုင်း ဟောကြားတော်မူလေ၏။ ပါရမီဓာတ်ခံရှိသောသူဌေးကြီးသည် သောတာပန်ဖြစ်လေ၏။ ရတနာသုံးပါးကို အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်သူအဖြစ် မှတ်ယူတော်မူပါဟု လျှောက်ထားပြီး နက်ဖြန်ရဟန်းသံဃာတော်များနှင့်အတူ ဆွမ်းကပ်လှူခြင်းကို လက်ခံတော်မူပါရန် ပင့်ဖိတ်လေ၏။ ထိုအကြောင်းကို ရာဇဂြိုဟ်သူဌေး ကြားသိသောအခါ ဧည့်သည်ဖြစ်၍အကူအညီပေးလိုကြောင်း ကမ်းလှမ်း သည်ကိုလက်မခံခဲ့ပေ။ ဘုရားရှင်နှင့်တကွ သံဃာငါးရာတို့အား ဆွမ်းကပ်လှူ ပြီးနောက် သာဝတ္ထိပြည်၌ပင် ဝါဆိုရန်လျှောက်ထားရာ “မြတ်စွာဘုရားတို့ မည်သည် ဆိတ်ငြိမ်ရာအရပ်၌ ပျော်ပိုက်ကုန်၏”ဟု မိန့်ကြားတော်မူခဲ့၏။ ထို့နောက် အနာထပိဏ်သူဌေးသည် သာဝတ္ထိသို့အပြန် လမ်းခရီး၌ရှိသော ရွာများတွင် တစ်ယူဇနာလျှင် ကျောင်းတစ်ဆောင်ကျ ဆောက်လုပ် လှူဒါန်းလေ၏။

အနာထပိဏ်သူဌေးဘဝ၌ တစ်ဆယ့်ရှစ်ကုဋေတန်ဖိုးရှိ ရွှေဒင်္ဂါး ချပ်ရေအပြည့်ဖြင့် ဇေတမင်းသား၏ ဥယျာဉ်ခြံမြေကို အပြည့်ခင်း၍ ဝယ်ယူပြီးနောက် ဘုံခုနစ်ဆင့်ပြာသာဒ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့၏။ ထိုကျောင်းရေစက်ချ လှူဒါန်းပွဲသည် ကိုးလတိုင်ကြာမြင့်ခဲ့၏။ ထိုကျောင်း တိုက်ကြီးကို ငါးဆယ့်လေးကုဋေ ကုန်ကျခံ၍ လှူဒါန်းခဲ့ခြင်းဖြစ်၏။ ထိုနောက်ပိုင်းတွင်လည်း ဘုရားရှင်ထံ တစ်နေ့သုံးကြိမ် မှန်မှန်သွား၍ အလှူအတန်းပြုလုပ်ကာ သီလဆောက်တည်ရင်းဖြင့်ပင် ပစ္စည်းဥစ္စာများ ကုန်ဆုံးခဲ့၏။ ထိုအခါ ကြီးမြတ်သောအလှူကို မပြုနိုင်တော့သဖြင့် ဆန်ကွဲထမင်းကိုသာ လှူဒါန်းနိုင်လေတော့၏။ ဘုရားရှင်က သင်သည် ယခင်ကကဲ့သို့ကြီးမြတ်သောအလှူကို ပြုနိုင်ပါ၏လောဟုမေးရာ ယုတ်ညံ့သော အလှူကိုသာ ပေးနိုင်တော့ကြောင်း လျှောက်ထားရာ ဘုရားရှင်က မွန်မြတ်သောစိတ်ဖြင့် လှူဒါန်းသောအရာတိုင်းသည် သရဏဂုံ (၃)ပါးနှင့် ပြည့်စုံသော မြတ်သောအလှူခံပုဂ္ဂိုလ်တို့ကို ပေးလှူရသဖြင့် မွန်မြတ်လှပေ၏ ဟုမိန့်တော်မူကာ ဝေလာမသုတ်ကို ဟောကြားတော်မူခဲ့၏။

အနာထပိဏ်သူဌေးကြီး၏ တံခါးစောင့်နတ်သည် သံဃာ တော်များ နေ့စဉ်ဤအိမ်သို့ ဝင်ထွက်နေသဖြင့် မိမိနေရာ၌ ကောင်းစွာ မနေရသောကြောင့် သူဌေးကြီး ဆင်းရဲနေခိုက် သံဃာတော်တို့နှင့် စိတ်ဝမ်းကွဲစေရန် ရည်စူး၍ ညအခါသူဌေးကြီးထံသွား၍ သာသနာတော်၌ များစွာလှူဒါန်းသဖြင့် ဆင်းရဲခြင်းသို့ ရောက်ရ၏။ ဂေါတမကို စွန့်လွှတ်၍

ကုန်ကူးသန်းရောင်းဝယ်ခြင်းကို ပြန်လည်ပြုလုပ်လော့ဟု ပြောလေ၏။ သူဌေးကြီးက ငါသည် တုန်လှုပ်ခြင်းမဖြစ်၊ သင်သည် ငါ၏အိမ်၌နေ၍ အကျိုးမရှိ။ ယခုပင် ထွက်သွားလော့ဟု နှင်ထုတ်လေ၏။ ထိုတံခါးစောင့် နတ်ကြီးသည် နေစရာမရှိတော့၍ စတုမဟာရာဇ် နတ်မင်းကြီးထံသို့ သူဌေးကြီးအား မိမိကို ခွင့်လွှတ်စေရန် ပြောခိုင်း၏။ ငြင်းပယ်၍ သိကြားမင်းထံ သွားရောက်တောင်းပန်ပြန်ရာ သူဌေးကြီး၏ နည်းမျိုးစုံဖြင့် ဆုံးရှုံးခဲ့သော လေးဆယ့်ငါးကုဋေတန်ဖိုးရှိ ပစ္စည်းအပေါင်းကို တန်ခိုးဖြင့် ပြန်လည်ရယူပြီး တိုက်ခန်းအပြည့်ထားရှိ တောင်းပန်ရန် ညွှန်ပြခဲ့ရာ တံခါးစောင့်နတ်သည် ထိုအတိုင်းဆောင်ရွက်ခဲ့လေသည်။ သိကြားမင်းက ထိုနတ်သားကို ဘုရားရှင်ထံ ခေါ်ဆောင်သွားရာ ဘုရားရှင်က ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးပေးသည် ချက်ခြင်းမဖြစ်တတ်သော်လည်း နောက်ဆုံး၌ကောင်းမှုသည် ကောင်းကျိုးကိုလည်းကောင်း၊ မကောင်းမှုသည် မကောင်းကျိုးကို လည်းကောင်း ဖြစ်ပေါ်ခံစားရတတ်ကြောင်း အနုသန္ဓေစပ်၍ ဟောကြားတော်မူရာ တံခါးစောင့်နတ်သည် သောတာပန်ဖြစ်လေ၏။ သူဌေးကြီးအားလည်း ဥပသကာတို့တွင် အသာဆုံး၊ အမြတ်ဆုံးဧတဒဂ်ရာထူး ချီးမြှင့်ခြင်း ခံရလေ၏။

အနာထပိဏ်သူဌေးဘဝ၌ လှူဒါန်းမှုကုသိုလ်အစုစုတို့ကို ဝါသနာအလေ့ရှိသမျှ ဆောင်ရွက်ရင်း တစ်နေ့သ၌ အသည်းအသန်နာမကျန်းဖြစ်ရာ၊ ဘုရားရှင်ကိုယ်စား ရှင်သာရိပုတ္တရာနှင့် ရှင်အာနန္ဒာတို့ ကြွရောက်

ကြည့်ရှုတော်မူပြီး ကောဝါဒသုတ္တန်ကို ဟောကြားခဲ့လေ၏။ ထိုတရားတော်၌ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး အစရှိသော တရားတို့၌ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတို့ဖြင့် ငါ့ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာဟု စွဲယူနေသူသည် မရဏန္တိကရောဂါ ဝေဒနာတို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်၊ သေမှသာ အဆုံးသတ်ရမည်။ ထိုအာရုံတို့၌ အစွဲသုံးပါးဖြင့်မစွဲအောင် သိက္ခာသုံးပါး အကျင့်တရားတို့ကို ပွားများကြိုးကုတ်အားထုတ်ရမည် စသည်ဖြင့် အကျယ်ဟောကြားရာ သူဌေးကြီးကသည်းစွာငိုကြွေးလေ၏။ အရှင်အာနန္ဒာက စည်းစိမ်ဥစ္စာတို့ကို ကပ်ငြိ၍ ကုသိုလ်တို့မှ ဆုတ်နစ်သလောဟုမေးရာ သူဌေးကြီးက "မဟုတ်ပါကြောင်းနှင့် ယခင်က ဘုရားရှင်ထံမှ ဤသို့သဘောရှိသော တရားတို့ကို ကြားနာခဲ့ရဖူး၍ ဖြစ်ပါကြောင်း လျှောက်ထားရာ" အဝတ်ဖြူဝတ် ပုဂ္ဂိုလ်တို့သည် တွယ်တာ တပ်မက်မှုတဏှာ ပြင်းထန်လွန်း၍ ဤသို့သော တရားစကားများကို မနှစ်သက်ပါကြောင်း၊ ရဟန်းတို့သာလျှင် နှစ်သက်ကြောင်း၊ ဘုရားရှင်သည် ယခင်က အရိယာမဂ်ရောက်ကြောင်း ဝိပဿနာတရားတို့ကို ဟောကြားခဲ့ပြီးဖြစ်၍ ယခုကဲ့သို့ အကျယ်မဟောခဲ့ရခြင်းဖြစ်ကြောင်း ပြန်လည်မိန့်တော်မူရာ အဝတ်ဖြူဝတ်သူ လူတို့တွင်လည်း ဉာဏ်မျက်စိဝယ် ကိလေသာမြူနည်းပါးသောသူတို့ များစွာရှိပါသည်။ ထိုသူတို့သည် ဤသို့သောတရားမျိုး မနာကြားရ၍ လောကုတ္တရာမှ ဆုံးရှုံးနစ်နာပါကြောင်း ပြန်လည်လျှောက်တင်၏။

အနာထပိဏ်ကြိက နတ်သားဘဝ ရောက်သောအခါ သုံးဂါဝုတ် ပမာဏရှိ ရွှေတုံးရွှေစိုင်ပမာ တောက်ပသည့် နတ်၏ကိုယ်ခန္ဓာအတ္တဘောနှင့် နတ်ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်စသော နတ်စည်းစိမ်တို့ကို မြင်ရလေ၏။ ငါ၏လူ့ပြည်၌ ပြုခဲ့သောကောင်းမှုတို့ကား အဘယ်တို့နည်းဟု ဝမ်းမြောက် စိတ်ဖြင့် ဆင်ခြင်ကြည့်လေရာ မိမိပြုခဲ့သည့် ရတနာသုံးပါးတို့၏အဓိကာရ ကောင်းမှုပြုခဲ့သည့် ကောင်းမှုကုသိုလ်တို့ကိုမြင်၍ ငါသည် နတ်စည်းစိမ်ဖြင့် ဝမ်းမြောက်ရွှင်ပျော်ခြင်းမပြုမီ သတိမေ့လျော့မှု မဖြစ်ရလေအောင် ငါ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဇေတဝန်ကျောင်းတိုက်ကြီး ဘုရားအစရှိသော ပုဂ္ဂိုလ်တို့အား ယင်းတို့၏ ဂုဏ်ကျေးဇူးတို့ကို လျှောက်ထားပြီးပြန်လာမှ ဤစည်းစိမ်တို့ကို ခံစားသုံးဆောင်မည်ဟု တွေးတော၍ သန်းခေါင်ယံအချိန်၌ ဘုရားရှင်ထံ ဂါထာ (၄) ခုဖြင့် လျှောက်ထား၏။ နံနက်မိုးသောက်သော် ဘုရားရှင်က ရဟန်းတို့အား ထိုဂါထာတို့ဖြင့် ပြန်လည်ဟောကြားတော်မူ၏။ အရှင်အာနန္ဒာက ထိုနတ်သားသည် ဧကန်ပင် အနာထပိဏ်ကြိကနတ်သား ဖြစ်ပါလိမ့်မည်ဟု မိန့်တော်မူလေ၏။[၁]

---

၁။ မဟာဗုဒ္ဓဝင်၊ တတိယတွဲ ၁၈၀-၁၂၂
မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ (ဒုတိယပိုင်း) ၁၅၃-၁၇၁။
ဓမ္မပဒ၊ တတိယတွဲ ၊ ၁၇၉-၁၈၃

# အာဋဝကဘီလူး

မဇ္ဈိမဒေသ၏ အရှေ့မြောက်စွန်း ဟိမဝန္တာအနီး၌ အာဋဝိတိုင်းရှိ၏။ ထိုတိုင်းအနီး တစ်ဂါဝုတ်မျှရှိသောအရပ်၌ အာဋဝကဘီလူးနေထိုင်ရာဗိမာန်ရှိ၏။ ထိုဗိမာန်ညောင်ပင်၌ အာဋဝကဘီလူးသည် စတုမဟာရာဇ်နတ်မင်းတို့ထံ၌ ကျိုးနွံခယသဖြင့် မွန်းတည့်ချိန်ဤညောင်ပင်ရိပ်သို့ကပ်ရောက်ခိုဝင်လာသော သတ္တဝါတို့အား သင်စားပိုင်စေဟုခွင့်ရသောကြောင့် ဤညောင်ပင်အောက်သို့ရောက်လာသမျှ သတ္တဝါတို့၏အသားကို စားလျက်နေ၏။ တစ်နေ့သ၌ အာဋဝိပြည်ကို အုပ်ချုပ်သောမင်းသည် မုဆိုးမတ်အပေါင်းခြံရံလျက် တောကစားထွက်လာ၏။ တောအုပ်တစ်ခုသို့ရောက်သောအခါ သမင်တစ်ကောင်ကိုတွေ့၍လိုက်လေရာ ထိုသမင်သည် ထွက်ပြေးလေ၏။ မင်းကြီးလည်း သမင်ကို ရအောင်ဖမ်းဆီး၍ သန်လျက်ဖြင့် ပိုင်း၍အသားကို အလိုရှိသော်လည်း မုဆိုးမတ်တို့ ပြက်ရယ်ပြုမည်စိုးသဖြင့် ထမ်းပိုးဖြင့်ထမ်းယူလာခဲ့၏။ ထို့နောက် အာဋဝကဘီလူးနေသော ညောင်ပင်အောက်၌ဝင်၍ အပန်းဖြေနားလေ၏။ ထိုအခိုက်တွင် အာဋဝကဘီလူးက မင်းကြီးကို စားရန် ဖမ်းယူလေ၏။ မင်းကြီးကလည်း သူ့ကို မစားဘဲလွှတ်ပါ၊ နေ့စဉ်လူတစ်ယောက်နှင့် ထမင်းအိုး ပို့ပေးပါမည်ဟု ဝန်ခံကတိပေးကာ ပြန်လာလေသည်။ မင်းကြီးလည်း မိမိဝန်ခံချက်အတိုင်း နေ့စဉ်

လူတစ်ယောက်နှင့်ထမင်းအိုး ပို့ပေးရလေသည်။ ရှေးဦးစွာ ခိုးသူတို့ကို ဘီလူးအစာအဖြစ်ပို့စေ၏။ ခိုးသူတို့ကိုပို့၍ ကုန်သောအခါ အသက်ကြီးသော သူအိုတို့ကို ပို့ရန် စီစဉ်လေ၏။ ထိုအခါ မင်းကြီးသည် မိဘဘိုးဘေးတို့၏ ကျေးဇူးကို အောက်မေ့လျက် အပြစ်ကြီးမည်ကို စိုးရိမ်ပြန်၏။ ထို့နောက် မင်းကြီးသည် ပုခက်တွင်း၌ ပက်လက်အိပ်တတ်သောကလေး သူငယ်တို့ကို ပို့ရန်စီစဉ်၏။ ထိုကလေးသူငယ်တို့မှာကား မိဘများကလည်း လွန်စွာ မချစ်ခင်သေး၊ ထိုသူငယ်ကလည်း ငါ့မိငါ့ဖဟူ၍ မသိသေးသဖြင့် နေပြည်တော်ရှိအိမ်တိုင်းမှ ကလေးသူငယ်တို့ကိုယူ၍ ဘီလူးထံသို့ပို့စေ၏။ ကလေးငယ်များ မရှိတော့သောအခါ မိမိ၏သား အာဠ၀ကမင်းသားကို ဘီလူးစားခံ ပို့လွှတ်ရန် အမိန့်ချမှတ်လိုက်၏။

မြတ်စွာဘုရားသည် အာဠ၀ကမင်းသားနှင့် အာဠာ၀ကဘီလူးတို့ တရားထူးရရှိမည်ဖြစ်ကြောင်း သိမြင်တော်မူသဖြင့် အာဠာ၀ကဘီလူး၏ ဗိမာန်သို့ကြွရောက် သီတင်းသုံးတော်မူလေသည်။ အာဠာ၀ကဘီလူးသည် ထိုအချိန်၌ ဘီလူးအစည်းအဝေးသို့ သွားခိုက်ဖြစ်၏။ သူ၏တံခါးစောင့် ဂန္ဓဗ္ဗဘီလူးသည် အာဠာ၀ကအား အကြောင်းကြားသဖြင့် သူ၏ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံးနေထိုင်ကြောင်း သိရှိရ၍ အမျက်ဒေါသပြင်းစွာထွက် လေသည်။ အာဠာ၀ကဘီလူးသည် မိမိဗိမာန်သို့ပြန်ကာ မြတ်စွာဘုရားအား လက်နက်အမျိုးမျိုးဖြင့် အစွမ်းကုန်တိုက်ခိုက်လေသည်။ မြတ်စွာဘုရားသည် အာဠာ၀ကဘီလူးကို လက်နက်မပါ၊ မေတ္တာတရားဖြင့် အောင်မြင်တော်

မူလေသည်။ နောက်ဆုံး၌ အာဠဝကဘီလူးသည် မြတ်စွာဘုရားအား "သူဝေိတ္တပုရိသသေဌ" အစရှိသော ပုစ္ဆာများကို မေးလျှောက်သဖြင့် ဘုရားရှင်လည်း ပြန်၍ဖြေကြား၏။ ဒေသနာအဆုံး၌ အာဠဝကဘီလူး သောတာပန်ဖြစ်သည်။ မနက်မိုးလင်းသောအခါ အာဠဝကမင်းသားလေးကို မင်းချင်းများက ခေါ်ဆောင်လာပြီး ဘီလူးလက်သို့ စားရန်ပေးရာ သောတာပန် ဖြစ်ပြီးသောဘီလူးသည် မစားဘဲ မြတ်စွာဘုရားအား မင်းသားလေးကို လှူဒါန်းလိုက်၏။ ဘုရားရှင်လည်း အလှူခံတော်မူပြီး မင်းချင်းတို့လက်သို့ ပြန်ပေးပြီး မွေးမြူစေသည်။ ထိုမင်းသားလေးသည် မင်းချင်းတို့လက်မှ ဘီလူးလက်သို့၊ ဘီလူးလက်မှမြတ်စွာဘုရားလက်သို့၊ မြတ်စွာဘုရားလက်မှ မင်းချင်းတို့လက်သို့ အဆင့်ဆင့်ရောက်ရှိရသဖြင့် ဟတ္ထကအာဠဝက မင်းသားဟုအမည်တွင်၏။ နောင်အခါ၌ ဟတ္ထကအာဠဝက မင်းသားသည် ဥပါသကာငါးရာ အခြံအရံရှိသော အနာဂါမ်ဥပါသကာ တစ်ဦးအဖြစ်သို့ ရောက်ရှိလေ၏။ ဘုရားရှင်သည် ဟတ္ထကအာဠဝကမင်းသားကို ပရိသတ်ကို သင်္ဂဟလေးပါးတို့ဖြင့် ချီးမြှောက်တတ်သော ဥပါသကာတို့တွင် အမြတ်ဆုံး ဧတဒဂ်အရာ၌ ထားတော်မူသည်။ [၁]

---

၁။ သံ ၊ ၄ ၊ ၁ ။ ၂၉၀ ၊ ၃၀၈
အံ ၊ ၄ ၊ ၁ ။ ၂၉၉ ၊ ၃၀၂
သုတ္တနိ ၊ ၄ ၊ ၁ ။ ၂၁၂ ၊ ၂၃၃

# ကက္ကုသန္ဓကနတ်သားနှင့်အင်္ကုရနတ်သား

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းအနီးရှိ ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ သီတင်းသုံးတော်မူစဉ် တစ်ထောင်သော လောကဓာတ်တို့၌ရှိသော နတ်ဗြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာ၍ မြတ်စွာဘုရားရှင်ကို ဆည်းကပ်ကြကုန်၏။ ကက္ကုသန္ဓကနတ်သားသည်လည်း လာခဲ့ပြီးသော် လက်ယာနံပါးဘက်၌ ထိုင်နေ၏။ အင်္ကုရနတ်သားသည် လက်ဝဲနံပါးဘက်၌ ထိုင်နေ၏။

ထိုအင်္ကုရနတ်သားသည် တန်ခိုးကြီးသောနတ်ဗြဟ္မာတို့ စည်းဝေးလာရောက်သည်ရှိသော် နေရာမှတဖြည်းဖြည်း ဖယ်သွား၍ တစ်ဆယ့်ယူဇနာရှိသောအရပ်၌ နေခွင့်ကိုရလေ၏။ ကက္ကုသန္ဓကနတ်သားသည် မိမိထိုင်နေမြဲတိုင်းဖြစ်သော ထိုနေရာ၌သာလျှင် ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုနတ်နှစ်ပါးတို့ကို ကြည့်ရှုတော်မူ၍ မိမိသာသနာတော်၌ အလှူခံထိုက်ကုန်သောပုဂ္ဂိုလ်တို့အား ပေးလှူသော အလှူဒါန၏အကျိုး ကြီးမြတ်ပုံကို သိစေလိုသောကြောင့် အချင်းအင်္ကုရ- အသင်သည် ကြာရှည်စွာသော ကဿပမြတ်စွာဘုရား သာသနာတော်နှင့် ငါဘုရားသာသနာတော်ကြား သာသနာပကာလ၌ အနှစ်တစ်သောင်းကာလပတ်လုံး ကြီးစွာသောအလှူကို ပေးအပ်၏။ ဤယခုအခါ၌ ငါဘုရားရှင်၏အစည်းအဝေးသို့ လာရောက်

သည်ရှိသော် တစ်ဆယ့်နှစ်ယူဇနာ ဝေးသောနေရာ၌ နေခွင့်ကိုရ၏။ ဤအရာ၌အကြောင်းသည် ဘယ်သို့နည်းဟု မိန့်တော်မူ၏။ ထိုမိန့်တော်မူသောအသံတော်သည် မြေအပြင်သို့ ရောက်လေ၏။ အလုံးစုံကုန်သော ပရိသတ်တို့သည် ထိုစကားတော်ကို ကြားနာရကုန်၏။ အင်္ကုရနတ်သားသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အလှူခံပုဂ္ဂိုလ်မရှိဘဲ ကြီးကျယ်များပြားစွာလှူအပ်သော အလှူဒါနဖြင့် အဘယ်မှာလျှင် အကျိုးများနိုင်ပါအံ့နည်း။ ဤဣန္ဒကနတ်သားသည် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်အား အနည်းငယ်မျှသော ဒါနကို ပေးလှူခဲ့၍ တပည့်တော် တိုးတက်ထွန်းလင်းတင့်တယ်ပေ၏ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဣန္ဒကနတ်သားကို အချင်းဣန္ဒကနတ်သား၊ သင်သည် ငါဘုရားရှင်၏ လက်ယာနံပါး၌ ထိုင်နေလျက် အရပ်တစ်ပါးသို့ ဖယ်ခွာမသွားရဘဲ အဘယ်ကြောင့် ထိုင်နေခြင်းငှာ စွမ်းနိုင်သနည်းဟု မေးတော်မူ၏။ ဣန္ဒကနတ်သားက ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ကောင်းသောလယ်မြေ၌ အနည်းငယ်မျှသောမျိုးစေ့ကို စိုက်ပျိုးမိသော လယ်လုပ်ယောကျ်ားကဲ့သို့ သီလရှိသော ပုဂ္ဂိုလ်၊ ဂုဏ်ကျေးဇူးရှိသော ပုဂ္ဂိုလ်တို့၌ ပြုအပ်သော ကုသိုလ်ကောင်းမှု အနည်းငယ်သည် အကျိုးများများ ပေးနိုင်၏။ ဤကောင်းမှုကား ရွာအတွင်းသို့ ဆွမ်းခံရန်ကြွလာသော အနုရုဒ္ဓါမထေရ်အား မိမိစားရန်အလို့ငှာ ယူလာသော ထမင်း တစ်ယောက်ချိုမျှသောဆွမ်းကို ပေးလှူ၏။ ထိုကောင်းမှုသည်

အနှစ်တစ်သောင်းကာလပတ်လုံး လှူသော အင်္ကုရနတ်သား၏ဒါနထက် အကျိုးကြီးမြတ်သည်ဖြစ်၏ဟု လျှောက်ထားလေ၏။

ဤသို့လျှောက်သည်ရှိသော် ဘုရားရှင်က အချင်းအင်္ကုရနတ်သား အလှူဒါနသည် ရွေးချယ်စိစစ်၍ ပေးလှူခြင်းငှာအပ်၏။ ဤသို့ရွေးချယ် ပေးလှူသောကောင်းမှုသည် လယ်မြေတို့၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ အကျိုးကြီးမြတ်သည်ဖြစ်၏။ အသင်သည်ကား ထိုသို့သောအခြင်းအရာဖြင့် ရွေးချယ်စိစစ်ခြင်းကိုမပြု။ ထို့ကြောင့် အသင်လှူအပ်သောဒါနသည် အကျိုး ကြီးမြတ်ခြင်းမဖြစ်ပေဟု မိန့်တော်မူ၏။

ဤသို့သော ဓမ္မဒေသနာကို ဟောကြားတော်မူသည့်အပြင် တဏှာဝဂ်လေးဂါထာကို မိန့်တော်မူ၏။ ဒေသနာအဆုံး၌ အင်္ကုရနတ်သား၊ ဣန္ဒကနတ်သား နှစ်ပါးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူအပ်သော ဒေသနာတော်သည် လူအပေါင်းအားလည်း အကျိုးများသော ဓမ္မဒေသနာဖြစ်ပေ၏။ [၁]

---

၁။ မဟာဗုဒ္ဓဝင် – တ–တွဲ ၊ ၅၄၀ – ၅၄၁။
ဓမ္မ ၊ ၄ ၊ ၂ ၊ ၁၄၂ – ၃။

# ဧရကပတ္တနဂါးမင်း

မြတ်စွာဘုရားရှင်သည် ဗာရာဏသီမြို့ကို အမှီပြုရန် ခုနစ်ပင်သော ကုက္ကိုပင်အစုတို့၏အရင်း၌ သီတင်းသုံးနေတော်မူစဉ် ဧရကပတ္တမည်သော နဂါးမင်းကိုအကြောင်းပြု၍ ကိစ္ဆောမနုဿပဋိလာဘော အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။

ထိုနဂါးမင်းသည် ကဿပဘုရားရှင်လက်ထက် ရဟန်းငယ် တစ်ပါးဖြစ်၍ ဂင်္ဂါမြစ်၌ လှေစီး၍သွားသော် တစ်ခုသောပိန်းမြက်ချုံရှိ တစ်ခုသော ပိန်းရွက်ကို လက်ဖြင့်ကိုင်ဆွဲမိလေ၍ လှေသည်အဟုန်ဖြင့် သွားသော်လည်း မလွှတ်ဘဲနေသဖြင့် ထိုပိန်းရွက် ပြတ်တောက်၍ သွားလေသည်။ ထိုရဟန်းငယ်သည် ဤအာပတ်အပြစ်သည် အနည်းငယ် မျှဟုအောက်မေ့၍ ဒေသနာ မကြားဘဲ အနှစ်နှစ်သောင်းတို့ကာလပတ်လုံး တောကြီးအတွင်း၌ ရဟန်းတရားကို ပွားများသော်လည်း သေခါနီးကာလ ပိန်းရွက်ဖြင့်လည်၌ ရစ်ပတ် ဆွဲယူသကဲ့သို့ထင်မြင်လာ၍ အာပတ်ကို ဒေသနာကြားခြင်းငှာ အလိုရှိသော်လည်း ဒေသနာခံယူတတ်သော ရဟန်းကိုမတွေ့ရ၍ ငါ၏သီလသည် မစင်ကြယ်လေစွတကားဟု နှလုံးမသာယာလျက် ထိုရဟန်းဘဝမှ သေလွန်သော် သစ်တစ်ပင်ကို လုံးချင်းထွင်းသော လှေပမာဏရှိသော ဧရကပတ္တနဂါးမင်းသည်ဖြစ်၏။

ထိုဧရကပတ္တနဂါးမင်းသည် နဂါးဘဝဖြင့် ရသောခဏ္ဍပင် မိမိခန္ဓာကိုယ်ကို ကြည့်၍ ကာလကြာစွာ ရဟန်းတရား အားထုတ်ခဲ့ပါလျက် ဖားစိမ်းငါးစိမ်း စားရသော အဟိတ်တိရစ္ဆာန်မျိုး၌ ဖြစ်ရလေ၏ဟု နှလုံးမသာမယာဖြစ်၏။

နဂါးမင်းသည် နောင်အဖို့၌ သမီးတစ်ယောက်ရ၏။ ထိုနဂါးမင်းသည် ဤအရပ်ဌာန၌ မြတ်စွာဘုရား ပွင့်တော်မူသည်ကို ဥပါယ်တံမျဉ်ဖြင့် ကြားသိလိမ့်မည်ဟု အကြံဖြစ်လျက် ဂင်္ဂါမြစ်အလယ် ရေပြင်ထက်၌ ကြီးစွာသော ပါးပျဉ်းကို ပင့်ချီလျက်၊ မိမိ၏သမီးကို ထိုပါးပျဉ်းထက်၌ထားပြီး ကပြလျက် သာယာစွာသီဆိုစေသည်။ အကြင်သူသည် ဤသီချင်း အဖြေကိုသိအံ့။ ထိုသူအား နဂါးမင်းစည်းစိမ်နှင့်တကွ သမီးကို ပေးအံ့ဟု ကြေညာ၍ လခွဲတိုင်း ဥပုသ်နေ့၌ ထိုသမီးငယ်ကို ကြီးကျယ်ဖြန့်ခင်း ပါးပျဉ်းထက်၌ တင်ထားလေ၏။ ထိုနဂါးမက ပါးပျဉ်းထက်၌ရပ်တည် ကပြလျက် ကိသုံအဓိပ္ပတိရာဇာအစရှိသော "အဘယ်အရာကိုအစိုးရသူသည် ဘုရင်ဖြစ်သနည်း။ ထိုဘုရင်သည် အဘယ်သို့လျှင်တိုင်းပြည်ကို အစိုးရ သနည်း။ အဘယ်သို့လျှင် မြူကင်းသူ ဖြစ်ပါသနည်း၊ အဘယ်သို့လျှင် လူမိုက်ဟု ဆိုအပ်ပါသနည်း"ဟု သည်ဆို၏။

ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောလူတို့သည် နဂါးမငယ်ကို ဆောင်ယူမည်ဟု စိတ်ထားဖြင့်သွားရောက်၍ အဖြေသီချင်း သီဆို လာကြသော ထိုလူအပေါင်းကို ပယ်ချလေ၏။ ထိုနဂါးမငယ်၏ လခွဲတိုင်း သီဆိုလျက်သာလျှင် တစ်ဆူသောဘုရားရှင်၏ အကြားကို ကျော်လွန်လေ၏။

ထို့နောက် ဂေါတမဘုရားရှင်ပွင့်တော်မူ၍ လောကကို ကြည့်တော်မူသော် ဤနေ့သည် ဧရကပတ္တနဂါးမင်း၏သမီး ကခုန်ပြသသော နေ့ဖြစ်၍ နဂါးမင်းကိုအစပြု၍ ဥတ္တရလုလင်သည် ငါဘုရားပေးသနားသော အဖြေသီချင်းကို သင်ယူ၍ သွားရောက်လတ္တံ့၊ နဂါးမင်း ထိုသီချင်းသံ ကြားသော် ဘုရားပွင့်တော်မူသည်ကိုသိ၍ ငါ့ထံလာရောက်လတ္တံ့။

နဂါးမင်းကို အကြောင်းပြု၍ တရားဂါထာဒေသနာ ဟောကြားအံ့၊ ထိုတရားတော်အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့ သစ္စာလေးပါးကိုသိမြင် အကျွတ်တရားရလတ္တံ့ဟု မြင်တော်မူ၏။

ထို့ကြောင့် ဘုရားရှင်သည် ထိုအရပ်ဌာနသို့ ကြွတော်မူ၍ ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ ကုက္ကိုပင် ခုနစ်ပင်အနက် တစ်ပင်၏အရင်း၌ စံတော်မူ၏။

ဇမ္ဗူဒိပ်ကျွန်း၌ နေသောလူတို့သည် အဖြေသီချင်းကို ယူလို၍ စုဝေးကြကုန်၏။ မြတ်စွာဘုရားအနီး လမ်းမ၌သွားသော ဥတ္တရလုလင်ကို မြတ်စွာဘုရားမြင်တော်မူ၍ လာခဲ့လော့ဟုမိန့်တော်မူ၍ ဘယ်သို့သွားပါအံ့ဟု မေးသော် နဂါးမထံ သွားရောက်အဖြေ ဆိုမည်ဟုလျှောက်ထား၏။ ဘုရားရှင်သည် လုလင်အား သူသိသောသီချင်းကို ဖြေဆိုခိုင်း၏။ ဥတ္တရလုလင်၏ အဖြေသည်လည်း နဂါးမလိုချင်သော အဖြေမဟုတ်။ ငါဘုရား- သင်အား အဖြေသီချင်းပေးသနားအံ့ဟု ကိံသုံအဓိပ္ပတိရာဇ အစရှိသော ဂါထာနှစ်ဂါထာကို နဂါးမသီဆိုသောကာလ၌ အသင်က

"ဆဒ္ဒါရာဓိပ္ပတိရာဇအစရှိသော ဒွါရခြောက်ပါး အစိုးရသောသူသည် ဘုရင်ဖြစ်၏။ အာရုံခြောက်ပါး၌ ငြိကပ်သူသည် အာရုံခြောက်ပါး တည်းဟူသော နိုင်ငံကို အုပ်စိုးသူဖြစ်၏။ တပ်မက်မှုမရှိသူသည် ကိလေမြူ ကင်းသူဖြစ်၏။ တပ်မက်သူသည် ဗာလလူမိုက်ဟုဆိုအပ်၏ အစရှိသဖြင့် အဖြေဝိသဇ္ဇနာ သီချင်းတုံ့နှစ်ဂါထာ သင်ကြားပေးတော်မူ၏။

ထိုအခါ ဥတ္တရလုလင် သောတာပန်တည်၍ နဂါးမထံ သွားရောက်သီဆိုသော် ဧရကပတ္တနဂါးမင်းသည် ဥတ္တရလုလင် အဖြေ ဂါထာတရားတော်ကို နာကြားရ၍ လောက၌ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ပွင့်တော်မူပြီဟု ဥဒါန်းကျူးလျက် နှစ်သက်သောစိတ်ဖြင့် အမြီးဖြင့် ရေကိုရိုက်ခတ်ရာ လှိုင်းတံပိုးကြီးစွာထ၍ ဂင်္ဂါမြစ်၏ကမ်းနှစ်ဖက် ပြိုကွဲပြီး လူတို့ရေဖြင့်လွှမ်းမိုး နစ်မြုပ်ကုန်၏။ ဧရကပတ္တနဂါးမင်းသည် နစ်မြုပ်နေသော လူအပေါင်းတို့အား ပါးပျဉ်းထက်၌ တင်ထားမြှောက်ယူပြီး ကုန်းထက်၌ တည်၏။ ဧရကပတ္တနဂါးမင်းသည် ဥတ္တရလုလင်နှင့်အတူ မြတ်စွာဘုရားအား သွားရောက်ဖူးမြော်၏။ မြတ်စွာဘုရားအား တပည့်တော်သည် အရှင်ကဲ့ သို့သောမြတ်စွာဘုရား၏ တပည့်သားဖြစ်၍ အနှစ်-နှစ်သောင်း တရား အားထုတ်ခဲ့သော်လည်း အနည်းငယ်သော ပိန်းရွက်ဖြတ်ခြင်းအပြစ်ကိုမှီ၍ အဟိတ်ပဋိသန္ဓေနေပြီး ရင်ဖြင့်သွားလာရသော ဒုဂ္ဂတိဘဝဖြစ်၍ သူတော်ကောင်းတရားကြားနာခြင်း၊ သူတော်ကောင်းဖူးမြင်ခြင်း အခွင့်မရခဲ့၍ ငိုကြွေးမိ၏ဟု လျှောက်တင်၏။

ဘုရားရှင်သည် "ကိစ္ဆောမနုဿပဋိလာဘော" အစရှိသော ခဲယဉ်းခြင်းအကြောင်း တရားဒေသနာတော်ကို ဟောကြားသော် တရားအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သောသတ္တဝါတို့ သစ္စာလေးပါး တရားပိုင်းခြားသိမြင်၍ အကျွတ်တရားရလေ၏။

ဧရကပတ္တနဂါးမင်းသည်လည်း တိဟိတ်ပဋိသန္ဓေတည်သူ ပုဂ္ဂိုလ် အကယ်၍ဖြစ်သော်လည်း တရားတော်အဆုံး၌ သောတာပတ္တိဖိုလ်ကိုရလေ၏။ ဒုဂ္ဂတိအဟိတ်တိရစ္ဆာန် သတ္တဝါဖြစ်သောကြောင့် မဂ်ဖိုလ်မရရှိသော်လည်း နဂါးဘဝ၌ ဖြစ်ကြရသောသူတို့သည် ကြီးစွာသောတန်ခိုးဖြင့် အမျိုးမျိုး ဖန်ဆင်းစေနိုင်မူ ပဋိသန္ဓေရသောအခါ၊ အရေလဲသောအခါ၊ စိတ်ချလက်ချ အိပ်ပျော်သောအခါ၊ ဇာတ်တူနဂါးမင်း၌ မေထုန်မှီဝဲသောအခါ၊ စုတေ သောအခါစသည့် ငါးပါးသောအရာဌာနတို့၌ နဂါး၏ပင်ကို ရုပ်သွင်ကို သယ်ဆောင်သွားလာ ပျော်ပါးရသောကြောင့် ပင်ပန်းကြကုန်၏။ ဧရကပတ္တ နဂါးမင်းသည် ထိုငါးပါးသော အရာဌာနတို့၌ တစ်စုံတစ်ရာမျှ ပင်ပန်းခြင်း မရှိဘဲ လုလင်အသွင်ဖြင့် တင့်တယ်ဆင်ယင်၍ ပျော်ရွှင်လှည့်လည်ခြင်းငှာ ရလေ၏။[၁]

---

၁။ ဓမ္မ၊ ၄ ၊ ၂ ၊ ၁၄၉-၁၅၂

# ကက္ကဋကရသနတ်သား

ထိုနတ်သားဗိမာန်သည် (၁၂) ယူဇနာရှိ၍ တိုင်တို့သည်ပတ္တမြား စီခြယ်ထားပါသည်။ ဘုံဗိမာန်အခန်းတို့၌ရှိသော အထွတ်ဘုံဆောင် (၇၀၀)တို့သည် ကြောင်မျက်ရွဲတို့ဖြင့်ပြီး၏။ ဗိမာန်၏ တံခါးဝ၌ ရေးက ပြုဖူးသော ကုသိုလ်ကောင်းမှုကြောင့် ပုလဲဆိုင်းဖြင့် ဆွဲထားသော ရွှေပုစွန်လုံးရုပ် ပါရှိပါ၏။ ထိုပုစွန်လုံးရုပ် တည်ရှိနေသောကြောင့် ထိုဗိမာန်ကို ရွှေပုစွန်ဗိမာန် ဟူ၍လည်းကောင်း၊ ထိုနတ်သားကို ရွှေပုစွန်နတ်သား ဟူ၍လည်းကောင်း ခေါ်ပါ၏။ ထိုပုစွန်လုံးဟင်းနှင့် ဆွမ်းလှူဒါန်းရသော ကုသိုလ်ကြောင့် အရောင်အဆင်း လှပခြင်း၊ ချမ်းသာကောင်းကျိုးနှင့် ပြည့်စုံခြင်း၊ နှစ်သက်ဖွယ် စည်းစိမ်တို့ ဖြစ်ပေါ်လာခြင်း၊ တန်ခိုးအာနုဘော် ကြီးမားခြင်း၊ အလုံးစုံသော အရပ်မျက်နှာတို့၌ အရောင်အဆင်း တောက်ပခြင်းတို့ ဖြစ်လေသည်။

ထိုနတ်သားသည် ဂေါတမဘုရားလက်ထက်တွင် လယ်စောင့် ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဘုရားရှင်ဝေဠုဝန်ကျောင်းတော်တွင် သီတင်း သုံးစဉ်အခါ မထင်ရှားသော ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းတရား အားထုတ် နေစဉ် နားကိုက်သောဝေဒနာ နှိပ်စက်ခြင်းခံရခဲ့ပါသည်။ ထို့ကြောင့် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရန်လည်း မစွမ်းနိုင်ခဲ့ပေ။ ဆေးဆရာတို့

စီမံဖော်စပ်ပေးသည့် ဆေးဖြင့်ကုသော်လည်း ရောဂါမပျောက်ကင်းပေ။ ထိုရဟန်းသည် ဘုရားရှင်အား အကြောင်းစုံကို လျှောက်ထားသောအခါ ဘုရားရှင်က "ပုစွန်လုံးဖြင့် ရောချက်ထားသော ဘောဇဉ်သည် သင့်တင့်၏" ဟုသိမြင်တော်မူ၍ "ချစ်သားရဟန်း- သင်သည် ဆွမ်းအလို့ငှာ မဂဓ လယ်ပြင်သို့သွားချေလော့"ဟု မိန့်တော်မူပါသည်။ ထိုအခါ ရဟန်းလည်း "ကောင်းပါပြီ"ဟုဝန်ခံ၍ သပိတ်သင်္ကန်းတို့ယူကာ မဂဓလယ်ပြင်သို့ ကြွခဲ့ပါသည်။ လယ်သို့ရောက်သော် လယ်စောင့်တဲတစ်လုံးရှေ့၌ ဆွမ်းအလို့ငှာ ရပ်ပါသည်။ ထိုတဲမှ လယ်စောင့်ယောကျ်ားသည် ပုစွန်လုံးဟင်းကို စီမံချက်ပြုတ်ပြီး စားအံ့ဟု အမောဖြေနေစဉ် ဆွမ်းခံကြွလာသောမထေရ်ကို မြင်ခဲ့ပါသည်။ ထို့ကြောင့် တဲအတွင်းပင့်ကာ ပုစွန်လုံးဖြင့် စီမံထားသော ဆွမ်းကို လောင်းလှူခဲ့ပါသည်။ မထေရ်လည်း ထိုဆွမ်းအနည်းငယ်ကို ဘုဉ်းပေး နေဆဲတွင်ပင် ဝိပဿနာကမ္မဋ္ဌာန်းကို ဆင်ခြင်သော် ထိုဆွမ်းဘုဉ်းပေး၍ မပြီးဆုံးမီပင် ရဟန္တာအဖြစ်သို့ ရောက်ပါသည်။ လယ်စောင့်ယောကျ်ားအားလည်း "မိမိကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်သကဲ့သို့ ဆင်းရဲလွတ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြစ်ပါစေ"ဟု မိန့်တော်မူပြီး ကြွသွားတော်မူ ပါသည်။ လယ်စောင့်ယောကျ်ားလည်း မိမိလှူဒါန်းလိုက်သော ကုသိုလ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်၍ နောင်အခါစုတေသော် တာဝတိံသာနတ်ပြည်၌ ကက္ကဋကရနတ်သား ဖြစ်လာရလေသည်။[၁]

---

၁။ ဝိမာန ၊ ၄ ၊ ၂၂၅ - ၂၂၇။

-၂၄-

# ကာဠနဂါးမင်း

ဘုရားအလောင်းတော်သည် သုဇာတာကပ်လှူသော နို့ဆွမ်းကို ဘုဉ်းပေးပြီးနောက် နို့ဆွမ်းထည့်သောရွှေခွက်ကို အဓိဋ္ဌာန်၍ နေရဉ္ဇရာမြစ်၌ မျှောလေသည်။ ရွှေခွက်သည် အတောင်ရှစ်ဆယ်မျှရေညာသို့ ဆန်တက်ပြီး နစ်မြုပ်ရာ ကာဠနဂါးဗိမာန်ရှိ ရှေးဘုရား သုံးဆူတို့၏ ရွှေခွက်တို့နှင့် ခတ်မိသဖြင့် "ယမန်နေ့ကပင် ဘုရားတစ်ဆူ ပွင့်သည်၊ ယနေ့တစ်ဆူ ပွင့်ပြန်ချေပြီတကား"ဟု ကာဠနဂါးမင်းသည် ပုဒ်ပေါင်းများစွာဖြင့် ဘုရားရှင်၏ဂုဏ်ကို ချီးကျူးလေသည်။[၁]

ဘုရားရှင်၏ ဗောဓိပင်နှင့် ရွှေပလ္လင်ကိုလုရန်၊ မာရ်နတ်လာသောအခါ ကာဠနဂါးမင်းသည် ကချေသည်အပေါင်းကို စွန့်လွှတ်ထားခဲ့ကာ ယူဇနာငါးရာကျယ်သော "မဉ္ဇေရိက" နဂါးပြည်သို့ ပြန်သွား၍ မျက်နှာကို လက်ဖြင့်ပိတ်ပြီး အိပ်သည်ဟုဆိုသည်။[၂]

သီရိခမ္ဘာသောကမင်းသည် တစ်ကမ္ဘာအသက်ရှည်၍ ကကုသန်စသောဘုရားလေးဆူကို ဖူးမြင်ဖူးသော ကာဠနဂါးမင်းကိုခေါ်ပြီး ဘုရားရှင်အသွင်သဏ္ဌာန် ဖန်ဆင်းစေ၍ ခုနစ်ရက်ပတ်လုံး "အက္ခိပူဇာသဘင်" ဆင်ယင်ကျင်းပသည်။[၃]

---

၁။ အပ ၊ ၄ ၊ ၁ ၊ ၈၄ ဇာ ၊ ၄ ၊ ၁ ၊ ၈၂
၂။ ဗုဒ္ဓဝံ ၊ ၄ ၊ ၃၃၈
၃။ ဝိ ၊ ၄ ၊ ၁ ၊ ၃၃

# ကာဠီဘီလူးမ

ကာဠီဘီလူးမကား အတိတ်ဘဝများတွင် ရန်ငြိုးအာဃာတ ကြီးမားလှသောကြောင့် ဂလဲ့စားချေလိုစိတ်ဖြင့် အကြိမ်ကြိမ်ဆုတောင်းပြီး ဘုရားရှင်အား ကိုယ်တိုင်ဖူးတွေ့ရသောအခါတွင်မှ အကျွတ်တရားရရှိကာ သောတာပန်ဘဝသို့ ရောက်ရှိသွားရသည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။

ရှေးအခါက အိန္ဒိယပြည်တွင် သူကြွယ်တစ်ဦး၏သားသည် ဖခင်ကွယ်လွန်သောအခါ အိမ်မှုကိစ္စအဝဝနှင့် စီးပွားရေးလုပ်ငန်းတို့ကို ကွပ်ကဲဆောင်ရွက်ရသောကြောင့် မိခင်ဖြစ်သူက သား၏ပင်ပန်းမှုကို မရှုစိမ့်နိုင်၍ မြန်မြန်အိမ်ထောင်ပြုရန် တိုက်တွန်းလေ၏။ မိခင်ဆန္ဒအရ ပြုလိုက်သော အိမ်ထောင်ရှင်အမျိုးသမီးမှာ အမြုံမဖြစ်နေ၍ ကလေး မထွန်းကားခဲ့ပေ။ မိခင်က “သားသမီးမထွန်းကားက မျိုးဆက်ပြတ်အံ့”ဟု နောက်အိမ်ထောင် ပြုခိုင်းပြန်လေသည်။ သားတို့သည် မိဘတို့၏စကားကို လွန်ဆန်ခြင်းငှာ မတတ်နိုင်ကုန်ဟု ထိုမိန်းမမြုံက တွေးဆဆင်ခြင်၍ ကိုယ်တိုင်ပင် အမျိုးသမီးငယ်တစ်ဦးထံသို့ချဉ်းကပ်ပြီး ဆောင်နှင်းထိမ်းမြား စေခဲ့၏။ ထိုအမျိုးသမီးငယ်၏ အမျိုးတို့အားလည်း မိမိမှာသားသမီး မထွန်းကားသောကြောင့် ယခုကဲ့သို့စီမံအပ်နှင်းရကြောင်းလည်း ရှင်းလင်း သိသာစေခဲ့သည်။ အမှန်တကယ် အမျိုးသမီးငယ်၌ ကိုယ်ဝန်တည်

သောအခါတွင်မူ ကိုယ်ဝန်ကျဆေးကို တိုက်ကျွေးကာ ပျက်ကျစေခဲ့သည်။ ဤသို့ဖြင့် နှစ်ကြိမ်ကိုယ်ဝန်ပျက်ခဲ့၏။ သုံးကြိမ်မြောက်တွင် အိမ်နီးချင်းတို့ သိရှိကြကာ မိန်းမမြို၏အကြံအစည်ကို ပြောကြားကာ သတိပေးခဲ့ကြ၏။ သုံးကြိမ်မြောက်ကိုယ်ဝန်တွင် ကိုယ်ဝန်ရှိကြောင်း မပြောတော့ချေ။ သို့သော်လည်း မိန်းမမြိုသည် အခါအခွင့်ရလျှင်ရချင်း ဆေးခတ်၍ကိုယ်ဝန် လျှောကျပျက်စီးစေပြန်သည်။ ထိုအခါ သတို့သမီးက သေအံ့ဆဲဆဲ၌ "အသင်သည် ငါ့ကိုဆောင်ယူလာပြီး သင်သည်ပင် သုံးကြိမ်တိုင်တိုင် ငါ၏ကိုယ်ဝန် ပျက်စီးစေခဲ့ပြီ၊ ငါသေလွန်က ဘီလူးမဖြစ်၍ သင်၏သားသမီး တို့ကိုစားနိုင်သည့်ကိုယ် ဖြစ်ရပါလို၏"ဟု ဆုတောင်းသေလွန်ကာ ထိုအိမ်မှာပင် ကြောင်မဖြစ်လေ၏။

အကြောင်းစုံကို သိသောသူကြွယ်၏သားက မိန်းမမြိုကို ဖမ်းဆီး တုတ်နှောင်၍ "သင်သည် ငါ၏မျိုးဆက်တို့ကိုပျက်စီးစေ၏"ဟု ဒေါသဖြင့် ပြင်းထန်စွာ ထုထောင်းရိုက်နှက်ရာ မိန်းမမြိုသည်ထိုဒဏ်ရာဖြင့် ထိုအိမ်မှာပင် ကြက်မဖြစ်လေ၏။ ကြောင်မသည် ကြက်မ၏ဥတို့ကို လာစား၍ သုံးကြိမ်မြောက်သောအခါ ကြက်မက "ငါသေလွန်သောအခါ သားသမီးနှင့် တကွ ထိုကြောင်မကို စားနိုင်ပါလို၏"ဟု ဆုတောင်း၍ သေလွန်သော် သစ်မဖြစ်၏။ ကြောင်မသည်ကား သမင်မဖြစ်၏။ သမင်မသားမွေးသောအခါ သစ်မသည် သုံးကြိမ်တိုင် သားတို့ကို လာစားလေ၏။ သမင်မသည် သေခါနီး၌ "ငါသေလွန်သောအခါ ထိုသစ်မကို သားနှင့်တကွစားရပါလို၏"

ဟုဆုတောင်း၍ သေလွန်သောအခါ ဘီလူးမဖြစ်လေ၏။ သစ်မကား သေလွန်သော် သာဝတ္ထိ၌လူ့ဘဝကိုရရှိ၍ အမျိုးသမီးငယ်ဘဝ၌ဖြစ်လေ၏။ အရွယ်ရောက်သော် အိမ်ထောင်ပြု၍ မီးဖွားပြီးကာလတွင်ပင် သားကို ဘီးလူးမသည် နှစ်ကြိမ်တိုင် လာစားခဲ့၏။ သုံးကြိမ်မြောက် သားဖွားအံ့ ရှိသောအခါ ဘီလူးမ မသိအောင် အဝေးအရပ်ရှိခင်ပွန်းသည်၏ အမျိုးအိမ်သို့ သွားကြလေ၏။ ဘီလူးမသည် ထိုစဉ်အခါက ဝေဿဝဏ်နတ်မင်းကြီးအား ရေပို့ဆောင်ရသောအလှည့်ကျသဖြင့် လေးလမျှ ပင်ပန်းကြီးစွာပို့ဆောင်နေခဲ့ ရသည်။ တာဝန်ပြီးဆုံး၍ အမျိုးသမီးငယ်၏သားကိုစားအံ့ဟု ကြံသောအခါ အမျိုးအိမ်သို့သွား၍ မီးဖွားကြောင်းသိ၍ အဟုန်ဖြင့်လိုက်လေ၏။ ထိုစဉ်က ဇနီးမောင်နှံနှင့်သားငယ်တို့သည် ဘုရားရှင်သီတင်းသုံးရာ ဇေတဝန် ကျောင်းတော်အနီးရှိရေကန်၌ ရေချိုးခိုက်နှင့်ကြုံလေ၏။ ခင်ပွန်းသည်က ရေချိုးဆဲ၊ သတို့သမီးငယ်က ကလေးနို့တိုက်နေဆဲ ပြေးလာသောဘီလူးမကို မြင်သောကြောင့် ဘုရားရှင်ရှိရာကျောင်းတော်သို့ ပြေးဝင်ကြလေ၏။

ထိုစဉ်က ဘုရားရှင်သည် ပရိသတ်အလယ်၌ တရားဟောကြား နေတော်မူလေ၏။ ကလေးငယ်ကို ဘုရားရှင်၏ခြေတော်ရင်းအပြင်၌ ချထား၍ "ဤသူငယ်ကိုလှူပါ၏။ သားငယ်၏ဇီဝိတိန္ဒြေဟု ဆိုအပ်သောအသက်ကို ကယ်မသနားတော်မူပါဘုရား"ဟု လျှောက်ထား၏။ တံခါးမှုခ်၌စောင့်နေသော သုမနနတ်သည် ကာဠီဘီလူးမအား ကျောင်းတွင်းသို့ ဝင်ခွင့်မပေး။ ဘုရားရှင်က အရှင်အာနန္ဒာအား ခေါ်ခိုင်းသောအခါမှ ဘီလူးမဝင်ခွင့်ရလေ၏။

ဘီလူးမ ရောက်လာသောအခါ “အဘယ်ကြောင့် ဤကဲ့သို့သော အမှုကို ပြုသနည်း။ အသင်တို့သည် ငါကဲ့သို့သော မြတ်စွာဘုရားသခင်မျက်မှောက်သို့ မရောက်ခဲ့သည်ဖြစ်အံ့၊ မြွေနှင့်မြွေပါကဲ့သို့လည်းကောင်း၊ ဝံနှင့်ကြို့ပင်စောင့်နတ်ကဲ့သို့လည်းကောင်း၊ ကျီးနှင့်ခင်ပုပ်ငှက်ကဲ့သို့လည်းကောင်း ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ငြိုးဖွဲ့ခြင်းတို့ဖြစ်ကုန်ရာ၏။ အဘယ်ကြောင့် ရန်တုံ့မူခြင်း ပြုကြသနည်း။ ရန်တို့မည်သည်ကား ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏။ ရန်တုံ့မူသဖြင့် ရန်ခပ်သိမ်းတို့ မငြိမ်းပျောက်ကုန်။ ရန်တုံ့မူသဖြင့် ရန်ခပ်သိမ်းတို့ မငြိမ်းပျောက်သည်သာလျှင်တည်းဟု အကျယ်တဝင့် ဒေသနာတော်ကို ဟောကြားတော်မူရာ အဆုံး၌ ကာဠီဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

# ကုဏ္ဍလီနတ်သား

ကုဏ္ဍလီနတ်သားသည် တာဝတိံသာနတ်ပြည်၌ (၁၂) ယူဇနာရှိသော ဗိမာန်ရှင်နတ်သားဖြစ်၏။ နတ်၌ဖြစ်သော အဝတ်တန်ဆာကို ကောင်းစွာဝတ်ဆင်လျက် လက်ဝတ်ရတနာအဖြာဖြာတို့ဖြင့် ပြည့်စုံစွာဆင်မြန်းရ၏။ အခြံအရံနတ်သမီးကညာများစွာရှိ၍ လမင်းကဲ့သို့ထွန်းတောက်သောအရောင်ရှိ၏။ ပတ္တမြားနားဋောင်းကို ထူးထူးကဲကဲ ဝတ်ဆင်ထားသောကြောင့် "ကုဏ္ဍလီနတ်သား" ဟုခေါ်တွင်၏။

ထိုနတ်သားသည် ဂေါတမဘုရားရှင်လက်ထက် ဥပသကာတစ်ဦးဖြစ်ပြီး ဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေစဉ် အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလ္လာန် အဂ္ဂသာဝကရဟန်းနှစ်ပါးတို့သည် တပည့်ပရိသတ်အခြံအရံနှင့်တကွ ကာသိတိုင်းသို့ ဒေသစာရီကြွချီခဲ့ရာ နေဝင်ချိန်၌ ကျောင်းတိုက်တစ်ခုသို့ ရောက်တော်မူခဲ့ကြ၏။ ကျောင်းတိုက်ရှိ သံဃာတော်များ ဆွမ်းခံကြွလေ့ရှိသောရွာမှ ဥပသကာတစ်ဦးသည် ထိုအကြောင်းကိုကြားသော် ကျောင်းတိုက်သို့လာ၍ မထေရ်မြတ်တို့အားချဉ်းကပ်ကာ ရှိခိုးပြီး ခြေဆေးရေ၊ ခြေနယ်ဆီ၊ ခုတင်၊ ညောင်စောင်း၊ အိပ်ရာခင်း၊ အိပ်ရာလွှမ်း၊ မီးထွန်းစရာတို့ကို ဆောင်ယူကာ လှူဒါန်းလေ၏။ နောက်တစ်နေ့အတွက်လည်း ဆွမ်းပင့်ဖိတ်၍ နံနက်မိုးသောက်သော်

အလှူကြီးပေးခဲ့၏။ အဂ္ဂသာဝကနှစ်ပါးတို့လည်း ဥပသကာအား အနုမောဒနာပြုပြီး ကြွသွားတော်မူခဲ့၏။ ထိုဥပသကာ သေလွန်သော် ကုက္ကုလီနတ်သားအဖြစ်သို့ ရောက်ပါသည်။[၁]

---

၁။ ဝိမာန ၊ ဋ္ဌ၊ ၂၇၅-၇၇

# စဏ္ဍာလီနတ်သမီး

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေစဉ် နံနက်မိုးသောက်အခါ၌ မဟာကရုဏာသမာပတ်ကို ဝင်စားရာမှထ၍ လောကကို ကြည့်ရှုတော်မူရာ ထိုရာဇဂြိုဟ်မြို့၌ စဏ္ဍာလတင်းကုတ်၌ နေသော သက်တမ်းကုန် (သေချိန်နီး)နေသည့် စဏ္ဍာလီမည်သောအမယ်အို ကိုလည်းကောင်း၊ ထိုစဏ္ဍာလီအမယ်အို၏ ငရဲ၌ဖြစ်မည့် ကာလသည် နီးကပ်နေသည်ကိုလည်းကောင်း မြင်တော်မူလေ၏။ မြတ်စွာဘုရားရှင်သည် မဟာကရုဏာဖြစ်တော်မူ၍ နတ်ပြည်၌ ဖြစ်လတ္တံ့သောကံကိုဖြစ်စေ၍ ထိုအမယ်အိုအား ငရဲ၌ဖြစ်ခြင်းကို တားမြစ်စေအံ့”ဟု ကြံစည်တော်မူ၍ များစွာသောရဟန်းသံဃာအပေါင်းနှင့်တကွ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံတော်မူ၏။ ထိုအခါ၌ စဏ္ဍာလီအမယ်အိုသည် တောင်ဝှေးကို ဆွဲကိုင်ကာ ရာဇဂြိုဟ်မြို့မှ ထွက်စဉ် မြတ်စွာဘုရားကိုမြင်၍ ရှေးရှုလျက်ရပ်နေ၏။ မြတ်စွာဘုရားသည်လည်း ထိုအမယ်အို၏သွားခြင်းကို တားမြစ်သကဲ့သို့ ရှေ့မှရပ်တော်မူလေ၏။ ထိုအခါအရှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏စိတ်အလိုတော်ကိုလည်းကောင်းသိ၍ မြတ်စွာဘုရားအားရှိခိုးရန် ထိုအမယ်အိုအားဂါထာနှစ်ပုဒ်ရွတ်ဆို၍ တိုက်တွန်းတော်မူ၏။

အရှင်မဟာမောဂ္ဂလ္လာန်ထေရ်သည် ဂါထာနှစ်ပုဒ်ဖြင့် မြတ်စွာဘုရား၏ဂုဏ်ကိုပြောကြား၍ မိမိတန်ခိုး၊ အာနုဘော်၌တည်ကာ ထိုစဏ္ဍာလီအမယ်အို၏စည်းစိမ် အသက်တမ်းကုန်သည့်အဖြစ်ကို ထင်ရှားစွာပြ၍ ထိတ်လန့်စေပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးရန် တိုက်တွန်းလေ၏။ ထိုစဏ္ဍာလီအမယ်အိုသည် အရှင်မဟာမောဂ္ဂလ္လာန်၏ စကားကိုကြား၍ ထိတ်လန့်ခြင်းဖြစ်ကာ မြတ်စွာဘုရား၌ ကြည်လင်သော စိတ်ရှိလျက် ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍ လက်အုပ်ချီလျက် ကိုယ်ကို ညွှတ်ပြီးလျှင် ဘုရားရှင်သို့ရောက်သောပီတိဖြင့် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ရပ်တည်၏။ မြတ်စွာဘုရားသည် "ဤမျှဖြင့်သင့်လျော်ပြီ ဤစဏ္ဍာလီအား နတ်ပြည်၌ဖြစ်ကြောင်းဖြစ်လေပြီ" ဟုကြံစည်တော်မူ၍ နောက်ပါရဟန်းသံဃာနှင့်အတူ မြို့သို့ဝင်လေ၏။ ထိုစဉ် အစာရှာလှည့်လည်လာသော နွားငယ်ရှိသည့် နွားမတစ်ကောင်သည် ထိုနွားသားငယ်ကြောင့်ပင် ပြေးလာလျက် ဦးချိုဖြင့် စဏ္ဍာလီအမယ်အိုကိုဝှေ့၍ ဇီဝိတိန္ဒြေမှချလေ၏။ စဏ္ဍာလီသည် ထိုဘဝမှစုတေ၍ တာဝတိံသာနတ်ဘုံ၌ ဖြစ်၏။ နတ်သမီးတစ်ထောင်တို့သည် ထိုစဏ္ဍာလီနတ်သမီး၏ အခြွေအရံတို့ဖြစ်ကုန်၏။ ထိုခဏ၌ပင် စဏ္ဍာလီနတ်သမီးသည် ဗိမာန်နှင့်တကွ လာ၍ ဗိမာန်မှ သက်ဆင်းကာ အရှင်မဟာမောဂ္ဂလ္လာန်အား ချဉ်းကပ်ရှိခိုး၏။

ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန်ကမေးမြန်း၍ နတ်သမီးက စဏ္ဍာလီဖြစ်ကြောင်း ဖြေကြားကာ ကုသိုလ်ကောင်းမှုကို လျှောက်ထားလေ၏။[၁]

---

၁။ ဝိမာနနှင့် ပေတဝတ္ထု မြန်မာပြန် - ၁၁-၁၂။

# ဇနဝသဘနတ်သား

ဇနဝသဘနတ်သားသည် ဗိမ္ဗိသာရမင်းဘဝမှစုတေ၍ ဖြစ်သော နတ်သားပင် ဖြစ်သည်။ ယင်းနတ်သားသည် မြတ်စွာဘုရား၏ တရားစကား ကြားနာရ၍ တစ်သိန်းတစ်သောင်း လူအပေါင်း၏ အကြီးအကဲအဖြစ်ဖြင့် သောတာပန်ဖြစ်သောကြောင့် ဇနဝသဘအမည်ရသည်။ သောတာပန် အဖြစ်ဖြင့် ရတနာသုံးပါး၌ ပြုအပ်သော ကောင်းမှုကုသိုလ်၏ အစွမ်းကြောင့် အထက်နတ်ပြည်၌ ဖြစ်နိုင်သော်လည်း ယခင်ကနတ်ပြည်၌ ဝေဿဝဏ် နတ်မင်း၏ အလုပ်အကျွေးဘဝမှ စုတေ၍ လူ့ပြည်၌ မင်းအဖြစ်ဖြင့် (၇)ဘဝ၊ လူ့ပြည်မှစုတေ၍ နတ်ပြည်၌ ဝေဿဝဏ် နတ်မင်း၏ အလုပ်အကျွေးအဖြစ်ဖြင့် (၇)ဘဝ၊ ပေါင်း (၁၄)ဘဝတိုင်တိုင် ရှေးကနေခဲ့ဖူးရာ ဌာန၌ တွယ်တာမှုအားကြီးသောကြောင့် ဝေဿဝဏ်နတ်မင်း၏ အပေါင်းအဖော် အလုပ်အကျွေး အဖြစ်သို့ ရောက်ရသည်။ [၁]

---

၁။ ဒီ၊ ၂။ ၁၆၇။

ဒီ ၊ ဋ္ဌ ၊ ၂၊ ၂၃၁။

ဇနဝသဘနတ်သားသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးလျှင် မိမိဝေဿဝဏ်နတ်မင်း၏ အလုပ်အကျွေးဖြစ်ရခြင်း၊ ဘုရားရှင်၏ အဆုံးအမကြောင့်သာ တရားထူးရခဲ့ခြင်း၊ သောတာပန်ပုဂ္ဂိုလ်အဖြစ်ဖြင့် ကြောင့်ကြမဲ့ မနေဘဲ သကဒါဂါမ်ဖြစ်ရန် အလိုဆန္ဒဥဿာဟရှိခြင်းတို့ကို ဇနဝသဘနတ်သားက ဆက်လက်၍ လျှောက်ထားသည်မှာ "အကျွန်ုပ်သည် ဝေဿဝဏ်နတ်မင်းကြီးက ဝိရူဠ္ဟကနတ်မင်းကြီးထံ ကိစ္စတစ်ခုဖြင့် စေလွှတ်လိုက်၍လာခဲ့ရာ လမ်းခရီးကြား၌ မြတ်စွာဘုရားသည် အုတ်တိုက်ကျောင်းသို့ဝင်၍ မဂဓတိုင်းသားအလုပ်အကျွေးဥပါသကာတို့၏ လားရာဂတိရောက်ရာဘဝကို သိအောင်ရှုအံ့ဟု နှလုံးသွင်း ဆင်ခြင်တော်မူသည်ကို တွေ့မြင်ရပါသည်။ အံ့သြဖွယ်ရာ အကြောင်းတိုက်ဆိုင်ပုံမှာ "မဂဓတိုင်းသားဥပါသကာတို့သည် ဤသို့လားရာရှိကုန်၏၊ ဤသို့ရောက်ရာဘဝရှိကုန်၏" ဟုမြတ်စွာဘုရား သိမြင်တော်မူသည်နှင့်အတူ ဝေဿဝဏ်မင်း ပြောဆိုသောစကားကို ကိုယ်တိုင် ကြားသိခဲ့ရပါသည်။ အကျွန်ုပ်သည် "ဘုရားရှင်ကိုလည်း ဖူးမြော်အံ့၊ ဤအကြောင်းအရာကိုလည်း လျှောက်ထားအံ့" ဟူသော ရည်ရွယ်ချက်အကြောင်း (၂)ပါးဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့ပါသည်" ဟုလျှောက်ထားလေ၏။

ဆက်လက်လျှောက်ထားသည်မှာ ဝါဆိုလပြည့်ဥပုသ်နေ့ ညဉ့်အခါ၌ စတုမဟာရာဇ်နတ်မင်းကြီး (၄)ပါးနှင့်တကွသော တာဝတိံသာနတ်အစည်းအဝေး နတ်ပရိသတ်အလယ်၌ မြတ်စွာဘုရား၏ သာသနာတော်ဝယ်

မြတ်သောအကျင့်ကိုကျင့်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လာသော နတ်သစ်တို့သည် အခြားနတ်တို့ထက် အဆင်းအားဖြင့် လည်းကောင်း၊ အခြံအရံအားဖြင့်လည်းကောင်း သာလွန်တင့်တယ် ကြကုန်၏။ ယင်းသို့ ထူးခြားစွာ ရောက်လာသော နတ်အသစ်တို့ကိုမြင်ရ၍ သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားကို ဦးညွှတ်ရှိခိုးကြကာ တရားတော်၏ တရားကောင်း တရားမှန် တရားစစ် အဖြစ်ကိုလည်း ချီးကျူးကြကုန်လျက် "အချင်းတို့အသူရာအပေါင်းသည် ဆုတ်ယုတ်လျော့ပါး၍ နတ်အပေါင်းသည် ပြည့်နှက်စည်ကားပါပေ ကုန်စွတကား" ဟုဝမ်းမြောက်ဝမ်းသာ ပြောဆို ကြပါကုန်၏။ စတုမဟာရာဇ် နတ်မင်းကြီး (၄)ပါးနှင့်တကွ တာဝတိံသာ နတ်တို့သည် ဝမ်းမြောက်စကား ပြောကြားပြီး၍ စည်းဝေးခြင်း၏ အကြောင်းရင်းကိစ္စတို့ကို စဉ်းစား ဆွေးနွေးကြပြီးနောက် မိမိတို့နေရာအရပ်သို့ မဖယ်သွားကြသေးဘဲ ထိုင်နေကြပါကုန်၏။

ထိုသို့ထိုင်နေကြစဉ် သနင်္ကုမာရဗြဟ္မာမင်းသည် ကိုယ်ထင်ရှား ဖြစ်ပေါ်လျက် သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့ကြည်နူးနေသည်ကို သိ၍ "အချင်း တာဝတိံသာနတ်တို့၊ မြတ်စွာဘုရားသည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ၊ လောကကို စောင့်ရှောက်ရန်အလို့ငှာ" နတ်တို့၏ အကျိုးစီးပွားချမ်းသာအလို့ငှာ လွန်စွာကျင့်ကြံတော်မူခဲ့ပါပေ၏။ အကြင်သူ တို့သည် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တရားတော်ကို လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သံဃာတော်ကို လည်းကောင်း

ကိုးကွယ်ဆည်းကပ်ကုန်၏။ သီလ၌ပြည့်စုံစွာကျင့်လေ့ရှိကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကွယ်လွန်စုတေသည်ရှိသော် နတ်ပြည် (၆)ထပ်၌ ထိုက်သည့် အားလျော်စွာ ဖြစ်ကြရကုန်၏" ဟုချီးမွမ်းစကား ပြောကြားပါ၏။

တစ်ဖန် သနင်္ကုမာရဗြဟ္မာမင်းသည် မြတ်စွာဘုရား ဟောကြားထားအပ်သည့် တန်ခိုးဖန်ဆင်းခြင်း၌ စွမ်းနိုင်စေရန်တန်ခိုးအရာ၌ ကျေပွန်စေရန် အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းနိုင်စေရန် တန်ခိုး၏ အခြေခံဣဒ္ဓိပါဒ် (၄)ပါးကိုလည်းကောင်း၊ ဈာန်မဂ်ဖိုလ်ချမ်းသာကို ရရှိရန် အခွင့်ရမှုဩကာသာဓိဂမ(၃)ပါး ကိုလည်းကောင်း၊ မဂ်ဖိုလ်ဟူသော ကုသိုလ်ရရှိရန် သတိပဋ္ဌာန်တရား (၄)ပါးကိုလည်းကောင်း၊ သမ္မာသမာဓိကို ပွားများရန် သမ္မာသမာဓိကို ပြည့်စုံစေရန် သမ္မာသမာဓိ၏ အခြံအရံ (၇)ပါးကိုလည်းကောင်း၊ တရားတော်၏ဂုဏ်ကို လည်းကောင်း ချီးမွမ်း ပြောကြားပါ၏။

ဆက်လက်၍ "အချင်းတို့- ဘုရား၊ တရား၊ သံဃာတော်၌ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံကုန်သော အရိယာတို့ မြတ်နိုးအပ်သော သီလနှင့်ပြည့်စုံကုန်သော မဂဓတိုင်းသားနှစ်သန်းလေးသိန်းကျော်တို့သည် တရားတော်ဖြင့် ယဉ်ကျေးသိမ်မွေ့လျက် လူ့ပြည်မှစုတေ၍ နတ်ပြည် ဗြဟ္မာပြည်၌ ထင်ရှား ဖြစ်လာကြကုန်၏။ ထိုမဂဓတိုင်းသားတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါကုန်၏" ဟု ပြောကြားပါ၏။

ထိုအခိုက်အတန့်၌ "အချင်းတို့ အံ့ဖွယ်ရှိပေစွတကား၊ အချင်းတို့ မဖြစ်စဘူး အဖြစ်ထူးပေစွတကား၊ ဤမျှ ကြီးကျယ်မြင့်မြတ်သော ဘုရား၊ ဤမျှကြီးကျယ်မြင့်မြတ်သော တရားဟောခြင်း၊ ဤမျှ များပြားသော တရားထူးရသူတို့သည် ထင်ရှားဖြစ်ပေါ် လာကုန်ဘိ၏" ဟု ဝေဿဝဏ် နတ်မင်းကြီးအား ဖြစ်ပေါ်လာသောအကြံကို သနင်္ကုမာရ ဗြဟ္မာမင်းသိ၍ "အရှင် ဝေဿဝဏ်နတ်မင်း ဤသို့မမှတ်ထင်လင့်၊ ဤမျှ ကြီးကျယ် မြင့်မြတ်သောဘုရား၊ ဤမျှ ကြီးကျယ်မြင့်မြတ်သော တရားဟောခြင်း ဤမျှများပြားသော တရားထူး ရသူတို့သည် အတိတ်ကာလ၌လည်း ဖြစ်ခဲ့ဖူးကုန်ပြီ၊ အနာဂတ်ကာလ၌လည်း ဖြစ်ပေါ်ကုန်လတ္တံ့" ဟု ပြောကြားပါ၏။ ဤသို့ တာဝတိံသာနတ်တို့အား သနင်္ကုမာရဗြဟ္မာမင်း ပြောကြားသော ဤအကြောင်းအရာကို ဝေဿဝဏ် နတ်မင်းကြီးထံမှ တစ်ဆင့် ကြားသိရပါသည် ဟု ဇနဝသဘနတ်သားသည် မြတ်စွာဘုရားအား လျှောက်ထားလေသည်။

ထိုဇနဝသဘနတ်သား လျှောက်ထားသောအကြောင်းအရာတို့ကို မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား တစ်ဖန်ပြန်လည် ဟောကြားတော်မူလေသည်။[၁]

---

၁။ ဒီ ၊ ၂ ။ ၁၆၂ - ၁၇၇။

# နန္ဒောပနန္ဒနဂါးမင်း

ဘုရားရှင်သည် ရဟန်းငါးရာခြံရံလျက် နန္ဒောပနန္ဒနဂါးမင်း၏ ဗိမာန်မျက်နှာကျက်ထိပ်မှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၏။ နန္ဒောပနန္ဒနဂါးမင်းသည် မိမိ၏အထက်မှဖြတ်သန်း၍ ဘုရားရဟန္တာများ ကြွသွားခြင်းကို ခုနစ်ပတ်ရစ်၍ တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းဖြင့်ဖုံးအုပ် ထား၏။ နန္ဒောပနန္ဒနဂါးမင်းကိုဆုံးမရန် အရှင်ရဋ္ဌပါလ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ စသူတို့ခွင့်တောင်းရာ ဘုရားရှင်က ခွင့်ပြုတော် မမူချေ။ နောက်ဆုံး အရှင်မောဂ္ဂလ္လာန်အားသာ ခွင့်ပြုတော်မူသည်။

အရှင်မောဂ္ဂလ္လာန်သည် ကြီးထွားသောနဂါးအသွင် ဖန်ဆင်းတော်မူပြီး နန္ဒောပနန္ဒနဂါးမင်းကို (၁၄) ကြိမ် အခွေတို့ဖြင့် ရစ်ပတ်ထားလေသည်။ နန္ဒောပနန္ဒနဂါးမင်း၏ ပါးပျဉ်းပေါ်၌ မိမိ၏ပါးပျဉ်းကို တင်ထားကာ မြင်းမိုရ်တောင်ဖြင့် ဖိညှပ်လေ၏။ နဂါးမင်းသည် အခိုးလွှတ်၏။ မထေရ်ကလည်း တန်ပြန်အခိုးလွှတ်၏။ နဂါးသည် မီးလျှံတောက်စေ၏။ မထေရ်ကလည်း တန်ပြန်မီးလျှံတောက်စေ၏။ ထို့အပြင် မထေရ်ကြီးက နဂါးကြီးအသွင်ဖျောက်ပြီး ရဟန်းအသွင်ရောက်စေ၍ ယာဘက်နားပေါက်မှ ဝင်၍ဝဲဘက်နားပေါက်မှထွက်ခြင်း၊ ဝဲဘက်နားပေါက်မှဝင်၍ ယာဘက်

နားပေါက်မှထွက်ခြင်း၊ နန္ဒောပနန္ဒနဂါးမင်း၏ ခံတွင်းသို့ဝင်၍ အရှေ့အနောက် စင်္ကြံ လျှောက်ခြင်း စသည်ဖြင့် ဆုံးမတော်မူသည်။ နောက်ဆုံးတွင် နဂါးမင်းသည် ဘုရားထံမှောက်ရောက်၍ သရဏဂုံ တည်လေသည်။[၁]

---

၁။ ဝိသုဒ္ဓိ ၊ ၂ ၊ ၂၇ − ၃၀။
ထေရ ၊ ဋ္ဌ ၊ ၂ ၊ ၅၀၁ − ၅၀၄။
အပ ၊ ဋ္ဌ ၊ ၁ ၊ ၂၇၇ − ၂၈၀။
မဟာဗုဒ္ဓဝင် ၊ စတုတ္ထတွဲ၊ ၄၃၄ − ၄၄၁။
ဇိနတ္ထ ၊ ၅၂၄ − ၅၂၈။

# ပဉ္စသိခနတ်သား

သိကြားမင်းသည် ပဉ္စသိခနတ်သားကို “အမောင်ပဉ္စသိခ မြတ်စွာဘုရားသည် ဈာန်၌မွေ့လျော်သောအချိန်၌ တစ်ပါးတည်း ကိန်းအောင်း တော်မူလေ့ရှိသည်။ ငါကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ မကင်းသူ ချဉ်းကပ်ရန် မလွယ်ကူချေ။ အမောင်သည် မြတ်စွာဘုရားထံ ဦးစွာခွင့်ပန်လော့၊ အမောင် ခွင့်ပန်ပြီးမှ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြမည်”ဟု ပြောဆို၏။ ပဉ္စသိခနတ်သားက “ကောင်းပါပြီ”ဟု ဝန်ခံ၍ ဗေလုဝပဏ္ဍု နတ်စောင်းကို တီးခတ်ရန် လက်ဝဲ၌ယူဆောင်၍ ဣန္ဒသာလလိုဏ်ဂူရှိရာသို့ ချဉ်းကပ်ပြီး ဘုရားနှင့် မနီးမဝေး တစ်ခုသော နေရာ၌ရပ်၏။

ယင်းသို့ရပ်တည်ပြီးသော် ပဉ္စသိခနတ်သားသည် ဗေလုဝပဏ္ဍု နတ်စောင်းကိုတီးကာ ဘုရားနှင့်စပ်သော၊ တရားနှင့်စပ်သော၊ သံဃာနှင့် စပ်သော၊ ရဟန္တာနှင့်စပ်သော၊ ကာမဂုဏ်နှင့်စပ်သော ဂါထာတို့ကို သီဆိုလေ၏။ ထိုသို့ဆိုသော် ဘုရားရှင်သည် ပဉ္စသိခနတ်သားကို “သင်၏စောင်းသံသည် သီချင်းသံနှင့် ကိုက်ညီ၏။ သီချင်းသံသည်လည်း စောင်းသံနှင့်ကိုက်ညီပေ၏။ စောင်းသံသည် သီချင်းသံကိုမလွန်၊ သီချင်းသံသည်လည်း စောင်းသံကိုမလွန်ပေ”ဟု ချီးမွမ်းလေ၏။ ဤသို့ ချီးမွမ်းခြင်းသည် ခွင့်ပြုကြောင်းသိသာရန်ဖြစ်သည်။

ဆက်လက်၍ ဤဂါထာကို အဘယ်အခါက သီကုံးထားသနည်း "ဟုမေးသည်ရှိသော်" အရှင်ဘုရား အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီးစ ဥရုဝေလတော နေရဉ္စရာမြစ်ကမ်းအနီး အဇပါလမည်သော ပညောင်ပင်၌ ဘုရားဖြစ်ပြီး ရှစ်ခုမြောက်သတ္တာဟ၌ စံပယ်တော်မူသောအခါ အကျွန်ုပ်သည် တိမ္ဗရုနတ်မင်းကြီး၏သမီး ဘဒ္ဒါသူရိယဝစ္စသာကို ချစ်ကြင်နာ နေပါ၏။ ထိုသူမကား ရထားထိန်း မာတလိ၏သား သိခဏ္ဍီကို မေတ္တာသက်ဝင် နေပါ၏။ ကျွန်ုပ်သည် ထိုသူငယ်မကို မည်သို့မျှမရနိုင်သောအခါ ဗေလုဝပဏ္ဍု နတ်စောင်းကိုယူ၍ တိမ္ဗရုနတ်မင်းကြီး၏ ဗိမာန်သို့ချဉ်းကပ်လျက် နတ်စောင်းကို တီးခဲ့၏။ ဘုရား၊ တရား၊ သံဃာ၊ ရဟန္တာ၊ ကာမဂုဏ်တို့နှင့်စပ်သော ဤ ဂါထာကို သီဆိုခဲ့ပါ၏။

ဤသို့ဆိုသော် သူရိယဝစ္စသာနတ်သမီးသည် ကျွန်ုပ်ကို "အရှင်အကျွန်ုပ်သည် ဘုရားရှင်ကို မမြင်ဘူးပါသော်လည်း တာဝတိံသာ နတ်တို့၏ သုဓမ္မာသဘင်၌ နေ့စဉ် ဘုရားရှင်အကြောင်းကို ကြားခဲ့ရပါ၏။ သင်သည် ထိုဘုရားရှင်အကြောင်း ပြောဆိုချီးကျူးသည့်အတွက် ယနေ့အကျွန်ုပ်တို့၏ ပေါင်းဆုံရခြင်းဖြစ်စေလော့"ဟု ဆိုပါသည်။ အရှင် ဘုရားအား ထိုသူငယ်မနှင့်အတူ ထိုမျှသာပေါင်းဆုံ၍ ယခုတိုင်အောင် မပေါင်းဆုံရတော့ပါ"ဟု လျှောက်ထား၏။

ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားအား ငါးနှင့်တကွ နတ်အပေါင်းတို့ ခြေတော်တို့ကို ရှိခိုးဦးခိုက်ကြောင်း လျှောက်ခိုင်းသဖြင့် ပဥ္စသိခနတ်သား ထိုသို့လျှောက်တင်သော် မြတ်စွာဘုရားက ကောင်းပြီဟု မိန့်တော်မူ၍ သိကြားမင်းနှင့်တကွ ပဥ္စသိခနတ်သားအပါအဝင် နတ်အပေါင်းတို့ အပြစ်လွတ်ရာနေရာ၌ ရပ်တည်၍ မြတ်စွာဘုရားအား ပြဿနာတို့ကို မေးလျှောက်ကြပြီးလျှင် အဖြေစကား မိန့်ကြားတော်မူသည့်အဆုံး၌ နတ်အပေါင်းရှစ်သောင်းတို့ သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။[၁]

သိကြားမင်းပဥ္စသိခနတ်သားအား ဘုရားရှင်ကို ရှေးဦးစွာ ခွင့်ပန်ပေးသည့်အတွက် ၎င်းဖခင်၏ရာထူး (ဂန္ဓဗ္ဗနတ်မင်းရာထူး) ပေးရန် ၄င်းလိုချင်သော သူရိယဝစ္ဆသာနတ်သမီးကိုလည်း ပေးသနား၏။[၂]

---

၁။ မဟာဗုဒ္ဓဝင်၊ ပဥ္စမတွဲ၊ ၆၆ – ၆၇ ၊

၂။ မဟာဗုဒ္ဓဝင်၊ ပဥ္စမတွဲ၊ ၁၉၅

# ဖလဒါယကနတ်သား

နတ်သား၏ရွှေဗိမာန်သည် (၁၆)ယူဇနာရှိ၍ ဘုံဆောင် အထွတ်ပေါင်း (၇၀၀)ပါရှိ၏။ ထိုနတ်သားကို သရက်သီးလှူသော ကောင်းမှုကြောင့် "ဖလဒါယက နတ်သား" ဟုခေါ်ကြပါသည်။

ထိုနတ်သားသည် ဂေါတမဘုရားရှင်လက်ထက် ဗိမ္ဗိသာရ မင်းကြီး၏ ဥယျာဉ်စောင့်ဖြစ်ပြီး ဘုရားရှင် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ကျောင်းဒါယကာဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် အချိန်အခါမဟုတ်ဘဲ သရက်သီး စားလိုသောဆန္ဒ ဖြစ်ပေါ်လာပါသည်။ ဗိမ္ဗိသာရမင်းကြီးသည် ဥယျာဉ်စောင့်ကိုခေါ်၍ သရက်သီး အရှာခိုင်းသည်။ ဥယျာဉ်စောင့်လည်း ခေတ္တစောင့်ဆိုင်းရန်ပြောပြီး၊ ဥယျာဉ်တော်ရှိ သရက်ပင်တို့မှ မကောင်းသောမြေကို ဖယ်ထုတ်၍ ကောင်းသော မြေကိုလောင်းထည့်သည်။ ကောင်းသောရေကိုလည်း သွန်းလောင်းသည်။ ထိုကဲ့သို့ မြေကောင်း၊ ရေကောင်းတို့ဖြင့် ပြုပြင်လိုက်သောအခါ သရက်ပင်တို့သည် မကြာမီပင်လျှင် ရွက်ဟောင်းတို့ကြွေပါသည်။ ထိုအခါ ဥယျာဉ်စောင့်သည် ပထမမြေစာဟောင်းတို့ကို ဖယ်ရှားကာ ဖက်သက် သီးစုတ်ဖက်တို့နှင့် ရောနှော၍ ပကတိမြေမှုန့်တို့ကို လောင်းထည့်ပြီး

ရေကောင်းတို့ကို လောင်းပြန်သည်။ ထိုသို့မြေသစ်ထည့်၍ ရေကောင်းလောင်းလိုက်သောအခါ သရက်ပင်တို့သည် မကြာမြင့်မီပင်လျှင် နုသောအဖူးအငုံ အရွက်နုတို့သည် ရင့်သောအဖူး အငုံဖြစ်ကာ ပွင့်ကြပါသည်။ ထို့နောက်သီးကင်းသီးပြီး မကြာမီပင် ရွှေဝါရောင်အဆင်းရှိ အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးလေးလုံးတို့ မှည့်ကြပါသည်။ ဥယျာဉ်စောင့်သည် ထိုသရက်သီးမှည့်တို့ကိုဆွတ်ယူ၍ "ဗိမ္ဗိသာရမင်းကြီးအား ဆက်သအံ့"ဟု သွားသော် လမ်း၌ဆွမ်းခံကြွလာသော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကို မြင်ခဲ့ပါသည်။ ထိုအခါ "ဤသရက်သီးတို့သည် မွန်မြတ်သောအသီးတို့ဖြစ်သည်။ မထေရ်မြတ်အား လှူဒါန်းအံ့၊ ငါ့ကိုမင်းသတ်လိုလျှင် သတ်စေတော့၊ တိုင်းပြည်မှနှင်ထုတ်လျှင် နှင်ထုတ်စေတော့၊ မင်းကြီးအား ဆက်သသော် ဤမျက်မှောက်၌သာ အကျိုးအနည်းငယ် ခံစားရမည်။ မထေရ်မြတ်အား လှူဒါန်းသော် ဤမျက်မှောက်ဘဝ၌လည်းကောင်း၊ နောင်ဘဝ၌လည်းကောင်း၊ အတိုင်းအရှည် ပမာဏမရှိသော အကျိုးကို ပေးလိမ့်မည်ဟု" ကြံစည်၍ မထေရ်မြတ်အား သရက်သီးတို့ကို လှူဒါန်းခဲ့ပါသည်။ ထို့နောက် မင်းကြီးအား အကြောင်းစုံ လျှောက်ထားခဲ့ပါသည်။ မင်းကြီးလည်း ထိုအကြောင်း မှန်မမှန် စုံစမ်းသိရှိခဲ့ပါသည်။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်သည် သရက်သီးတို့ကို ဘုရားရှင်အား ဆက်ကပ်ခဲ့ပါသည်။ ဘုရားရှင်က ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်၊ ရှင်မဟာကဿပတို့အား တစ်လုံးစီပေး၍ တစ်လုံးကို မိမိကိုယ်တိုင်

ဘုဉ်းပေးတော်မူပါသည်။ မင်းကြီးလည်းအကြောင်းစုံကို သိရှိသော် ဥယျာဉ်စောင့်အားခေါ်၍ “ဤယောကျာ်းသည်ရဲရင့်၏။ အသက်ကိုမငဲ့ဘဲ ကောင်းမှုပြု၏”ဟု ဆုလာဘ်များ ချီးမြှင့်၏။ ဥယျာဉ် စောင့်ကလည်း အလှူအဖို့ကို မင်းကြီးအား အမျှပေးဝေခဲ့ပြီးသော် တာဝတိံသာနတ်ပြည်၌ “ဖလဒါယကနတ်သား”ဖြစ်လေ၏။[၁]

၁။ ဝိမာန ၊ ၄ ၊ ၂၆၇ – ၇၀။

# ဘိက္ခာဒါယကနတ်သား

ထိုနတ်သား၏ ဗိမာန်သည် (၁၂)ယူဇနာရှိပြီး ရွှေအတိပြီးသည်။ နတ်သားသည် တန်ခိုးလည်း အလွန်ကြီးမားသည်။ လူ့ဘဝက ဆွမ်းလောင်း လှူခဲ့ပြီး ကောင်းမှုကို ခံစားရသောကြောင့် "ဘိက္ခာဒါယကနတ်သား" ဟု အမည်တွင်ပါသည်။ ဘုရားရှင်လက်ထက် ထိုနတ်သား လူဘဝဖြစ်စဉ် မထင်ရှားသော ရဟန်းတစ်ပါးသည် ခရီးရှည်ကြွစဉ် လမ်းခရီး၌ မောပန်းလှ၍ ရွာတစ်ရွာသို့ ဆွမ်းခံဝင်ခဲ့၏။ အိမ်တစ်အိမ်ရှေ့သို့ရောက်သော် ထိုအိမ်ဝ၌ ရပ်တော်မူခိုက် ထိုအိမ်ရှိယောကျ်ားသည် ခြေလက်ဆေးပြီး ထမင်းစားအံ့ဟု ထမင်းခူးနေစဉ် ရဟန်းကိုမြင်၍ မိမိထမင်းခွက်ထဲ၌ ထည့်ပြီးသော ထမင်းကို လောင်းလှူလိုက်၏။ ရဟန်းက အချို့တစ်ဝက်သာ လောင်းလှူရန် ပြောသော်လည်း အကုန်လောင်းလှူခဲ့၏။

ရဟန်းလည်းဆွမ်းအနုမောဒနာပြုပြီး ကြွသွားတော်မူပါသည်။ ထို ယောကျ်ားသည် ခရီးပန်းသဖြင့် ဆွမ်းလိုအပ်သော ရဟန်းအား ဆွမ်းလှူလိုက်ရ၏ဟု အဖန်ဖန်အောက်မေ့လျက် ရွှင်လန်း ဝမ်းမြောက်သော စိတ်ဖြင့် သေလွန်သော် ဘိက္ခာဒါယကနတ်သားအဖြစ်သို့ ရောက်ရှိလေသည်။[၁]

---

၁။ ဝိမာန ၊ ၄ ၊ ၂၇၂ - ၇၃။

# ဗကဗြဟ္မာ

ဗကဗြဟ္မာကြီးသည် "ဗြဟ္မာလောကသည် မြဲမြံခိုင်ခံ့တည်တံ့၏။ ဗြဟ္မာလောက၌ ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူမရှိ၊ ဗြဟ္မာလောကမှတစ်ပါး လွတ်မြောက်ရာနိဗ္ဗာန်မရှိ" ဟု သဿတဝါဒကို တရားသေစွဲကိုင်ထားသူ အတ္တသမားဖြစ်သည်။ စကြာဝဠာတစ်ထောင်အတွင်း တန်ခိုးအာဏာပြန့်နှံ့သူ (သဟဿီဗြဟ္မာ)လည်းဖြစ်၏။ သူ့ထက်တန်ခိုးအာဏာကြီးမားသူ (ဒွိသဟဿီတိသဟဿီစသည့်) ဗြဟ္မာများရှိနေသည်ကို မသိသဖြင့် လေးတောင်လုံးကွင်းဖြင့် တောင်ရှည်ပုဆိုးကို တုန့်ဖက်ပြိုင်သကဲ့သို့ သူသာလျှင် တန်ခိုးအာဏာကြီးမားသူဟု မာနတက်နေသူဖြစ်သည်။

ရှေးရသေ့ဖြစ်စဉ်အခါက သူ၏ဈာန်အဘိညာဉ်တန်ခိုးဖြင့် သဲကန္တာရအတွင်း မျက်စိလည်လမ်းမှားကာ ရေငတ်အားဆိုက်၍ သေကြေပျက်စီးလုဆဲဆဲ လူအများကိုလည်းကောင်း၊ တောရွာတစ်ရွာ၌ ခိုးသားဓားပြနှိပ်စက်ခံနေရသည့်လူအများကိုလည်းကောင်း၊ ဂင်္ဂါမြစ်အတွင်း ရေနတ်နဂါးဘေးအန္တရာယ်ကျရောက်နေသော လူအများကိုလည်းကောင်း ကယ်တင်စောင့်ရှောက်ခဲ့ဖူးသည်။ နောင်တစ်ချိန် တစ်ခုသောဘဝဝယ် ဗကဗြဟ္မာအလောင်းသည် ကေသဝမည်သော ရသေ့ဖြစ်၍ ဘုရားရှင်သည် သူ့တပည့် ကပ္ပမည်သော ရသေ့ဖြစ်ခဲ့ဖူး၏။ ထိုစဉ်တွင် စတုတ္ထဈာန်သမာပတ်ကို မပြတ်လေ့လာသဖြင့် ခန္ဓာကြွေသော် ဝေဟပ္ဖိုလ်စတုတ္ထဈာန်ဘုံ၌ဖြစ်၏။

ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာချမ်းသာကို ခံစားပြီးစုတေခဲ့သော် မဟာကပ် ၆၄ ကပ် အသက်ရှည်သည့် သုဘကိဏှတတိယဈာန်ဘုံ၌ ဖြစ်၏။ ထိုမှ စုတေပြန်သော် အန္တရကပ် ၆၄ ကပ် (= အသင်္ချေယျကပ်) အသက်ရှည်သည့် မဟာဗြဟ္မာပထမဈာန်ဘုံ၌ ဖြစ်၏။ ဤသို့ စတုတ္ထဈာန်ဘုံမှ ပထမဈာန်ဘုံအထိ တစ်ဆင့်တစ်ဆင့် လျောကာ ဖြစ်လာခဲ့ရသော်လည်း အထက်အထက်ဘုံမှ စုတေရသော နာမ်အစဉ်ကိုလည်း မမှတ်မိ၊ ပဋိသန္ဓေအစဉ်လည်းမထင်၊ မူလဘဝအတိုင်းပင် တည်သည်ဟု မှတ်ထင်သောကြောင့် သဿတအယူကို စွဲယူမိလေသည်။

ဘုရားသခင်သည် ဥက္ကဋ္ဌမြို့၊ သုဘဂတောအုပ် အင်ကြင်းပင်မင်းအနီးမှ ဗကဗြဟ္မာကို နှိမ်နင်းဆုံးမတော်မူရန် (ပထမဈာန်) ဗြဟ္မာပြည်သို့ ကြွသွားတော်မူသည်။ ဘုရားသခင်က တေဘူမကဘဝဟူသမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းသာဟု သစ္စကထာကို မိန့်ကြားတော်မူ၏။ ဗကဗြဟ္မာကြီးကား တရားသေစွဲကိုင်ထားသည့် သဿတဝါဒလက်နက်ဖြင့် ဖက်ပြိုင်တိုက်ခိုက်ကာ ဝါဒစစ်ပွဲဆင်နွှဲလေတော့သည်။ ဝါဒစစ်ပွဲဆင်နွှဲရာသို့ ဗကဗြဟ္မာကြီးနှင့်ဝါဒတူသူ ဗြဟ္မာ (၇၂)ယောက် အပါအဝင် ဗြဟ္မာပေါင်းတစ်သောင်း တက်ရောက် ကြသည်။ ဘုရား၏ လူပ်ရှားမှုမှန်သမျှ မျက်ခြည်မပြတ်လေ့လာကြည့်ရှုကာ နှောင့်ယှက်လေ့ရှိသော မာရ်နတ်သားသည် အလုပ်အကျွေး (ဗြဟ္မပါရိသဇ္ဇ) ဗြဟ္မာငယ်တစ်ဦး၏ ကိုယ်သို့ပူးဝင်ပြီး ဗကဗြဟ္မာကြီးဘက်က ဝင်ရောက်ကူညီ လေသည်။ (မဟာဗြဟ္မာနှင့် ဗြဟ္မပုရောဟိတဗြဟ္မာတို့ကိုယ်သို့ မာရ်နတ်မပူးဝင်နိုင်)။

ဘုရားသခင်သည် ဗကဗြဟ္မာကြီး၏ သဿတဝါဒကို အပြစ်အမျိုးမျိုးပြကာ ပယ်ချစွန့်ပစ်စေသည်။ ဝါဒစစ်ပြိုင်၍ နိုင်ပုံမပေါ်သော ဗက ဗြဟ္မာကြီးသည် မိမိ၏အရှုံးကို ဖုံးကွယ်လိုသဖြင့် တန်ခိုးပြိုင်စစ်ပွဲ လမ်းကြောင်းသို့ ရွှေ့ပြောင်း ဦးတည်လာပြန်သည်။ ကိုယ်ရောင်ဖျောက် (တူတူပုန်း) တန်ခိုးပြိုင်ရန် အဆိုပြုလာသည်။ ဗြဟ္မာတို့မှာ ပဋိသန္ဓေတည်နေစဉ်က ပကတိအတ္တဘောခန္ဓာကိုယ်သည် အလွန်သိမ်မွေ့၏။ တစ်ပါးသူတို့ မမြင်နိုင် ပြုပြင်ဖန်ဆင်းထားမှသာ မြင်နိုင်သည်။ ဗကဗြဟ္မာကြီးသည် ဗြဟ္မာပရိသတ်နှင့် ဘုရားသခင်၏ မျက်မှောက် ဖန်ဆင်းထားသည့် ခန္ဓာကိုယ်ကိုကွယ်စေ၍ ပကတိအတ္တဘောသို့ ရောက်အောင် (ကိုယ်ရောင်ဖျောက်ရန်) ကြိုးစား၏။ သို့သော်ဘုရားသခင်၏ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့် မကွယ်ပျောက်ဘဲရှိလေသည်။ ထို့ကြောင့် ပကတိအတ္တဘောကို ဖုံးလွှမ်းနိုင်မည့်အမှောင်ထုကြီးကို ဖန်ဆင်း ပြန်လေသည်။ ယင်းအမှောင်ထုကြီးကိုလည်း ဘုရားသခင်၏ တန်ခိုးတော်ဖြင့် ပယ်ဖျောက် လိုက်ပြန်ရာ ပုန်းကွယ်စရာနေရာမရ ဒုက္ခလှလှကြီး တွေ့လေတော့သည်။ ကိုယ်ရောင်လည်းမဖျောက်နိုင် အမှောင်ထုကိုလည်း မဖန်ဆင်းနိုင်သဖြင့် ပုန်းကွယ်ဖို့ရန် မစွမ်းနိုင်တော့ဘဲ ပြုမိပြုရာ ယောင်ယမ်းပြုမိသောအားဖြင့် ဘုံဗိမာန်အတွင်းသို့ ဝင်၍ပုန်းပြန်၏။ ပဒေသာပင်၌ ပုန်းပြန်၏။ ဆောင့်ကြောင့် ကုပ်ကုပ် ငုတ်တုတ်ကလေး ထိုင်နေပြန်သည်။ ထိုအခါ ဗြဟ္မာပရိသတ် အပေါင်းသည် ဗကဗြဟ္မာကြီးဘုံဗိမာန်၌ ပုန်းအောင်း နေကြောင်းကို သိကြသဖြင့် ပြက်ရယ်ပြောင်လှောင်မှုကို ပြုကုန်၏။

ဤကဲ့သို့ ဗကဗြဟ္မာကြီး မပုန်းကွယ်နိုင်သောအခါ ဘုရားသခင်သည် ဗကဗြဟ္မာကြီးကို "ဗကဗြဟ္မာ သင် မပုန်းကွယ်နိုင်လျှင် ငါဘုရားသည် သင်၏ မျက်မှောက်မှ ယခုပင် ပုန်းကွယ်လိုက်မည်။ (သင်ငါ့ကိုမမြင်နိုင်အောင် တန်ခိုးပြာဋိဟာ ငါပြလိုက်မည်)"ဟု မိန့်တော်မူ၍ စည်းဝေးရောက်လာကြသည့် ဗြဟ္မာများ ငါဘုရား၏ အသံကိုသာကြားစေ၊ ငါဘုရားကိုကား မမြင်ကြစေကုန်သတည်းဟု အဓိဋ္ဌာန်တော်မူသည်။ ဘုရားရှင်သည် ပျောက်ကွယ်တော်မူသည့်နေရာ၌ပင် ရှိနေသည်ကို သိစေတော်မူလိုသဖြင့် "ဘဝေဝါဟံဘယံဒိသွာ" အစရှိသောဂါထာကို ရွတ်ဆိုဟောကြားတော်မူသည်။ ဤတရားဒေသနာတော်အဆုံး၌ ဝါဒစစ်ပွဲလာ ဗြဟ္မာပရိသတ်အပေါင်း တစ်သောင်းတို့ သောတာပန်စသည့် အရိယာပုဂ္ဂိုလ်များ ဖြစ်ကြကုန်လေသည်။[၁]

---

၁။ မ ၊ ၁ ၊ ၄၀၃ - ။
မ ၊ ဋ္ဌ ၊ ၂ ၊ ၃၀၂ - ၁၂။
မ ၊ ဋီ ၊ ၂ ၊ ၃၁၁ - ၁၉။
သံ ၊ ၁ ၊ ၁၄၄ - ၄၅။
သံ ၊ ဋ္ဌ ၊ ၁ ၊ ၁၉၀ - ၉၄။
သံ ၊ ဋီ ၊ ၃ ၊ ၂၄၀ - ၄၃။
ဇာ ၊ ၁ ၊ ၁၆၃။
ဇာ ၊ ဋ္ဌ ၊ ၃ ၊ ၃၄၀။
မဟာဗုဒ္ဓဝင်စတုတ္ထတွဲ၊ ၄၄၁ - ၄၇။
ဓိနတ္ထပကာသနီ ၊ ၅၃၁ - ၃၈။

# မာဃသိကြားမင်း

မာဃသိကြားမင်းသည် မြတ်စွာဘုရားရှင် ပွင့်တော်မမူမီ လူ့ဘဝ၌ မဂဓတိုင်း မစလရွာ၌ သူကြွယ်မျိုး၌ မာဃလုလင်ဟူ၍ ဖြစ်လေ၏။ သူသည် နေ့စဉ်ဖြစ်ပြုစင်သော ကောင်းမှုကုသိုလ်များဖြစ်သည့် တံတားဆောက်ခြင်း၊ လမ်းပြင်ခြင်း၊ မဏ္ဍပ်များဆောက်ခြင်း၊ သစ်ပင်များ ခုတ်ထွင် ရှင်းလင်းခြင်းများ ပြုလုပ်၏။ သူသည် လူအများကိုလည်း ဖြူစင်သောကောင်းမှုကုသိုလ် တရားများအကြောင်းကိုသာ ပြ၏။ မိမိကဲ့သို့လည်း ပြုလုပ်စေခဲ့၏။ သူနှင့်အတူတွဲ၍ ကောင်းမှုပြုသူများမှာ သုံးကျိပ်နှင့်သုံးယောက်ရှိလေ၏။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို မစလရွာစားကြီးက မနှစ်သက်ပေ။ ထိုသူတို့သည် သေရည်သေရက်သောက်စား၍ ရာဇဝတ်မှုများကျူးလွန်လျှင် ဒဏ်တပ်၍ အခွန်များ၊ ငွေကြေးများကို ကောက်ယူခဲ့ရာ စီးပွားဥစ္စာတိုးတက်ခဲ့လေသည်။ ယခုထိုသူတို့သည် ကောင်းမှုကုသိုလ်များ ပြုလုပ်နေသည့်အတွက် သူ့တွင်စီးပွားဥစ္စာ တိုးတက်ခြင်းမရှိသည့်အတွက် ဘုရင်အား ကုန်းချောစကားအဖြစ် ဤအရပ် လူဆိုးသူခိုးများ ပေါ်များနေပါပြီဟုလိမ်လည် လျှောက်ထားပြီး မာဃလုလင် အမှူးရှိသော သုံးကျိပ်သုံးယောက်တို့ကို မင်း၏အမိန့်ဖြင့် ဖမ်းလေ၏။ ထိုသူတို့၏ မိန်းမတို့ကလည်း နေ့စဉ်တော၌သာနေ၍ အလုပ်မလုပ်ဘဲ နေကြသဖြင့် ဖမ်းဆီးခေါ်သွားသည်မှာ

ပို၍ကောင်းသည်ဟု ပြစ်တင်စကား ပြောဆို ကြလေ၏။ နန်းတော်သို့ ရောက်သောအခါ မင်းကြီးက မစူးစမ်းမဆင်ခြင်ဘဲ ဆင်နင်း၍သတ်စေ၏။ ထိုအခါ မာဃလုလင်တို့ ဤကဲ့သို့သစ္စာဆိုကြ၏။ "အကယ်၍ကျွန်ုပ်တို့သည် ရွာစားကြီးပြောသည့်အတိုင်း ခိုးသူတို့မှန်ကြပါလျှင် ဆင်တော်သည် နင်းပါစေသတည်း။ အကယ်၍ ခိုးသူများမဟုတ်သည်မှန်လျှင် ဆင်တော်သည် မနင်းပါစေသတည်း"ဟု သစ္စာဆိုကြရာ ဆင်တော်သည် နင်းဖို့ပင် ဝေးစွ အနားသို့ပင် မကပ်နိုင်ဘဲ ကြောက်ရွံ့သောအသံဖြင့် ဝေးရာသို့ပြေးလေ၏။ ထိုအခါ ဆင်ထိန်းတို့က အကြိမ်ကြိမ်ဖမ်း၍ နင်းစေသော်လည်းမရပေ။ နောက်ဆုံး မာဃလုလင်တို့ကို ဖျာဖြင့်အုပ်၍ နင်းစေသော်လည်း ရှေးကထက် နှစ်ဆတိုး၍ ကြောက်ရွံ့သောအသံဖြင့် ပြေး၏။

ထိုအခါ မင်းကြီးက မစလရွာစားအား ဆင်မနင်းခြင်း အကြောင်းကို မေးရာ မာဃလုလင်၌ဆင်မနင်းဝံ့သော မန္တာန်ရှိသည်ဟု လျှောက်သဖြင့် မင်းကြီးက မာဃလုလင်အားမေးရာ မိမိတွင်မန္တာန်ရှိ၍ မနင်းခြင်းမဟုတ်၊ မိမိပြုလုပ်ခဲ့သောကောင်းမှုကုသိုလ်များကို ရည်မှန်းပြီး သစ္စာဆိုသဖြင့် မနင်းခြင်း ဖြစ်ကြောင်းပြောရာ မင်းကြီးက အဘယ် ကောင်းမှုကုသိုလ်ကို ပြုသလောဟုမေးရာ မိမိတို့ပြုခဲ့သော ကောင်းမှု ကုသိုလ်များအကြောင်းကို ရှင်းပြလေ၏။ ထိုအခါ မင်းကြီးက "ဤဆင်ဖြူတော် သည် တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ငါ့ထက်ပင် အမောင်တို့၏ ဂုဏ်ကျေးဇူးကို သိလေ၏ဟုပြောပြီး ဆင်တော်ကိုလည်းကောင်း၊ မစလရွာစားကိုလည်း

မစလဈာကိုလည်းကောင်း မာဃလုလင်အား အပိုင်စားပေး၍ ဆုလာဘ်များစွာပေးကာ မိမိအတွက်လည်း ကောင်းမှု ကုသိုလ်များ ပြုလုပ်ပေးရန် မှာကြားပြီး ပြန်လွှတ်လေ၏။ မာဃလုလင်က နောက်လိုက်သုံးကျိပ်သုံးယောက် တို့အား "မိမိတို့ ယခုရရှိခဲ့သော ဆုလာဘ်များသည် ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များကြောင့်ဖြစ်သဖြင့် နောင်တွင် ယခုထက်ပို၍ ပြုလုပ်ကြရန်ပြော၏။ ထို့နောက် လမ်းလေးခွတွင် လူအများနားနေနိုင်ရန် အပန်းဖြေဇရပ်ကြီးတစ်ခု ဆောက်လုပ်ပြီး မိမိတို့အပေါ် မကောင်းသောအိမ်ရှင်မများနှင့် နောင်ဘဝတွင် ရေစက်မဆုံရစေရန် ရေစက်ချ၍ လှူဒါန်းကြဖို့ တိုင်ပင်၍ စတင်ပြုလုပ်ကြလေ၏။ မာဃလုလင်၏ မယားလေးယောက်အနက် မသုဓမ္မာ၊ မစိတ္တာ၊ မနန္ဒာတို့သည် ထိုဇရပ်နှင့် ပတ်သက်သော ကောင်းမှုကုသိုလ် ဝေစုကိုရရန် နည်းအမျိုးမျိုးနှင့် ကြိုးစား၍ ယူကြလေ၏။ မသုဇာမှာမူကား အလှပြင်၍သာ အချိန်ကို ကုန်စေ၏။ မာဃလုလင်သည် လူ့ဘဝမှ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်၍ နောက်လိုက်သုံးကျိပ်သုံးယောက်တို့သည် နတ်သားများ ဖြစ်ကြပြီး မာဃသိကြားမင်းထံ၌ နေကြလေ၏။ မသုဇာမှတစ်ပါး အခြားသော မယားသုံးယောက်တို့သည် နတ်မိဖုရားကြီးများ ဖြစ်ကြလေ၏။ မသုဇာမှာကား တောင်ကြားတစ်ခု၌ ဗျိုင်းအောက်မလေး ဖြစ်ရလေ၏။ ဤသို့ဖြင့် မာဃ သိကြားမင်းသည် သိကြားမင်းစည်းစိမ်များကို ခံစား၍နေလာရာ တစ်နေ့၌ သိကြားမင်းသက်တမ်းကုန်ခါနီး၍ သေအံ့သော

ပုဗ္ဗနိမိတ်ငါးပါးတို့ကို ကိုယ်တိုင် သိမြင်သောအခါ "အို - ငါ၏ကြီးကျယ် ခမ်းနားလှသော ဤသိကြားမင်း စည်းစိမ်ကြီးကား ပျက်စီးခြင်းအဖြစ်သို့ ရောက်ရတော့မည်ပါတကား" ဟု သေရအံ့သောဘေးမှ ကြောက်သွေးမွှန်၍ သောကကြီးစွာဖြစ်လေ၏။

ထို့ကြောင့် မိမိ၏စိတ်နှလုံး၌ စူးဝင်သောဆူးငြောင့်ကို နုတ်ပယ်၍ နတ်စည်းစိမ်ကို မြဲမြဲအောင်ပြုနိုင်မည့်သူကို ရှာဖွေရာ ဘုရားရှင်ကို ဆင်ခြင် တွေ့ရှိသဖြင့် ဘုရားရှင်ကို ဖူးမြော်လိုစိတ် ပြင်းပြစွာဖြစ်လေ၏။ ယခုအခါ ဘုရားရှင်သည် အဘယ်အရပ်၌ သီတင်းသုံးနေသနည်းဟု ဆင်ခြင်ကြည့်သောအခါ ရာဇဂြိုဟ်ပြည် ဝေဒိယကတောင်ယံ နံ့ပဲပင်ပေါက်ရာ ဣန္ဒသာလ လိုဏ်ဂူ၌ သီတင်းသုံးနေသည်ကို မြင်လေ၏။ ထို့နောက် သိကြားမင်းသည် ဘုရားရှင်အား ငါသည် ဦးစွာတွေ့ခြင်းငှာ မသင့်လျော်ချေ။ ပဉ္စသိခနတ်သားသည် ဘုရားရှင်နှင့် အကျွမ်းဝင်သူဖြစ်၍ ဦးစွာလွှတ်၍ ဘုရားရှင်အားဖူးခွင့်ကိုတောင်း စေရာ ပဉ္စသိခနတ်သားသည် ဗေလုဝပဏ္ဍု မည်သော နတ်စောင်းနှင့် သီချင်းကို ဘုရားရှင်သီတင်းသုံးရာ ဝေဒိယတောင် နှင့်မဝေးလှသော အမ္ဗသဏ္ဍပုဏ္ဏားရွာ၌ တီးလေ၏။ ဘုရားရှင်သည် စောင်းသံကိုကြားသောအခါ ပဉ္စသိခနတ်သားအား သင်၏စောင်းသံသည် သာယာနာပျော်ဖွယ်ကောင်းလှ၏။ ဤဂုဏ်တော် သီချင်းများကို အဘယ်အခါ၌စပ်ဆိုခဲ့ပါသနည်းဟု မေးရာ "အခါတစ်ပါး၌ ဘုရားရှင်သည် ဥရုဝေလတောနေရဥ္စရာမြစ်ကမ်းပါးအနီး အဇပါလမည်သော ပညောင်ပင်၌

စံတော်မူနေစဉ်ကာလ၌ ကျွန်ုပ်သည် တိမ္ဗရုနတ်မင်းကြီး၏ သမီးတော် ဘဒ္ဒါကို ချစ်ခင်နှစ်သက်ပါသော်လည်း ထိုနတ်သမီးသည် ရထားထိန်း မာတလိကိုသာ ချစ်ခင်နှစ်သက်နေပါသည်။ ကျွန်ုပ်သည် ထို နတ်သမီးကို မရနိုင်သည့်အတွက် တိမ္ဗရုနတ်မင်းကြီး၏ ဗိမာန်သို့ ချဉ်းကပ်ပြီး ဤဂုဏ်တော်သီချင်းများကို တီးခတ်သီဆိုခဲ့ရာ ဘဒ္ဒါက သင်သည် ဘုရားရှင်အား မဖူးမြော်ရသေးပင် ဖြစ်လင့်ကစား ဘုရားရှင်၏ဂုဏ်တော် တို့ကို ချီးကျူးသီကုံးနိုင်သည့်အတွက် ယနေ့မှစ၍ အကျွန်ုပ်နှင့် ပေါင်းဆုံခွင့်ကို ရစေဟု ပေးသဖြင့် ယခုထိပေါင်းသင်းခွင့်ကို ရခဲ့ပါသည်ဟု ပြန်လည် ဖြေကြား၏။ ထို့နောက် ပဉ္စသိခနတ်သားက ဘုရားရှင်အား သိကြားမင်း နှင့်တကွ နတ်အပေါင်းရှစ်သောင်းတို့က ဘုရားရှင်အား ဦးခေါင်းဖြင့်ရှိခိုးပါ၏ဟု လျှောက်တင်လေရာ ဘုရားရှင်က ဤနတ်အပေါင်းတို့သည် ချမ်းသာ ကြစေသတည်း။ သတ္တဝါအပေါင်းတို့သည် ချမ်းသာသုခကိုသာ အလိုရှိကြ သည်သာ ဖြစ်သည်ဟု ပြန်လည်မိန့်ကြား၍ ဖူးမြော်ခွင့်ပေးလေ၏။ ထိုအခါသိကြားမင်းနှင့် နတ်အပေါင်းတို့သည် သင့်တင့်သော နေရာ၌ နေကြလေ၏။ ဘုရားရှင်က သိကြားမင်းအား မိမိအား ဖူးမြော်ရန် လာရောက်ကြခြင်းအကြောင်းကိုမေးရာ "အကျွန်ုပ်သည် လွန်ခဲ့သော သုံးရက်က ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေစဉ် ဘူဇတိနတ်သမီး ပြောသော စကားကို ငါကြား၏။ သို့သော် သင်သိကြားမင်းသည် သိကြားမင်း၏ကိစ္စများ မရင့်ကျက်သေးသဖြင့် ဖူးမြော်ခွင့်ကို မပေးခဲ့ခြင်း

ဖြစ်ကြောင်း ပြန်လည်မိန့်ကြား၏။ ထို့နောက် သိကြားမင်းက လောက၌ အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ် ရှင်မြတ်စွာဘုရားသခင်တို့ ပွင့်တော်မူသောအခါ အသူရာမှာပျက်စီး၍ နတ်ပြည်၌ နတ်များ ပြည့်နှက်စည်ကားနေကြောင်း ကျွန်ုပ်မျက်ဝါးထင်ထင် တွေ့မြင်ရပါသည်ဟု လျှောက်ထား၏။ ဘုရားရှင်က "ဤသိကြားမင်းသည် မာဃလုလင်ဘဝမှ သိကြားမင်း၏ စင်ကြယ်သော အဆင်းရှိသည်အဖြစ်ကို ကောင်းစွာ သိမြင်လေ၏။ ရှည်လျားစွာသော နေ့ညပတ်လုံး စင်ကြယ်သောအကျင့် ရှိလေပြီ။ ထို့ကြောင့် ငါဘုရားအား အကျိုးဖြစ်ထွန်းမည့် ပြဿနာများကိုသာ မေးပေလိမ့်မည်"ဟု ဆင်ခြင်ပြီး သိကြားမင်းအား သင်၏စိတ်တွင်း၌ အမှတ်မထင် ဝင်ရောက်လာသော တစ်စုံတစ်ရာသောပြဿနာကို ငါ့အား မေးလော့၊ သင်၏စိတ်၌ ဖြစ်ပွားနေသော ဝိစိကိစ္ဆာတရားတို့ကို ငါဖြေရှင်းပေးမည်ဟု မိန့်လေ၏။ ထိုအခါ သိကြားမင်းက မိမိ၏စိတ်၌ ဖြစ်နေသော သောကပြဿနာများကို တစ်ခုချင်း မေးလေ၏။

လောက၌ရှိကြကုန်သော နတ်၊ လူ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်နှင့် အခြားများစွာသော သတ္တဝါအပေါင်းတို့သည် ရန်ငြိုးကင်းကုန်လျက်၊ ဒဏ်ကင်းကုန်လျက်၊ အမျက်ထွက်ခြင်း ကင်းကုန်လျက် နေလိုကြပါသော်လည်း မနေကြရချေ။ ဤသို့ မနေရခြင်းသည် အဘယ်သံယောဇဉ် အနှောင်အဖွဲ့ကြောင့်ပါနည်း ဟုမေးရာ ဘုရားရှင်က "ဤသို့ဖြစ်ရခြင်းမှာ ဣဿာမစ္ဆရိယ သံယောဇဉ်နှစ်ပါးကြောင့်" ဟု

ပြန်လည်ဖြေကြား၏။ ဣဿာဆိုသည်မှာ သူတစ်ပါးအား မပေးလိုခြင်း ပင်ဖြစ်သည်။ ဣဿာသည် သူတစ်ပါးကို အာရုံပြု၍ ဖြစ်ပြီး မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၍ဖြစ်၏။ ထိုနှစ်ခုသည် တပေါင်းတည်း မဖြစ်နိုင်ချေ။ ထိုတရားနှစ်ပါးကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးသမျှ ကာလပတ်လုံး ဆင်းရဲခြင်းမရှိ၊ ရန်ငြိုးဖွဲ့ခြင်း၊ ဒဏ်ထားခြင်း၊ ရန်မူခြင်းများ စသည့် ဆင်းရဲခြင်းမရှိသော ချမ်းသာကိုရနိုင်မည် မဟုတ်ကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

သိကြားမင်းက ဆက်၍ "ဤသံယောဇဉ်နှစ်ပါးသည် အဘယ် တရားကြောင့် ဖြစ်သနည်း"ဟု မေးရာ ဘုရားရှင်က " ချစ်အပ်သော သတ္တဝါ သင်္ခါရနှင့် မုန်းအပ်သော သတ္တဝါ သင်္ခါရပေါ်မူတည်၍ဖြစ်ကြောင်း" ပြန်လည် ဖြေကြားခဲ့ပါသည်။

"အဘယ်တရားကြောင့် ချစ်ခြင်း၊ မုန်းခြင်းဖြစ်ပါသနည်း"ဟု မေးရာ ဘုရားရှင်က "လိုချင်ခြင်းဟုခေါ်သော ဆန္ဒတဏှာကြောင့် ချစ်ခြင်း၊ မုန်းခြင်းများဖြစ်ပြီး လိုချင်ခြင်း ဆန္ဒတဏှာမရှိသော် ချစ်ခြင်း၊ မုန်းခြင်းများမဖြစ်ဟု" ပြန်လည်မိန့်ကြားခဲ့ပါသည်။

"အဘယ်တရားကြောင့် လိုချင်ခြင်းဆန္ဒတဏှာ ဖြစ်ရပါသနည်း" ဟု မေးရာ ဘုရားရှင်က "ဆုံးဖြတ် ကြံစည်ခြင်း ဝိနိစ္ဆယဝိတက်ကြောင့် ဖြစ်ရသည်" ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။ ဝိနိစ္ဆယနှစ်ပါးရှိသည်။ တဏှာဝိနိစ္ဆယ (၁၀၈)ပါးနှင့် ဒိဋ္ဌိဝိနိစ္ဆယ(၆၂)ပါး တို့ဖြစ်သည်။

"ဝိနိစ္ဆယဝိတက်သည် အဘယ်တရားကြောင့် ဖြစ်ရပါသနည်း" ဟု မေးရာ "ပပဉ္စသညာတရားအစုကြောင့် ဖြစ်ရသည်။ ပပဉ္စနှင့်ယှဉ်သော တရားအစုသည် ရူပသည် သန္ဒသညာ၊ ဂန္ဓသည် စသည်ဖြင့် အာရုံအလိုက် ခြောက်ပါး၊ ခြောက်ခုရှိ၏" ဟု ဖြေကြား၏။

"အဘယ်သို့ကျင့်သောရဟန်းသည် သံသရာ၌ချဲ့ထွင်တတ်သည့် ပပဉ္စတရားနှင့်ယှဉ်သော သညာတရားအစုချုပ်ခြင်း အားလျော်စွာ ထိုချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်ပါသနည်း" ဟုမေးရာ "သောမနဿဝေဒနာဟုခေါ်သော ဝမ်းမြောက်ခြင်းကြောင့်ဖြစ်ကြောင်းနှင့် လောကတွင် မှီဝဲအပ်သော ဝမ်းမြောက်ခြင်းနှင့် မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း နှစ်မျိုးရှိကြောင်း "ဒေါမနဿဝေဒနာဟု ခေါ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာခြင်း နှစ်မျိုးရှိကြောင်းနှင့် ဥပေက္ခာဝေဒနာဟုခေါ်သော လျစ်လျူရှုခြင်းကြောင့် ဖြစ်ကြောင်း မှီဝဲအပ်သောလျစ်လျူရှုခြင်း၊ တဏှာသင်္ခယဝိမုတ္တရဟန္တာ၊ ရဟန်းတို့ သာလျှင် ကေန်စင်စစ် ပရမတ္ထနိဗ္ဗာန်ကို ရရှိကြ၏။ သမဏ၊ ဗြဟ္မဏအမည်ခံ ဝါဒရှင်တိုင်းသည် နိဗ္ဗာန်ကို မရနိုင်ဟု ပြန်လည်ဖြေကြား၏။ ဤကဲ့သို့ ဘုရားရှင်က မိမိရင်မှဖြစ်သောဆူးငြောင့်များကို တစ်ခုချင်း နားလည်အောင် ပြန်လည်ဖြေကြားပေးသည့်အတွက် ဆူးငြောင့်များပယ်နုတ်ပြီး ဖြစ်ပါသည်။ ယခင်က မိမိသည် တချို့သော တောနေသမဏ၊ ဗြဟ္မဏတို့ကို ဤသို့ မေးပါသော်လည်း အဖြေမှန်ကို မရရှိသည့်အပြင် မိမိကိုပင် မေးခွန်းများ

ပြန်လည်မေးခဲ့ကြ၍ သိကြားမင်းဖြစ်ကြောင်း အကျင့်ကောင်းခုနစ်ပါးတို့ကို ဖြေခဲ့ရကြောင်း။ ထို့ကြောင့် ထိုသူတို့သည် မိမိ၏တပည့်များသာ ဖြစ်ကြ၍ ဘုရားရှင်သာလျှင် အပါယ်လေးပါးသို့ ကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါး၏ လားရာရှိသော အကျွန်ုပ်၏ဆရာ ဖြစ်၏ဟု လျှောက်ကြား၏။

ဘုရားရှင်က "သင်သည် ယခုကဲ့သို့သော ဝမ်းသာခြင်းမျိုးကို ခံစားခဲ့ဖူးသည်မဟုတ်လော" ဟုမေးရာ "ဟုတ်မှန်ပါသည်"။ ရှေးအခါက တာဝတိံသာ နတ်တို့နှင့် အသုရာနတ်တို့ စစ်ပွဲကြီးဖြစ်ခဲ့ရာ အသုရာတို့ စစ်ရှုံးခဲ့ကြသဖြင့် တာဝတိံသာနတ်တို့သည် မိမိတို့၏စည်းစိမ်၊ အစာ အာဟာရ သာမက အသုရာတို့၏ စည်းစိမ်အစာအာဟာရကိုပါ စားသုံးကြရဦးမည်ဟု ဝမ်းမြောက်ခဲ့ဖူးပါသည်။ သို့သော် ထိုဝမ်းမြောက်မှုသည် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ရသော ချမ်းသာခြင်းမျိုးဖြစ်၍ ယခုဝမ်းမြောက်ခြင်းသည် သံသရာဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်၊ ရာဂစသည်တို့ ငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့် သိရန်၊ သစ္စာလေးပါးကိုသိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် စသည်တို့ကို ချုပ်ငြိမ်းစေသည့် ဝမ်းမြောက်မှုမျိုးပင် ဖြစ်ပါသည်" ဟု ပြန်လည်လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က သင်သည် အဘယ်အကျိုးထူးကိုမြင်၍ ဤသို့ နှစ်သက်ဝမ်းမြောက်လျက် သူငယ်ချင်းတစ်ယောက်က တစ်ယောက်၏လက်ကို လက်ချင်း ပုတ်ခတ်သကဲ့သို့ မြေကိုခုတ်၍ နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓသဟု သုံးကြိမ်ကျူးရင့်လေ၏။ ဘုရားရှင်နှင့် တရားအမေးအဖြေများ ပြုလုပ်ပြီးအဆုံး၌ "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏"ဟု သိကြားမင်းနှင့်တကွ နတ်အပေါင်းရှစ်သောင်းတို့၏ စိတ်သန္တာန်တွင် ကိလေသာမြူအညစ်အကြေးကင်းပြီး သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လေ၏"။ ဤတရားတော်၏အမည်ကို သက္កပဉှာဟူ၍ ခေါ်တွင်လေ၏။ ဤတရားဒေသနာတော်အဆုံး၌ မဃ သိကြားမင်းနှင့် နတ်အပေါင်း ရှစ်သောင်းတို့သည် သောတာပန်အဖြစ်သို့ ရောက်ကြလေ၏။[၂]

---

၁။ သံ ၊ ဋီ ၊ ၁ ၊ ၁၄၄

၂။ မဟာဗုဒ္ဓဝင် ၊ ပဥ္စမတွဲ၊ ၆၂ - ၁၉၆။

သိကြားမင်းနှင့်စပ်လျဉ်း၍ ဤသို့လည်း တွေ့ပါသေးသည်။

မြတ်စွာဘုရားရှင်သည် ဝေဠုဝရွာ၌ သီတင်းသုံးတော်မူစဉ် အာယုသင်္ခါရကိုလွှတ်အပ်သည်ရှိသော် ဝမ်းသွေးသွန်းသောရောဂါဖြစ်ပေါ်သည်ကိုသိ၍ နတ်များသေဌ်နင်းသိကြားမင်းသည် "ငါသည် ဘုရားအထံသို့ သွားရောက်၍ ပြင်းထန်သောဝေဒနာစွဲကပ်ရှာသောသူနာအား ပြုစုလုပ်ကျွေးခြင်းကို ပြုအပ် သင့်၏" ဟု စိတ်အကြံဖြစ်၍ သုံးဂါဝုတ်အတိုင်းအရှည်ရှိသောအတ္တဘောကို စွန့်ပြီး၍ မြတ်စွာဘုရားရှင်သို့ ရှိခိုးချဉ်းကပ်ပြီးလက်တို့ဖြင့် မြတ်စွာဘုရားရှင် ခြေတော်တို့ကို ဆုပ်နယ်၏။

ထိုအခါ သိကြားမင်းကို မြတ်စွာဘုရားရှင်က ဤသူသည်ကားအဘယ်သူနည်းဟုမေးသော် သိကြားမင်းဖြစ်ကြောင်း ဘုရားရှင်ကို သူနာပြုစုခြင်းငှာ လာရောက်ပါကြောင်း လျှောက်ကြား၏။ ဒကာတော်သိကြားမင်းနတ်တို့အား လူတို့၏အနံ့သည် ယူဇနာတစ်ရာဝေးကွာသောအရပ်မှစ၍ လည်၌ဖွဲ့ချည်ထားသော သူသေကောင်ပုပ်တမျှ စက်ဆုပ်ရွံရှာဖွယ်ဖြစ်ရလေသည်။ အသင်သိကြားမင်းသည် သွားလေလော့၊ ငါဘုရားအား သူနာပြုရဟန်းတို့သည် များစွာ ရှိကုန်သည်ဟု မိန့်တော်မူ၏။ သိကြားမင်းက မြတ်စွာဘုရား ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်ထိပ်ထက်၌ တည်နေသော် တပည့်တော်သည် အရှင်ဘုရား၏ သီလတော်တည်းဟူသောအနံ့ သင်းပျံ့ကြိုင်လှိုင်သည်ကို နမ်းရှုရန် လာခဲ့ခြင်းဖြစ်ပါသည်။ ဒကာတော်သည်သာ ပြုစုလုပ်ကျွေးပါအံ့ဟု

လျှောက်ကြား၍ မြတ်ဘုရား၏ ကိုယ်လက်သုတ်သင် သန့်စင်သုံးဆောင်ရာ ဖြစ်သော အညစ်အကြေးကို သူတစ်ပါး၏လက်ဖြင့်လည်း မထိစေဘဲ မိမိဦးခေါင်းထက်၌သာလျှင် ချီရွက်တင်ထားထုတ်ဆောင်သွားပြီး မျက်နှာတွန့် နှာခေါင်းရှုံ့ခြင်းမပြု နံ့သာအိုးကို ရွက်ဆောင်ရသည့်အလား ထင်ရှားပြုစု၏။

ထို့နောက် ဘုရားရှင် ရောဂါသက်သာ၍ ချမ်းသာစွာရှိသောအခါ မိမိစံရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။

ရဟန်းတို့သည် သိကြားမင်း မြတ်စွာဘုရားရှင်အား ပြုစုလုပ်ကျွေးပုံကို အကျယ်တဝင့် ချီးကျူးကြ၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့စကားကို ကြားတော်မူ၍ ချစ်သားရဟန်းတို့ နတ်များသေင်္ဂနင်းသိကြားမင်းသည် ငါဘုရားရှင်၌ ထိုကဲ့သို့ အခြင်းအရာဖြင့် ချစ်ခင်ကြည်ညိုခြင်းကို ပြုခြင်းသည် အံ့ဖွယ်မရှိသေး။ ဤသိကြားမင်းသည် ငါဘုရားကိုအမှီရ၍ ရင့်ရော်ယိုယွင်း အိုမင်းသော သိကြားအဖြစ်ကို စွန့်ပစ်ပြီး၍ သောတာပန်ဖြစ်၍ အသက်သေးငယ်နုပျိုသော သိကြားအဖြစ်သို့ ရောက်ခဲ့ရ၏။

ချစ်သားရဟန်းတို့ သေအံ့သောဘေးကို မျှော်တွေးကြောက်ရွံ့သော ပဥ္စသိခအမည်ရှိ ဂန္ဓဗ္ဗနတ်သားကို ရှေ့ဆောင်ပြု၍ ချဉ်းကပ် လာရောက်သောအခါ ဣန္ဒသာလလိုဏ်ဂူဝယ် နတ်ပရိသတ် အလယ်၌ထိုင်နေသော ထိုသိကြားအား သင်မေးလိုသော အမေးပုစ္ဆာတို့ကို မေးရန် ငါဘုရား ခွင့်ပြုတော်မူသည်ဟုဆိုသော် ဒီဃနိကာယ် မဟာဝဂ္ဂ

သက္ကပဉှသုတ် ပါဠိတော်၌လာသောအဆိုအတိုင်း မေးလျှောက်သော် ထိုသိကြား၏ တွေးတောယုံမှား ဖြစ်ပွားနေသော အချက်တို့ကို ပယ်ဖျက်လျက် တရားတော်ကိုဟောကြားသော် တရားဒေသနာ အဆုံး၌ တစ်ဆယ့်လေးကုဋေကုန်သောသတ္တဝါတို့သည် သစ္စာလေးပါးကို ပိုင်းခြားသိမြင် အကျွတ်တရားရကြ၏။ သိကြားအိုသည်လည်း ထိုင်နေစဉ်ပင် သောတာပတ္တိဖိုလ်သို့ရောက်၍ တစ်ခဏချင်း စုတေ သေလွန်သောအခါ ဥပပတ် ပဋိသန္ဓေဖြင့် ပျိုနုသောသိကြားမင်းဖြစ်လေ၏။[၁]

၁။ ဒီ ၊ ၂ ။ ၂၂၀

# မင္ဂကုဏ္ဍလီ နတ်သား

သာဝတ္ထိပြည်၌ ပစ္စည်းကြွယ်ဝသော အဒိန္နပုဗ္ဗက ပုဏ္ဏားကြီး သည်ရှိ၏။ ထိုပုဏ္ဏားကြီးသည် အနည်းငယ်မျှသောပစ္စည်းကို ပေးလှူခြင်းမရှိ။ ထိုပုဏ္ဏား၌ အလွန်ချစ်မြတ်နိုးသော သားတစ်ယောက်ရှိ၏။ ထိုသား ဝတ်ဆင်ရန် နားဒောင်းကို ရွှေပန်းထိမ်သည်ကို ခိုင်းလျှင် လက်ခပေးရမည် ကိုသိ၍ ကိုယ်တိုင်ခတ်သောကြောင့် ထိုသူငယ်အား မင္ဂကုဏ္ဍလီဟူသော အမည်သည် ထင်ရှားလေသည်။

ထိုသူငယ်သည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သောအခါ ပဏ္ဍုရောဂါ ဖြစ်လေ၏။ မိခင်က တတ်သိသောဆေးဆရာတို့ကို ခေါ်၍ သားငယ်ကို ကုစားပါဟု ပြောသောအခါ ဆေးဆရာကို ခေါ်လျှင် ဆေးအဖိုးအခ ပေးရမည်။ ထို့ကြောင့် ဆေးဆရာတို့ထံ သွား၍ ရောဂါ အမည်ကိုပြော၍ သင်တို့မည်ကဲ့သို့ ကုသသနည်းဟု မေးမြန်း၍ ပြောသည့် အတိုင်း ပြန်လာ၍ ကုသလေသည်။ ထိုသို့ဆေးကုသနေစဉ်မှာပင် ရောဂါသည် တဖြည်းဖြည်းတိုးပွား၍ ကုစား မရသောအဖြစ်သို့ ရောက်လေ၏။ ပုဏ္ဏားလည်း တစ်ယောက်သောဆေးဆရာကိုခေါ်ပြန်၏။ ဆေးဆရာ လည်း သူငယ်၏ကုစားမရသော အဖြစ်ကိုသိ၍ အခြားဆေးဆရာကို ခေါ်၍ ကုပါဟုပြော၏။ ပုဏ္ဏားလည်း သားသူငယ်၏ သေအံ့သောအဖြစ်ကို

သိ၍ လာရောက်ကြည့်ရှုသူများရှိသောကြောင့် သူငယ်ကို အိမ်ပသို့ထုတ်ပြီး အပဖြစ်သောအိမ်ဦးအပြင်၌ တစောင်းအိပ်စေ၏။

ထိုနေ့၌ပင် မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက်ကပင် မဟာကရုဏာ သမာပတ်မှထ၍ ကျွတ်ထိုက်ကုန်သောသတ္တဝါတို့ကို ကြည့်ရှုတော်မူသောအခါ အိမ်ဦးကြမ်းပြင်၌ ပြင်းပြသော ရောဂါကြောင့် ပက်လက်ခံစားနေရသော မဋ္ဌကုဏ္ဍလီ သတို့သားကို ဉာဏ်တော်ကွန်ရက်ဖြင့် မြင်တော်မူ၏။ ထိုအကြောင်းဖြစ်အင်ကို မြင်တော်မူပြီးမှ ကိုယ်လက်တော် သုတ်သင်ပြီး သံဃာအပေါင်း ခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွတော်မူခဲ့ပြီး အဒိန္နပုဗ္ဗက ပုဏ္ဏားရ၏အိမ်တံခါးသို့ ကြွတော်မူ၏။ ထိုခဏ၌ မဋ္ဌကုဏ္ဍလီသတို့သားသည် ကိုယ်တော်အား မမြင်နိုင်စွမ်းသည်ကို မြတ်စွာဘုရားသည် သိတော်မူပြီး တစ်ခုသော ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ထိုအခါ မဋ္ဌကုဏ္ဍလီသည် "ဤအရောင်ကား အဘယ်အရောင်နည်း"ဟု ပြင်းပြစွာရောဂါခံစားရာမှ ကြည့်ရှုသောအခါ သဗ္ဗညုမြတ်စွာဘုရားကို ထင်ရှားစွာမြင်ပြီး ဆင်ခြင်သည်မှာ "ငါသည် အလွန်တရာမိုက်လှစွာသော အဘကို မှီရခြင်းကြောင့် မြတ်စွာဘုရားကို ညွှတ်တွားဆည်းကပ်လျက် အမှုကြီးငယ်ကို ဆောင်ရွက်ခြင်းငှာလည်းကောင်း၊ ဒါတဗ္ဗဝတ္ထုကို ပေးလှူခြင်းငှာလည်းကောင်း၊ ကောင်းခြင်းသုံးဖြာ ကေဝလာ ပရိပုဏ္ဏာဖြစ်တော်မူသော မြတ်စွာဘုရားတရားတော်ကို ကြားနာရခြင်းငှာ လည်းကောင်း အခွင့်ကိုမရ။ ယခုအခါ ရောဂါပြင်းစွာဖိ၍ ခံစားရသော

ငါသည် လက်အုပ်ချီမိုး ရှိခိုးခြင်းကိုမျှ မပြုနိုင်သဖြင့် တစ်ပါးသောအမှု ပြုဖွယ်မရှိချေ"ဟု ဆင်ခြင်ပြီးမှ စိတ်တွင် ကြည်ညိုခြင်း ဖြစ်စေ၏။ မဋ္ဌကုဏ္ဍလီသတို့သားသည် မြတ်စွာဘုရားရှင် ကြွသွားသော မျက်စိမြင်ရာဌာနကိုလွန်လျှင် အစဉ်အတိုင်း ကြည်ညိုသောစိတ်ဖြင့် သေလွန်သော် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သား ဖြစ်လေ၏။

ဖခင်ဖြစ်သော ပုဏ္ဏားကြီးလည်း မဋ္ဌကုဏ္ဍလီသတို့သား၏ အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပြီး သင်္ချိုင်း၌နေစဉ် သွား၍ငိုကြွေး၏။ မဋ္ဌကုဏ္ဍလီနတ်သားလည်း ယခုအခါ မိမိ၏စည်းစိမ်ချမ်းသာကို အဘယ်သို့သောကံကြောင့် ခံစားပျော်ပါး ရပါလိမ့်ဟု စူးစမ်းကြည့်ရှုလတ်သော် မြတ်စွာဘုရားသခင်၌ ကြည်လင်ညွတ်ကိုင်းသောစိတ်ကြောင့် ပျော်ပါးခံစား ရသည်ကိုသိ၍ "ငါ့ဖခင်သည် ရောဂါဖြစ်စဉ် မကုသပေးဘဲ ယခုမှ သုသာန်သို့ ရောက်လို့လာငို၏။ ထိုပုဏ္ဏားအား ဖောက်ပြန်သောအခြင်းအရာသို့ရောက်အောင် ပြုခြင်းငှာအပ်၏"ဟုကြံ၍ မဋ္ဌကုဏ္ဍလီ သတို့သားအသွင်ဖြင့် သုသာန်အနီး၌ လက်မောင်းနှစ်ဖက်ကို မြှောက်၍ပင့်ချီပြီး ငိုကြွေးနေ၏။ ပုဏ္ဏားကြီးလည်း ထိုသူငယ်၏ငိုကြွေးခြင်းကိုမြင်၍ "ငါသည်ကား တစ်ဆယ့်ခြောက်နှစ်ရွယ် သားကွယ်လွန်၍ ငိုကြွေး၏။ သင်သည် အဘယ်ကြောင့် ငိုကြွေးသနည်း"ဟု မေးမြန်း၏။ "ငါကား သင်၏သား မဋ္ဌကုဏ္ဍလီဖြစ်၏။ "သင် အဘယ်အရပ်မှာ ဖြစ်သနည်း" ဟု မေးသော်

တာဝတိံ နတ်ပြည်၌ ဖြစ်၏။ ဘုရား၌ကြည်ညိုသော စိတ်ကြောင့် ဖြစ်သတည်းဟု ပြောကြား၏။ "အသင်ပုဏ္ဏား သင်၏အိမ်၌ ပစ္စည်းဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ များစွာသောစည်းစိမ်ရှိ၏။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်သော ဘုရားသခင်သို့ ဆည်းကပ်၍ လှူဒါန်းအပ်သော ဒါနကို စွမ်းနိုင်သမျှ လှူဒါန်းပါလော့။ အစ၊ အလယ်၊ အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်ဝသဖြင့် ကေဝလာပရိပုဏ္ဏ ဖြစ်တော်မူသော တရားတော်မြတ်ကို မပြတ်အားထုတ်၍ ကြားနာလော့။ အမေးပုစ္ဆာကို လျှောက်လော့" ဟု တိုက်တွန်း နှိုးဆော်ခဲ့ပြီး ထိုနေရာ၌ပင် ကွယ်လေ၏။

ပုဏ္ဏားကြီးလည်း အိမ်သို့ပြန်၍ မယားဖြစ်သော ပုဏ္ဏေးမ ကိုခေါ်၍ ရဟန်းဂေါတမကိုပင့်ဖိတ်၍ ပြဿနာကိုမေးအံ့၊ ပူဇော်သက္ကာရကို ပြုအံ့ဟုပြောဆိုပြီး မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဇေတဝန် ကျောင်းတော်သို့သွား၍ ယနေ့နံနက်အခါ သံဃာတော်နှင့်တကွ အကျွန်ုပ် ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပါဟု ပင့်ဖိတ်တော်မူ၏။ မြတ်စွာ ဘုရားသခင်သည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ ပုဏ္ဏားလည်း ရိုသေစွာ လုပ်ကျွေးပြုစု၏။

ထိုအခါ များစွာသောလူအပေါင်းသည် စည်းဝေးရောက်ရှိလာကြ ကုန်၏။ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားသခင် ဆွမ်းစားပြီးသောအခါ အရှင်ဂေါတမ သင်တို့အား ပေးလှူပူဇော်ခြင်းကိုမပြု၊ တရားတော်ကို မကြားနာ၊ ဥပုသ်သီလ စောင့်ခြင်းမပြု၊ သက်သက် စိတ်၏ကြည်ညိုကာ

မတ္တမျှ နတ်ပြည်၌ဖြစ်ဖူးသောသူတို့ ရှိပါကုန်သလောဟု မေးလျှောက်၏။ ဘုရားရှင်က အိုပုဏ္ဏား- ငါဘုရား၌ စိတ်ကို ကြည်ညိုစေသည်ဖြစ်၍ နတ်ပြည်၌ဖြစ်သောသူတို့သည် တစ်ရာ၊ နှစ်ရာ၊ ရေတွက်ပိုင်းခြားနိုင်ခြင်း မရှိဟု မိန့်တော်မူ၏။

ထိုအခါ အစည်းအဝေးလာသောလူအပေါင်းတို့သည် ယုံမှားခြင်း ရှိကြကုန်၏။ ထိုယုံမှားခြင်းကို သိမြင်တော်မူ၍ "မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိဗိမာန် ခြွေရံစည်းစိမ်နှင့်တကွ လာစေတည်း"ဟု ဓိဋ္ဌာန်တော်မူ၏။ မဋ္ဌကုဏ္ဍလီ နတ်သားလည်း နတ်ဖြစ်သောတန်ဆာတို့ဖြင့် ဗိမာန်နှင့်တကွ လာခဲ့ပြီးသော် ဗိမာန်မှသက်ဆင်း၍ မြတ်စွာဘုရားသခင်ကို ရှိခိုးပြီး လျှောက်ပတ်သောနေရာ၌ နေ၏။ မြတ်စွာဘုရားသည် အသင်နတ်သား အဘယ်ကဲ့သို့သောကောင်းမှုကို ပြုခဲ့ခြင်းကြောင့် ဤသို့သောနတ်သုခကို ခံစားရသနည်းဟု မေးသော် အရှင်ဘုရားတို့၏စိတ်ကို ကြည်ညိုစေသော ကောင်းမှုကံကြောင့် ဤကဲ့သို့ ပျော်ပါးခံစားရပါသည်ဟု ဖြေကြား၏။

ထိုအခါ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ပရိသတ်တို့အား ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို စီမံအားထုတ်ပြုလုပ်သောအရာ၌ စိတ်သာ လျှင်မြတ်၏။ ကြည်ညိုမြတ်နိုးသောစိတ်ဖြင့် ပြုအပ်သောကောင်းမှုကုသိုလ် ကံသည် နတ်ပြည်သို့လည်းကောင်း၊ လူ့ပြည်သို့လည်းကောင်း အရိပ်ပမာ ထက်ကြပ်မကွာ အစဉ်တစိုက်လိုက်၏ဟု ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အကျွတ်တရားကို ရကုန်၏။ မင္ဂကုဏ္ဍလီနတ်သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။ အဒိန္နပုဗ္ဗကပုဏ္ဏားလည်း သောတာပတ္တိဖိုလ်၌ တည်၍ ကြီးစွာသောစည်းစိမ်ဥစ္စာကို မြတ်စွာဘုရားသာသနာတော်၌ စွန့်လွှတ်လေ၏။[၁]

၁။ ဓာ ၊ ၁ ၊ ၂၁၇
ဓမ္မ ၊ ဋ္ဌ ၊ ၁ ၊ ၁၆
ဓမ္မပဒဝတ္ထု ၊ ၁ ၊ ၃၄ – ၅၅

# မဏိအက္ခိက နဂါးမင်း

မဏိအက္ခိကနဂါးမင်းသည် မဟောဒရနဂါးမင်း၏ ဦးရီးတော် ဖြစ်သည်။ ကလျာဏီအရပ်၌ စိုးအုပ်နေထိုင်သောနဂါးမင်းလည်း ဖြစ်သည်။ ထိုနဂါးမင်းသည် မြတ်စွာဘုရားရှင် ပထမအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွတော်မူစဉ်က တရားနာ၍ သရဏဂုံသီလတို့၌ တည်သူဖြစ်သည်။ မဏိအက္ခိကနဂါးမင်းသည် စစ်ထိုးရန် နာဂဒီပကျွန်းသို့ ရောက်ရှိလာလေသည်။ ထိုနာဂဒီပကျွန်း၌ မြတ်စွာဘုရားရှင်အား "မြတ်စွာဘုရား အရှင်ဘုရားသည် အကျွန်ုပ်တို့အား အလွန်ကြီးမားလှသည့် ဤသနားစောင့်ရှောက်မှုကို ပြုအပ်ခဲ့ပါပြီ။ အရှင်ဘုရား မကြွလာသည်ရှိသော် (တပည့်တော်၏အပေါ်၌ အရှင်ဘုရား၏ ငဲ့ညှာထောက်ထား အသီးအခြား သနားစောင့်ရှောက်မှုသည်တည်စေချင်ပါသည်) နောက်တစ်ကြိမ် ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသောအခါ အကျွန်ုပ်၏နေထိုင်ရာ ကလျာဏီအရပ်သို့လည်း ချီးမြှောက်တော်မူစေချင်ပါသည်ဘုရား" ဟု၍ လျှောက်ထားတောင်းပန်လေသည်။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် သီဟိုဠ်ကျွန်းသို့ နောက်တစ်ကြိမ် ကြွရောက်တော်မူရန် လက်ခံတော်မူပြီးလျှင် ထိုနေရာ၌ပင် ရာဇာယတနစေတီတော်ကို တည်ထားစေတော်မူ၍ လင်းလွန်းပင်ကို လည်းကောင်း၊ ပတ္တမြားပလ္လင်ကိုလည်းကောင်း နဂါးမင်းတို့အား ရှိသေ

မြတ်နိုးရှိခိုးကြရန် အပ်နှင်းတော်မူလေသည်။ ထို့နောက် သုံးနှစ်မြောက် အချိန်သို့ရောက်သောခါ မဏိအက္ခိကနဂါးမင်းသည် မြတ်စွာဘုရားရှင်ကို ရဟန်းသံဃာနှင့်တကွ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူပါရန် တစ်ဖန် ပင့်လျှောက်ပြန်လေသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ရှစ်နှစ်မြောက်၌ ဇေတဝန်ကျောင်းတိုက်ဝယ် သီတင်းသုံးနေထိုင်တော်မူစဉ် မဏိအက္ခိက နဂါးမင်း ပင့်လျှောက်သည့်နေ့မှ နောက်တစ်နေ့ (ကဆုန် လပြည့်နေ့)ဝယ် ဆွမ်းဘုဉ်းပေးရန် အချိန်တန်ကြောင်း လျှောက်ထား အပ်သည်ရှိသော် ရဟန်းငါးရာခြံရံတော်မူလျက် ဇေတဝန်ကျောင်း၌ပင် သက်န်းရုံတော်မူကာ သီဟိုဠ်ကျွန်း ကလျာဏီအရပ် မဏိအက္ခိကနဂါး၏ ဘုံဗိမာန်သို့ ကြွရောက်တော် မူလေသည်။

မဏိအက္ခိကနဂါးမင်းသည် အခြံအရံနဂါးတို့နှင့်တကွ အခြံအရံ သံဃာတော်ငါးရာတို့နှင့်တကွ ကြွလာတော်မူသောမြတ်စွာဘုရားကို (ယခုအခါ) ကလျာဏီစေတီတော်တည်ရာအရပ်ဝယ် ဆောက်လုပ်အပ်သော ရတနာ မဏ္ဍပ်အတွင်း ခင်းထားအပ်သော ရတနာပလ္လင်၌ နတ်ဖြစ်ခဲဖွယ်သောဇဉ် တို့ဖြင့် ပြုစုလုပ်ကျွေးလေသည်။

ထို့နောက် ထိုကလျာဏီစေတီတော်တည်ရာ နေရာမဏ္ဍပ်၌ မဏိအက္ခိကနဂါးမင်းအမှူးပြုသော နတ်နဂါးပရိသတ်အပေါင်းသည် မြတ်စွာ ဘုရား၏ တရားတော်ကို နာကြားကြလေသည်။[၁]

---

၁။ မဟာဗုဒ္ဓဝင် – တတိယတွဲ၊ ၆၈၉။

# မုစလိန္ဒ နဂါးမင်း

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား ကျည်းပင်ရင်း၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ်ကိုခံစားလျက် တစ်ထိုင်တည်း နေတော်မူ၏။

ထိုအခါ ချမ်းအေးသောလေ နှိပ်စက်သည်။ ခုနစ်ရက်စွေသော အခါမဲ့မိုးကြီးသည် ရွာသွန်း၏။ ထိုအခါ မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှ ထွက်လာပြီးလျှင် "မြတ်စွာဘုရားကို အအေး အပူ ခြင် မှက် လေ နေပူ မြွေ ကင်း သန်း တို့၏အတွေ့သည် မဖြစ်ပါစေ"ဟု နှလုံးသွင်း၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို အခွေတို့ဖြင့် ခုနစ်ပတ်ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသောပါးပျဉ်းကို မိုးလျက် တည်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ကိုလွန်သဖြင့် ထို (အရဟတ္တဖိုလ်) ဖလသမာပတ်သမာဓိမှထ၏။ ထိုအခါ မုစလိန္ဒ နဂါးမင်းသည် ကောင်းကင်၌ တိမ်တိုက်ပျောက်ပျက် ကင်းစင်သည်ကိုသိ၍ မြတ်စွာဘုရား ကိုယ်တော်မှ အခွေတို့ကိုဖြေ၍ မိမိအသွင်ကိုပယ်ဖျောက်ကာ လုလင်အသွင်ကို ဖန်ဆင်းပြီးလျှင် မြတ်စွာဘုရားကို လက်အုပ်ချီကာ ရှိခိုးလျက် မြတ်စွာဘုရား ရှေ့မှောက်၌ ရပ်တည်၏။ ထိုအခါ

မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ "မင်္ဂါဉာဏ်လေးပါးတည်းဟူသော ရောင့်ရဲခြင်း ရှိသည်ဖြစ်၍ ထင်ရှားသိပြီးသောတရားရှိသည့် ခပ်သိမ်းသောတရားတို့ကိုမြင်သော ရဟန္တာပုဂ္ဂိုလ်အား နိဗ္ဗာန်ဟူသောဝိဝေကသည် ချမ်းသာ၏။ လောက၌ အမျက်မထွက်ခြင်းသည်လည်းကောင်း၊ သတ္တဝါအပေါင်းတို့၌ (မညှဉ်းဆဲမိအောင်) စောင့်စည်းခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောက၌ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟုဆိုအပ်သော "စွဲမက်မှု ရာဂ ကင်းသည့်အဖြစ်သည် ချမ်းသာ၏" "ငါဟူသောမာနကို ဆုံးမနိုင်ခြင်းသည် စင်စစ် အမြတ်ဆုံး ချမ်းသာခြင်းဖြစ်၏" ဟု ဥဒါန်းကို ကျူးရင့်တော်မူ၏။[၁]

---

၁။ ဒီ ၊ ၃ ။ ၁၆၅ (ဥဒါန ။ ၈၇ ။ ဇာ ၊ ၂ ။ ၂၃၂ ၊ ၃၃၃)
ဝိ ၊ ၄ ၊ ၃ ။ ၂၄၀

-၇၅-

# ယဝပါလက နတ်သား

ယဝပါလကနတ်သားသည် တာဝတိံသာနတ်ပြည်၌ (၁၂) ယူဇနာရှိသောရွှေဗိမာန်ကို ပိုင်ဆိုင်ခဲ့ပြီး စည်းစိမ်ဥစ္စာ ကြီးမားစွာခံစားခဲ့ရပါသည်။ မုယောခင်းစောင့်ရင်း ရခဲ့သောကုသိုလ်ကြောင့် နတ်သားဖြစ်၍ "ယဝပါလက နတ်သား"ဟု အမည်တွင်ခဲ့၏။

ဂေါတမဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်၌ နွမ်းပါးသောသူငယ်တစ်ယောက်သည် မုယောလယ်ခင်းစောင့်ပြုကာ အသက်မွေးရာ တစ်နေ့၌ နံနက်စာ မုယောမုန့်ကိုရ၍ "ဤမုန့်ကို မုယောလယ်ခင်းရောက်မှ စားမည်"ဟု ကြံစည်ကာ မုန့်ကိုယူပြီး လယ်ခင်းသို့လာခဲ့၏။ လယ်သို့ရောက်သော် သစ်တစ်ပင်ရင်း၌ ထိုင်နေစဉ် ရဟန္တာမထေရ်မြတ်တစ်ပါးသည် ခရီးသွားတော်မူရင်း နေမွန်းတည့်ချိန်နှင့် နီးကပ်လာသဖြင့် မုယောခင်းရှိ သူငယ်ထိုင်နေရာ သစ်ပင်ရင်းသို့ ကြွလာတော်မူ၏။ ထိုအခါ မုယောခင်းစောင့်သူငယ်သည် အချိန်ကိုကြည့်၍ "အရှင်ဘုရား၊ နေမွန်းတည့်လုပါပြီ၊ ဆွမ်းအာဟာရ ရပါပြီလား ဘုရားဟု လျှောက်ထားရာ ရဟန္တာမထေရ်သည် ဆိတ်ဆိတ်သာနေလေ၏။ သူငယ်သည် မထေရ်မြတ်၏ဆွမ်းဘုဉ်းမပေးရသည့်အဖြစ်ကို သိ၍ မိမိ၏မုယောမုန့်ကို ဘုဉ်းပေးပါရန် ကပ်လှူခဲ့၏။ မထေရ်မြတ်လည်း လယ်ခင်းစောင့် သူငယ်အား အစဉ်သနားစောင့်ရှောက်

တော်မူခြင်းအားဖြင့် ထိုသူငယ် ကြည့်ရှုနေစဉ်ပင်လျှင် မှယောမုန့်ကို ဘုဉ်းပေးတော်မူလေ၏။ ထို့နောက် အနုမောဒနာပြု၍ ကြွသွားတော်မူရာ မှယောခင်းစောင့်သူငယ်လည်း မိမိ၏အလှူဒါနကို အောက်မေ့ဆင်ခြင်၍ ရောဂါဖြင့် ကွယ်လွန်သောအခါ ယဝပါလက နတ်သား အဖြစ်သို့ ရောက်ရှိလေသည်။[၁]

၁။ ဝိမာန ၊ ၄ ၊ ၂၇၄ - ၇၅။

# ရောဟိနီ နတ်သမီး

ရောဟိနီမင်းသမီးသည် လူ့ပြည်မှ စုတေခဲ့သည်ရှိသော် တာဝတိံသာ နတ်ပြည်၌ နတ်သားလေးပါးတို့၏ ပိုင်နက်အကြား၌ဖြစ်၍ တင့်တယ်လှပကာ အရောင်အဝါ တဖိတ်ဖိတ်တောက်လျက် အများထက် တစ်မူထူးခြားနေလေ၏။ နတ်သားလေးပါးတို့သည်လည်း ထိုနတ်သမီးကို မြင်၍ စုံမက်မြတ်နိုးကြသောကြောင့် ငါ၏ပိုင်စား အပိုင်းအခြား၏အတွင်း၌ ဖြစ်ပေါ်လာသည်ဟု ငြင်းခုံ ကြကာ သိကြားနတ်မင်းထံသို့ သွားကြပြီးသော် အရှင်သိကြားမင်း အကျွန်ုပ်တို့အား ဤနတ်သမီးကို အမှီပြု၍ ငြင်းခုံကွဲပြား တရားမှု ဖြစ်ရပါသည်။ ထိုတရားကို အရှင်သိကြားမင်းသည် ဆုံးဖြတ် တော်မူပါကုန်လော့ဟု လျှောက်ထားကြကုန်၏။ သိကြားမင်းသည်လည်း ထိုနတ်သမီးကိုမြင်လျှင် နှစ်သက်ချစ်ခင်မိသောကြောင့် “အမောင်နတ်သားတို့ အသင်တို့အား ဤနတ်သမီးကို တွေ့ရသောကာလမှစ၍ အသင်တို့၏ စိတ်တို့သည် အဘယ်ကဲ့သို့ ဖြစ်သနည်း”ဟု မေးမြန်းတော်မူ၏။ ထိုအခါ နတ်သားတစ်ပါးက “အရှင်သိကြားမင်း ဤနတ်သမီးကို မြင်ရသော ကာလမှစ၍ အကျွန်ုပ်၏စိတ်ကို စစ်မြေပြင်၌ တီးအပ်သော စည်ကြီးကို ဆုတ်နစ် ရပ်တန့်သောငှာ မစွမ်းနိုင်ဘိသကဲ့သို့ ထို့အတူသာလျှင် ဆုတ်နစ် တည်တံ့စေသောငှာ မစွမ်းနိုင်ပါ”ဟု လျှောက်ထား၏။

ဒုတိယနတ်သားက "အရှင်သိကြားမင်း တောင်ထိပ်မှစီးဆင်းသော မြစ်ရေသည် အလျင်အမြန်စီးဆင်းခြင်း ဖြစ်ရသကဲ့သို့ အကျွန်ုပ်စိတ်သည် အရှိန်အဟုန် ပြင်းလှပါသည်"ဟု လျှောက်၏။ တတိယနတ်သားက "အရှင် သိကြားမင်း ဤနတ်သမီးကို တွေ့မြင်ရသော ကာလမှစ၍ ပုစွန်မျက်စိတို့သည် ပြူးပြူးထွက်ကုန် သကဲ့သို့ အကျွန်ုပ်၏ မျက်စိတို့သည် ပြူးပြူးထွက်ကုန် ပါသည်"ဟု လျှောက်၏။ စတုတ္ထနတ်သားက "အရှင် သိကြားမင်း စေတီ၌ စိုက်ထူထားသောတံခွန်သည် တည်မြဲခြင်းငှာ မစွမ်းနိုင်၊ အမြဲတစွင့်စွင့်လွင့်၍သာ နေသကဲ့သို့ စိတ်သည် မတုန်မလှုပ် တည်တံ့ခြင်းငှာ မစွမ်းပါ"ဟု လျှောက်ထား၏။

ထိုအခါ သိကြားမင်းက "အမောင်တို့ ဤနတ်သမီးကို တွေ့မြင်သော ကာလမှစ၍ အသင်တို့၏စိတ်၌ ဤမျှလောက်သာ ဖြစ်ပေါ် လာရခြင်းသည် အသင်တို့၏စိတ်ကို နှိပ်ကွပ်ဆုံးမ၍ သည်းခံနိုင်သောသဘော ရှိကြပေကုန်၏။ ငါသည်ကား ဤနတ်သမီးကိုရသော် အသက်ရှည်အံ့ မရခဲ့သော် ငါ့အား သေလွန်ခြင်း ဖြစ်ရအံ့"ဟု ပြောကြား၏။ နတ်သား လေးပါးတို့က အရှင်မင်းကြီး သေလွန်ခြင်းကို အလိုမရှိပါဟု ဆိုကြပြီးလျှင် ထိုရောဟိနီနတ်သမီးကို သိကြားမင်းအား ပေးစွန့်၍ သွားကြကုန်၏။ ထိုရောဟိနီနတ်သမီးသည် သိကြားမင်း၏အလွန်ချစ်အပ် နှလုံးကို ပွားစေ အပ်သော နတ်မိဖုရား ဖြစ်လေ၏။ သိကြားမင်းသည် ဤနတ်မိဖုရား၏ စကားကို ပယ်ရှားတားမြစ်ခြင်းငှာ မစွမ်းနိုင်။ အလိုအတိုင်းသာလျှင် လိုက်ပါ ရလေ၏။

နတ်သမီး၏ အတိတ်ဝတ္ထုမှာ - အရှင်အနုရုဒ္ဓါမထေရ်၏နှမတော် ရောဟိနီမင်းသမီးသည် ဆွမ်းစားဇရပ်ကို ဆောက်လုပ်ပြီးစီး၍ ဘုရားအမှူး ရှိသောရဟန်းအပေါင်းတို့ကို မွန်မြတ်သောခဲဖွယ်ကို ဆက်ကပ်လှူဒါန်း၏။ ဘုရားရှင် ဆွမ်းကိစ္စပြီး၍ ဤကောင်းမှုအလှူသည် အဘယ်သူ၏ ကောင်းမှုနည်းဟု မေးသော် အရှင်အနုရုဒ္ဓါက မိမိနှမ၏ကောင်းမှုဖြစ်ကြောင်း လျှောက်၏။ ထိုရောဟိနီ အဘယ်မှာနည်း၊ လာရောက်ရန် မိန့်တော်မူ၏။ ရောဟိနီလာရောက်ရှိခိုး၍ မိမိကိုယ်၌ အရေပြားအနာဖြစ်ခြင်းကြောင့် ရှက်၍မလာရောက်နိုင်ပါဟု လျှောက်လေ၏။ ထိုအခါ ဘုရားရှင်က ဗာရာဏသီဘုရင်မင်းမြတ်၏ လက်ယာမိဖုရားဘဝ ကချေသည် မိန်းမငယ်အား ရန်ငြိုး၍ ယားယံခြင်းကိုဖြစ်စေသော အသီး (ဝွေးငယ်သီး)၏ အမှုန့်တို့ကို ထိုမိန်းမငယ်၏အိပ်ရာအပေါ်ရုံ၊ ကော်ဇော တို့၌ လည်းကောင်း၊ ထိုကချေသည်၏ကိုယ်၌လည်းကောင်း ကြဲချဖူးလေ၏။ ထိုအမှုန့်တို့ကြောင့် ယားယံသောကြမ်းတမ်းသောဝေဒနာ ဖြစ်လေ၏။ ဤမကောင်းမှုကြောင့် ထိုကဲ့သို့ ဝေဒနာဖြစ်ရ၏။ ရောဟိနီ အနည်းငယ်မျှဖြစ်သော ကြမ်းကြုတ် ရက်စက်အမျက်ကိုလည်းကောင်း၊ ခြုတ်ခြယ်မကောင်း စောင်းမြောင်း ငြူစူခြင်းကိုလည်းကောင်း ပြုလုပ်ခြင်းငှာ မလျောက်ပတ်ဟု ဟောကြားတော်မူ၏။ ဒေသနာအဆုံး၌ များစွာသောသူတို့ သောတာပတ္တိဖိုလ်သို့ ရောက်လေကုန်၏။ ရောဟိနီမင်းသမီးလည်း သောတာပတ္တိဖိုလ်၌တည်၏။

ထိုခဏ၌ ရောဟိနီမင်းသမီး၏ကိုယ်သည် ရွှေအဆင်းကဲ့သို့ ဖြစ်လာ၏။ ထိုဘဝမှ စုတေကာ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။[၁]

---

၁ ။ ဓမ္မ ၊ ဌ ၊ ဒု ၊ - ၁၉၂ - ၁၉၄

# လာဇာ နတ်သမီး

အရှင်မဟာကဿပမထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်၏အနီး ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးတော်မူလျက် ဆွမ်းခံရာအရပ်ကို ဈာန်ကိုဝင်စားတော်မူ၍ ခုနစ်ရက် မြောက်သောနေ့၌ ဈာန်မှထတော်မူသည်ရှိသော် ဒိဗ္ဗစက္ခုဖြင့် ဆွမ်းခံရာအရပ်ကို သတ်မှတ်ကြည့်ရှုတော်မူသည်ရှိသော် သလေးနှံကိုယူ၍ ပေါက်ပေါက်ပြုလျက် နေသော သလေးခင်းစောင့်မိန်းမတစ်ယောက်ကို မြင်တော်မူ၍ “ဒါယိကာမ သည် သဒ္ဓါတရားရှိသလော၊ သဒ္ဓါတရားမရှိသလော”ဟု စူးစမ်းဆင်ခြင် တော်မူ၏။ သဒ္ဓါတရားရှိသည်အဖြစ်ကို သိတော်မူပြီး၍ ငါ့အားချီးမြှင့် ပေးကမ်း လှူဒါန်းနိုင်အံ့လောဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် ရဲရင့်တည်ကြည်သော အမျိုးသမီးသည် ငါ့ကိုချီးမြှင့်ပေးကမ်းခြင်း ပြုလတ္တံ့၊ ထိုသို့ပြုခြင်းကြောင့်လည်း ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ချမ်းသာကို ရပေလတ္တံ့ဟု သိမြင်တော်မူပြီး သင်္ကန်းကိုရုံတော်မူပြီး၍ သပိတ်ကိုယူပြီးလျှင် သလေးခင်း၏အနီး၌သာလျှင် ရပ်တည်တော်မူ၏။ အမျိုးသမီးသည် မထေရ်ကို မြင်ကတည်းကပင် ကြည်ညိုသော စိတ်ရှိသဖြင့် ငါးမျိုးရှိသော ပီတိဖြင့် တွေ့ထိသောကိုယ်ရှိရကား ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား ခေတ္တရပ်တည်တော်မူပါဦးဟု လျှောက်ကြား၍ ပေါက်ပေါက်တို့ကိုယူပြီး လျင်စွာသောအဟုန်ဖြင့် သွားရောက်လျက် မထေရ်၏သပိတ်၌

ထည့်လောင်း၍ ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးဦးချပြီးသော် ဘုန်းတော်ကြီးသော အရှင်ဘုရား ဤကောင်းမှုကုသိုလ်ကံကြောင့် အရှင်ဘုရားတို့သည် မျက်မှောက်ထင်ထင် သိမြင်အပ်သောတရား၏ အဖို့ရှိသည် ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

မထေရ်ကလည်း" ဤသို့ အသင် ဆုတောင်းတိုင်း ဖြစ်စေလော့"ဟု အနုမောဒနာကို ပြုတော်မူ၏။ ထိုအမျိုးသမီးသည်လည်း မထေရ်ကို ရှိခိုးဦးချ၍ မိမိပြုလုပ်လှူဒါန်းအပ်သောဒါနကို ဆင်ခြင်လျက် ပြန်လည်၍လာခဲ့၏။ ထို အမျိုးသမီးသွားလာရာ လယ်ကန်သင်းလမ်းခရီး၌ တစ်ခုသောတွင်းဝယ် ကြမ်းတမ်းသောအဆိပ်ရှိ မြွေတစ်ကောင်သည် အိပ်နေ၏၊ ထိုမြွေသည် မထေရ် ကြွသည်ရှိသော် သလုံးမြင်းခေါင်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်သောကြောင့် မထေရ်အား ကိုက်ခဲခြင်းငှာ မစွမ်းနိုင်၊ အမျိုးသမီးဒါယိကာမသည် မိမိပြုလှူအပ်သောဒါနကို အောက်မေ့၍ ပြန်လာခဲ့သောအခါ မြွေရှိသောထိုနေရာသို့ ရောက်လာသဖြင့် မြွေသည် တွင်းဝမှထွက်လာ၍ အမျိုးသမီးကို ကိုက်ခဲပြီး ထိုနေရာ၌ပင် လဲကျ သေစေ၏။

ထိုလယ်စောင့်အမျိုးသမီးသည် ကြည်ရွှင်သောစိတ်ဖြင့် သေသောကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၌ အိပ်ပျော်သောယောကျ်ားနိုးသောလားသကဲ့သို့ အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဂါဝုတ်ပမာဏရှိသော အတ္တဘောခန္ဓာကိုယ်ဖြင့်

ဖြစ်လေ၏။ တစ်ဆယ့်နှစ်ယူဇနာရှိသောနတ်၌ဖြစ်သော နတ်ပုဆိုးကိုဝတ်၍ တစ်ထည်ကို သိုင်းရုံလျက် နတ်သမီးတစ်ထောင်ခြံရံပြီးလျှင် မိမိရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကို ပြုပြင်ခြင်းငှာ ဗိမာန်၏တံခါး၌ ရွှေဖြင့်ပြီးသော ပေါက်ပေါက်ပန်းတို့ဖြင့်ပြီးသော တွဲလဲဆွဲသော ရွှေခွက်တို့ဖြင့် တန်ဆာဆင်လျက်တည်၏။

ထိုနတ်သမီးသည် မိမိ၏စည်းစိမ်ချမ်းသာကိုကြည့်ရှု၍ ငါသည် ဘယ်သို့သောကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခြင်းကြောင့် ဤသို့သော စည်းစိမ်ချမ်းသာကို ရပါလိမ့်မည်နည်းဟု နတ်တို့မျက်စိဖြင့် ကြည့်ရှုဆင်ခြင် အပ်သည်ရှိသော် အရှင်မဟာကဿပမထေရ်အား လှူဒါန်းအပ်သောပေါက် ပေါက်ပွင့်အလှူ၏အကျိုးဖြင့် ရရှိပေသည်ဟုသိလေ၏။ ထိုနတ်သမီးသည် ငါသည် အနည်းငယ်မျှသော ကောင်းမှုကံကြောင့် ဤသို့သဘောရှိသော စည်းစိမ် ချမ်းသာကြီးကို ရလေသည်။ ယခုအခါ ငါသည် မေ့လျော့နေခြင်းငှာ မသင့်လျော်၊ အရှင်မထေရ်မြတ်အား ဝတ်ကြီးဝတ်ငယ် ရွက်ဆောင်ဖွယ်ရာ အမှုကိစ္စကို ပြုစု ဆောင်ရွက်၍ ဤစည်းစိမ်ချမ်းသာ မြင့်ရှည်စွာ တည်သည်ကိုပြုအံ့"ဟု ကြံ၍ နံနက်စောစောကပင် ရွှေဖြင့်ပြီးသောတံမြက်ကို လည်းကောင်း၊ အမှိုက်ကျုံးယူ၍ စွန့်ပစ်ရန် ရွှေဖြင့်ပြီးသော ခြင်းတောင်းကိုလည်းကောင်း ကိုင်ယူဆွဲငင်၍ သက်ဆင်းလာရောက်ပြီး အရှင်မဟာကဿပမထေရ်၏ ပရိဝုဏ်ကို တံမြက်လှည်းပြီး၍ သောက်ရေ သုံးဆောင်ရေတို့ကို တည်ထား၏။

မထေရ်သည် ထိုသို့ ပြုစုလုပ်ကိုင်၍ထားသောအခြင်းအရာကို တွေ့မြင်၍ သူငယ်တစ်စုံတစ်ယောက်သည် လည်းကောင်း၊ သာမဏေ တစ်စုံတစ်ယောက်သည် လည်းကောင်း ဝတ်ကြီးဝတ်ငယ်ကို ပြုအပ်သည် ဖြစ်ပေလိမ့်မည်ဟု မှတ်ထင်တော်မူ၏။ ထိုလာဇာနတ်သမီးသည် ဒုတိယနေ့၌လည်း ရှေးနည်းအတူပင်ပြု၏၊ မထေရ်ကလည်း ရှေးနည်း အတူသာလျှင် မှတ်ထင်တော်မူ၏၊ တတိယနေ့၌ မထေရ်သည် ထိုနတ်သမီး၏တံမြက်လှည်းသံကိုကြား၍ တံခါး၏သံကောက်ပေါက်တို့ဖြင့် ပျံ့နှံ့ဝင်ရောက်လာသောကိုယ်ရောင်ကိုမြင်လျှင် တံခါးကို ဖွင့်တော်မူပြီးသော် ဤ၌တံမြက်လှည်းသူကား အဘယ်သူဖြစ်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားတို့၏ အလုပ်အကျွေး လာဇာနတ်သမီးပါတည်းဟု လျှောက်၏။

ငါ့အား ဤအမည်ရှိသောအလုပ်အကျွေးဒါယိကာမသည် မရှိချေဟု မိန့်တော်မူသော် အရှင်ဘုရား တပည့်တော်မသည် သလေးခင်းကို စောင့်ရှောက်၍နေစဉ် အရှင်ဘုရားကြွလာတော်မူ၍ ပေါက်ပေါက်ပွင့်တို့ကို လှူဒါန်းပြီး ဝမ်းမြောက်သော စိတ်စေတနာနှင့် ဆုတ်နစ်ပြန်လည်ရာ အဆိပ်ပြင်းသောမြွေသည် ခဲအပ်သောကြောင့် သေလွန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရပါသည်။ အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားကို အမှီပြုပြီး ဤစည်းစိမ်ချမ်းသာကို ရအပ်သည်ဖြစ်၍ ဤယခုအခါ၌လည်း အရှင်ဘုရားတို့အား ဝတ်ကြီးဝတ်ငယ်ကိုပြုပြီးလျှင် စည်းစိမ်ချမ်းသာကို

အမြဲထာဝရခိုင်ခံ့တည်တံ့ခြင်းကို ပြုလုပ်အံ့ဟု နှလုံးသွင်းပြီး လာရောက်ပြုစုပါသည်ဟု လျှောက်၏။

နတ်သမီး မနေ့တစ်နေ့ကလည်း အသင်သည်ပင် ဤအရပ်၌ တံမြက်လှည်းသလော၊ အသင်သည်ပင်လျှင် သောက်ရေသုံးဆောင်ရေတို့ကို တည်ထားသလောဟု မေးတော်မူသဖြင့်၊ မှန်ပါသည်အရှင်ဘုရားဟု လျှောက်သည် ရှိသော် အသင်နတ်သမီးပဲသွားလော့၊ အသင်ပြုအပ်ပြီးသော ဝတ်ကြီးဝတ်ငယ် မှာမူကား ပြုအပ်သည်ပင်ရှိစေတော့၊ ဤအခါမှစ၍ နောက်နောင်ကာလကို ဤဌာန ဤအရပ်သို့ မလာခဲ့လင့်ဟု မိန့်တော်မူ၏၊ လာဇာနတ်သမီးသည် အရှင်ဘုရား တပည့်တော်မကို မဖျက်ဆီးပါကုန်လင့်၊ အရှင်ဘုရားတို့၏ ဝတ်ကြီးဝတ်ငယ်ကိုပြုပြီး စည်းစိမ်ချမ်းသာ၏မြဲမြံခိုင်ခံ့တည်တံ့သည်ကိုပြုခြင်းငှာ တပည့်တော်မအား ခွင့်ပြုပေးသနားတော်မူပါကုန်လော့ဟု တောင်းပန်၏။

အသင်နတ်သမီးပဲသွားပါလော့၊ ငါ့အား နောင်အခါ၌ ဆန်းကြယ်သောယပ်ကိုကိုင်ယူ၍ ပရိသတ်အလယ်ဝယ် တင့်တယ်စွာ ထိုင်နေသီတင်းသုံးပြီး တရားဟောခမ္မကထိကပုဂ္ဂိုလ်တို့သည် "မဟာကဿပ မထေရ်ကြီးအား နတ်သမီး တစ်ယောက်သည် လာရောက်၍ ဝတ်ကြီးဝတ်ငယ်တို့ကိုပြုပြီးလျှင် သောက်ရေ သုံးဆောင်ရေကို တည်ထားလုပ်ကျွေးဖူးသတဲ့"ဟု ဤကဲ့သို့ပြောဆိုအပ်သည်ကို မပြုပါလေလင့်၊ ဤအခါမှစ၍ နောက်နောင်သောအခါ၌ ဤအရပ်သို့မလာပါနှင့်

ဖယ်သွားပါလော့ဟု မိန့်တော်မူ၏။ လာဇာနတ်သမီးသည် အရှင်ဘုရားတို့ တပည့်တော်မကို မဖျက်ဆီးပါကုန်လင့်ဟု အဖန်တလဲလဲ တောင်းပန်သည် သာလျှင်တည်း၊ မထေရ်က "ဤနတ်သမီးသည် ငါ၏ပြောဆိုအပ်သော စကားကို မနာယူ"ဟု ကြံတော်မူ၍ "အသင်နတ်သမီးသည် ပမာဏကို မသိလေစွတကား"ဟု မိန့်တော်မူ၍ လက်ဖျစ်တီး၏။

နတ်သမီးသည် ထိုအရပ်၌ တည်နေခြင်းငှာ မစွမ်းနိုင်သည် ဖြစ်ရကား ကောင်းကင်သို့တက်၍ လက်အုပ်ချီမိုး ရှိခိုးပြီး အရှင်ဘုရားတို့ တပည့်တော်မသည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာကို ဖျက်ဆီးတော် မမူကြပါကုန်လင့်၊ မြဲမြဲခိုင်ခံ့တည်တံ့သည်ကိုပြုခြင်းငှာ ခွင့်ပေးသနားတော်မူ ကြပါကုန်ဟု ငိုကြွေးလေ၏။

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက် သာလျှင် ထိုလာဇာနတ်သမီး ငိုကြွေးသံကိုကြား၍ ကိုယ်ရောင်တော်ကို လွှတ်ပြီးလျှင် နတ်သမီး၏မျက်မှောက်၌ထိုင်၍ ပြောဟောဘိသကဲ့သို့ နတ်သမီး ငါ၏သားတော် ကဿပအား စောင့်စည်းသည်ကိုပြုခြင်း သည်သာလျှင် တာဝန်ပေတည်း၊ ကောင်းမှုကို အလိုရှိကြကုန်သောသူတို့ကား "ဤသို့သော အမှုဝတ္ထုအရာသည် ငါတို့အား အကျိုးစီးပွားများ၏"ဟု မှတ်သားပြီး ကောင်းမှုကိုပြုခြင်းသည် ဤ ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာသောအကျိုး အာနိသင်ကိုသာ ခံစားရလေသည်ဟု မိန့်တော်မူပြီးသော် ယောကျာ်းသည် ကောင်းမှုကိုပြုရာ၏။ ငါသည်

ကုသိုလ်ကောင်းမှုတစ်ကြိမ်ပြုပြီး၍ ဤမျှ လောက်ဖြင့် တော်သင့်ပြီဟု အားရတင်းတိမ်မနေဘဲ အမြဲမပြတ်ပြုလုပ်သင့်၏။ ကုသိုလ်ကောင်းမှု တိုးပွားခြင်းသည် ပစ္စုပ္ပန်လောက၏ ချမ်းသာခြင်းအကြောင်း ဖြစ်သည်ဟု မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ လာဇာနတ်သမီးသည် လေးဆယ့်ငါးယူဇနာမျှလောက် ကောင်းကင်၌ ရပ်တည်လျက်သာလျှင် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။[၁]

---

၁။ ဓာ ၊ ၂ ၊ ၂၀၆ ၊ ဓာ ၊ ဋ္ဌ ၊ ၆ ၊ ၂၆၄ – ၅။
ဒီ ၊ ဋ္ဌ ၊ ၃ ၊ ၁၀၆။
ဝိ ၊ ဋ္ဌ ၊ ၃ ၊ ၉၀။
ဓမ္မ၊ ဋ္ဌ၊ မြန် ၊ ၃ ၊ ၁၈၀ – ၄

# လတာ နတ်သမီး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်သား ဥပသကာတစ်ယောက်၏သမီးသည် လတာမည်၏။ ပညာရှိ၏။ လိမ္မာ၏။ ထက်မြက်စူးရှသောဉာဏ်ရှိ၏။ လင်အိမ်သို့ရောက်သောအခါ လင်ကိုလည်းကောင်း၊ ယောက္ခမနှစ်ဦးကိုလည်းကောင်း၊ ကျူးလွန်၍မကျင့်၊ ချစ်ဖွယ်သောစကားကိုဆို၏။ အခြွေအရံအား ချီးမြှောက်ခြင်း၌လိမ္မာ၏။ အိမ်၌ အိမ်ထောင်ဝန်ကို စွမ်းဆောင်နိုင်၏။ အမျက်ထွက်လေ့မရှိ၊ သီလအကျင့်နှင့် ပြည့်စုံ၏။ ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်၏။ မကျိုးမပေါက်သောသီလရှိ၍ ဥပုသ်စောင့်သုံးခြင်း၌ မမေ့မလျော့ ဖြစ်၏။ ထိုလတာအမျိုးသမီးသည် နောက်အဖို့၌ သေဆုံး၊ ကွယ်လွန်၍ ဝေဿဝဏ်နတ်မင်းကြီး၏သမီးဖြစ်ကာ လတာဟူသော အမည်ဖြင့်သာလျှင် ဖြစ်၏။ ထိုလတာနတ်သမီး၌ သဇ္ဇာ၊ ပဝရာ၊ အစ္စိမတီနှင့် သုတာဟူသော ညီမလေးဘော်တို့သည်ရှိ၏။ ထိုနတ်ညီအစ်မငါးဦးတို့ကိုလည်း သိကြားမင်းသည် ဆောင်ယူ၍ ကချေသည်အဖြစ် အလုပ်အကျွေးအရာ၌ထား၏။ လတာနတ်သမီး သည် အကအဆိုတို့၌ လိမ္မာကျွမ်းကျင်သဖြင့် အကြီးအမှူးဖြစ်လေ၏။

ထိုနတ်သမီးသည် တပေါင်းတည်းစု၍ ချမ်းသာစွာနေထိုင်ကြစဉ် ကောင်းစွာသီဆိုခြင်း၌ ကျွမ်းကျင်မှုကိုစွဲ၍ အငြင်းအခုံဖြစ်၏။ ထိုနတ်သမီးတို့သည် ဖခင်ဝေဿဝဏ်နတ်မင်းကြီးထံသို့သွား၍ "ခမည်းတော် - သမီးတော် တို့တွင် အဘယ်သမီးတော်သည် အကအဆို စသည်တို့၌ အကောင်းဆုံးဖြစ်ပါ သနည်း"ဟု မေးကုန်၏။ ဝေဿဝဏ်နတ်မင်းကြီးက "ချစ်သမီးတို့ သွားကြကုန်၊ အနောတတ်အိုင်၏ကမ်းပါး နတ်သဘင် အစည်းအဝေး၌ သင်တို့၏ထူးခြားမှုသည် ထင်ရှားလတ္တံ့"ဟုဆို၏။ ထိုနတ်သမီးတို့သည် ဖခင်ဆိုတိုင်း ပြုကြ၏။ ထိုနတ်သဘင်အစည်းအဝေး၌ နတ်သားတို့သည် လတာနတ်သမီး ကခုန်သည်ရှိသော် မိမိနေတိုင်း သဘာဝဖြင့် ရပ်တည်ခြင်းငှာ မတတ်နိုင်ကုန်။ အလွန်ရွှင်လန်းခြင်း ရှိကြသဖြင့် ရင်သပ်ရှုမော အံ့ဩသော စိတ်ဖြစ်ကုန်၍ အစဉ်မပြတ် ကောင်းချီးပေးလျက် ကျယ်လောင်စွာဟစ်ကြွေးကာ အဝတ်ပုဆိုးတို့ကို မြှောက်ဝှေ့ယမ်းကြ၏။ ဟိမဝန္တာတစ်တောလုံး တုန်လှုပ်သကဲ့သို့ ကြီးစွာသော အုတ်အုတ်ကျက်ကျက်အသံသည် ဖြစ်လေ၏။ လတာနတ်သမီးမှ တစ်ပါး နတ်သမီးတို့ ကခုန်သောအခါသည် အေးချမ်းလှသောရာသီဖြစ်သည့် သိသိရရတုအခါ၌ ဥဩငှက်ကဲ့သို့ တိတ်ဆိတ်စွာထိုင်နေကြကုန်၏။ ဤသို့လျှင် ထိုသီဆိုပွဲ၌ လတာနတ်သမီး၏ ထူးခြားသော ထင်ရှားကျော်ကြားမှုသည် ဖြစ်လေသည်။

ထိုအခါ၌ ထိုနတ်သမီးတို့တွင် သုတာမည်သော ညီမအငယ်ဆုံး နတ်သမီးသည် အဘယ်ကောင်းမှုကိုပြု၍ ဤအမကြီးလတာသည် ငါတို့ကို အဆင်းဖြင့်လည်းကောင်း၊ အခြံအရံဖြင့်လည်းကောင်း လွှမ်းမိုး၍တည် သနည်း ဟုကြံစည်ကာ လတာနတ်သမီးကို မေး၏။ လတာနတ်သမီးသည် ထိုသို့ဖြစ်ရခြင်းအကြောင်းကို ဖြေကြား၏။ ထိုအကြောင်းကို ဝေဿဝဏ် နတ်မင်းက နတ်ပြည်ကို ဒေသစာရီ ကြွချီလာသော အရှင်မဟာ မောဂ္ဂလ္လာန်အား လျှောက်ထား၏။ မထေရ်သည် ထိုအကြောင်းကို မေးမြန်းသောအကြောင်းရင်းမှစ၍ ဘုရားရှင်အား လျှောက်ထား လေ၏။

နတ်သမီး၏ကောင်းမှုသည် လင်ကိုကျူးကျော်၍ မကျင့်ပုံ၊ ယောက္ခမ မိဘတို့၌ ရိုသေ၍ အိမ်ရှင်မပီသပုံ သီလမြဲပုံနှင့် ဥပုသ်စောင့် မပျင်းရိပုံတို့ဖြစ်ပြီး ထိုကောင်းမှုကြောင့် နောင်တမလွန် နတ်သမီးဘဝ၌ သူတစ်ပါးထက် အရာရာ သာလွန်ခြင်းဖြစ်သည်။[၁]

---

၁။ ဝိမာန ၊ ၃၇ ။ ဝိမာန ၊ ၄ ၊ ၁၂၀

# သဟမ္ပတိ ဗြဟ္မာ

သဟမ္ပတိဗြဟ္မာကြီးသည် ကဿပမြတ်စွာဘုရားရှင်၏သာသနာ၌ "သဟက"မည်သောမထေရ်မြတ် ဖြစ်ခဲ့သည်။ ရုပါဝစရပဉ္စမဈာန်ကိုရ၍ ဈာန်မလျှောကုန်ဘဲ စုတေသောအခါ ပဉ္စမဈာန်ဘုံ၌အနန္တရကပ်ခြောက်ဆယ့်လေးကပ် = အသင်္ချေယျကပ်တစ်ကပ်အသက်ရှည်သော မဟာဗြဟ္မာကြီး ဖြစ်လေသည်။ ထိုမဟာဗြဟ္မာကြီးကို "သဟမ္ပတိဗြဟ္မာ"ဟူ၍ ထိုဘုံသား ဗြဟ္မာတို့က အသိအမှတ်ပြုကာ ခေါ်ဆိုကြ၏။[၁]

သဟမ္ပတိဗြဟ္မာသည် ကဿပမြတ်စွာဘုရားသာသနာတော်၌ သဟက မည်သောရဟန်း ဖြစ်သည်။ အနာဂါမိဖိုလ်ကိုရ၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်လေသည်။ ထိုဘုံ၌ သဟမ္ပတိဗြဟ္မာဟု တွင်လေသည်။[၂]

---

၁။ သံ၊ဋ္ဌ ၊၁ ၊၁၈၂ ။ သာရတ္ထဋီ ၊ ၃ ၊၁၅၅ ။ သမန္တစက္ခု ၊ အဋ္ဌမတွဲ၊ ၅၂၅။
  ပုဏ္ဏာ - ၁၃၅
  ဝိ - ၃ - ၆
  ဝိ ၊ ဋ္ဌ ၊ ၃ ၊ ၂၄၃
  ပဏ် - ၂ - ၂၉၂
  သံ ၊ ၁ ၊ ၁၃၉
  သံ ၊ ဋ္ဌ ၊ ၁ ၊ ၂၄၃
  ဗုဒ္ဓဝံ - ၁၉၉
  ဗုဒ္ဓဝံ ၊ ဋ္ဌ ၊ ၁၂၊ ၁၄
၂။ သုတ္တနိ - ၃၈၀
  သုတ္တနိ၊ ဋ္ဌ၊ ၊ ၂ ၊ ၁၉၆

မြတ်စွာဘုရားရှင်တို့၏ တရားဟောတော်မူခြင်းသည် -

(၁) ကိုယ်တော်မြတ်တို့၏ အဇ္ဈတ္တသန္တာန်၌ဖြစ်ပွားသောသတ္တဝါတို့ကို သနားကြင်နာမှု"မဟာကရုဏာတော်"တည်း ဟူသော အဇ္ဈတ္တိက နိဒါန်း၊

(၂) လောကဂရု = တစ်လောကလုံးက အလေးပြုအပ်သည့် ဗြဟ္မာမင်း၏ တရားဟောရန်တောင်းပန်ခြင်း။

"ဗြဟ္မယာစန"တည်း ဟူသော ဗာဟိရနိဒါန်းဟူ၍ အကြောင်းနိဒါန်း နှစ်ပါးရှိ လေရာ ထိုသို့ မြတ်စွာဘုရားတရားတော်၏ နက်နဲပုံ သတ္တဝါတို့၏ ကိလေသာ ထူပြောပုံတို့ကို ဆင်ခြင်တော်မူသောအချိန်၌ မြတ်စွာဘုရား၏ မဟာကရုဏာတော်တည်းဟူသော အဇ္ဈတ္တိကနိဒါန်းကား ပြည့်စုံပြီးရှိလေပြီ။

အထက်ပါ ဗြဟ္မာမင်း၏တောင်းပန်ခြင်းတည်းဟူသော ဗာဟိရ နိဒါန်းကား ထိုအချိန်၌ မပြည့်စုံသေး (ဗြဟ္မာ၏တောင်းပန်မှုကား မဖြစ်သေး) ထို့ကြောင့် ဗြဟ္မာမင်း၏တောင်းပန်ခြင်းဟူသော ဗာဟိရနိဒါန်း ပြည့်စုံသော အခါသို့ရောက်မှ တရားဟောဖို့ရန် စိတ်ညွတ်တော်မူခြင်းဖြစ်သည်။

ဗြဟ္မာမင်းတောင်းပန်မှ တရားဟောခြင်းသည် မြတ်စွာဘုရားရှင် တိုင်း၏ ဓမ္မတာကြီးတစ်ခုဖြစ်သည်။ ထိုသို့ဗြဟ္မာမင်းတောင်းပန်မှ တရား ဟောခြင်း၏ အကြောင်းမှာ သာသနာပြင်ပ (ဘုရားမပွင့်မီ) ဗာဟိရကာလ၌ လူဝတ်ကြောင်များ၊ ရသေ့ ပရိဗိုဇ်များ၊ ရဟန်း၊ ပုဏ္ဏားဟုသမုတ်အပ်သူ သူတော်စင်များတို့သည် ဗြဟ္မာကိုသာအလေးပြု၍ ကိုးကွယ်ကြကုန်၏။

သို့ဖြစ်ရကား လောကဂရု (တစ်လောကလုံးက အလေးပြုအပ်သော) ဗြဟ္မာကြီးက မြတ်စွာဘုရားကို အလေးပြုညွတ်တွား ကိုင်းရှိုင်းလာလျှင် တစ်လောကလုံးကပင် မြတ်စွာဘုရားကို အလေးပြု ညွတ်တွား ကိုင်းရှိုင်းပေလိမ့်မည်။ သက်ဝင် ယုံကြည်ပေလိမ့်မည်။ ဤအကြောင်းကြောင့် ဗြဟ္မာမင်းတောင်းပန်မှ တရားဟောတော်မူကြမြဲ ဓမ္မတာဖြစ်သည်။

မြတ်စွာဘုရားရှင်သည် တရားဟောကြားရန် အားမထုတ်သေးသော အချိန်၌ သဟမ္ပတိဗြဟ္မာကြီးသည် မဟာဗြဟ္မာ အပေါင်း တစ်သောင်းတို့နှင့်တကွ ဗြဟ္မာပြည်၌ ကွယ်ခဲ့ပြီးလျှင် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ထင်ရှား ပေါ်ပေါက်လာ၏။ ထိုအခါ သဟမ္ပတိ ဗြဟ္မာကြီးသည် အပေါ်ရုံကို လက်ဝဲပခုံး ထက်၌တင်ထားကာ လက်ယာ ဒူးဝန်းကို မြေ၌ထောက်လျက် မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီး "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားဟောတော်မူပါလော့၊ ကောင်းသော စကားကို ပြောကြားတော်မူတတ်သော မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့အား တရားဟောတော်မူပါလော့။ ဉာဏ်ပညာမျက်စိ၌ ကိလေသာ မြူမှုန်နည်းပါးကုန်သော သတ္တဝါတို့သည် များစွာရှိကြပါကုန်၏။ ထိုသတ္တဝါ တို့သည် မြတ်စွာ၏တရားတော်ကို မကြားနာကြရကုန်သည်ရှိသော် မိမိတို့ ရသင့်ရထိုက်သော မဂ်ဖိုလ်တရားမှ ဆုတ်ယုတ်ဆုံးရှုံးကြပါကုန်လိမ့်မည်။ မြတ်စွာဘုရား ဟောကြားမည့် တရားတော်ကို သိမြင်နားလည်နိုင်သော

သူတို့သည်လည်း ထင်ရှားဖြစ်ပေါ် ကြပါကုန်လိမ့်မည် ဘုရားဟု လျှောက်ထား ပြီးနောက် ထပ်မံ၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား ပွင့်ထွန်းတော်မမူမီ ရှေးအခါက မဂဓတိုင်းတို့၌ ကိလေသာအညစ်ကြေးရှိကြသည့် ပုရာဏကဿပစသော တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ကြံဆအပ်သော၊ မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါပြီ။ သို့ဖြစ်၍ အရှင်မြတ်ဘုရားသည် အမြိုက်နိဗ္ဗာန်ဝင်ရန် မှန်လှမဂ်တံခါးမကြီးကို ဖွင့်လှစ်တော်မူပါလော့။ ဤသတ္တဝါအပေါင်းတို့သည် ကိလေသာအညစ်အကြေးမှ ကင်းဝေးတော်မူသော ရှင်တော်မြတ်ဘုရား ထိုးထွင်းသိမြင်အပ်သည့် သစ္စာလေးပါးမြတ်တရားကို နာကြားကြပါကုန်စေ။

ကောင်းမြတ်ကြည်လင် ပညာရှင်ဖြစ်တော်မူ၍ ထက်ဝန်းကျင် မြင်စွမ်းနိုင်သည့် ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရား။ မျက်စိအမြင် ကောင်းသောယောကျ်ားသည် ကျောက်အတိပြီးသော တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင်ရှိ လူသူအပေါင်းကိုကြည့်ရှုသကဲ့သို့ ထို့အတူ ပူဆွေးစိုးရိမ်ခြင်း ကင်းဝေးတော်မူပြီးသော မြတ်စွာဘုရားသည် ပညာဖြင့်ပြီးသော ရတနာပြာသာဒ် ထက်သို့ တက်တော်မူပြီးလျှင် (ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသည်ဖြင့် နှိပ်စက် အပ်သည်ဖြစ်၍) စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ကြီးမြတ်ရဲရင့်သော လုံ့လဝီရိယရှိတော်မူလျက် အလုံးစုံသော စစ်ပွဲတို့၌ ရှုံးတော်မမူ၊ အောင်ပွဲသာ ယူတော်မူသော မြတ်စွာဘုရား၊ ထတော်မူပါလော့၊ ဝေနေယျသတ္တဝါအပေါင်းကို ဇာတိခရီးခဲ၊ ဇရာခရီးခဲ အစရှိသည်တို့မှ လွတ်မြောက်စေကာ နိဗ္ဗာန်တည်းဟူသော ဘေးမဲ့အရပ်သို့ ပို့ဆောင်တော်မူတတ်သဖြင့် လှည်းကုန်သည်မှူးနှင့် အလားတူလျက် ကာမဆန္ဒတည်းဟူသော တဏှာမြီကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား၊ လောက၌ တရားသဘင် ဆင်ယင်ကျင်းပရန် ဒေသစာရီ ကြွချီတော်မူပါလော့။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းအား သစ္စာလေးပါးတရားကို ဟောကြား တော်မူပါလော့။ မြတ်စွာဘုရား ဟောကြားမည့် တရားတော်ကို သိမြင်နားလည်နိုင်သော သူတို့သည်လည်း ထင်ရှားဖြစ်ပေါ်ကြပါကုန်လိမ့်မည်ဘုရား ဟု လျှောက်ထား တောင်းပန်လေသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာကြီး လျှောက်ထားတောင်းပန်သောအခါ မြတ်စွာဘုရားသည် တရားဟောကြားရန် ဝန်ခံစကား မိန့်ကြားတော်မူလေသည်။ "အိုသဟမ္ပတိဗြဟ္မာကြီး၊ ငါဘုရားသည် ရှေးရှေးရက်များကမူ တရားဟောရန် နိဒါန်းနှစ်ပါး မပြည့်စုံသေးရကား၊ တရားဟောစေကာမူ သတ္တဝါတို့အား အကျိုးမရ၊ ငါဘုရားပင်ပန်းရုံမျှသာရှိမည်ကို ကောင်းစွာ သိမြင်သဖြင့် မိမိလေ့လာအပ်ပြီးသည့် မွန်မြတ်သောတရားကို လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား မဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

ထိုအခါသဟမ္ပတိဗြဟ္မာကြီးသည် “ငါ့ကို မြတ်စွာဘုရား တရားဟောရန် ဝန်ခံစကားမိန့်ကြားခွင့် ပြုတော်မူလေပြီ” ဟု နှစ်သက် ရွှင်လန်းဝမ်းမြောက်လျက် မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးပြီး၍ လက်ယာရစ်သုံးပတ်လှည့်ပြီးလျှင် ပြီးချင်း ထိုနေရာ၌ပင် ကွယ်ပျောက်၍ မိမိနေရင်း ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။[၁]

---

၁။ ဗုဒ္ဓဝင် ၊ ၄ ၊ ၁၄
သံ ၊ ၄ ၊ ၁ ၊ ၁၈၂
ဝိမတိ ၊ ၂ ၊ ၈၇
သုတ္တနိ ၊ ၄ ၊ ၂ ၊ ၁၉၆
အံ ၊ ၄ ၊ ၁ ၊ ၁၈၂
အဘိ ၊ ၄ ၊ ၁ ၊ ၇၇
ဝဇိရ ၊ ၁၈
အံ ၊ ၃ ၊ ၁ ၊ ၅၂

# သုစိလောမဘီလူးနှင့်ခရလောမဘီလူး

သုစိလောမဘီလူးနှင့် ခရလောမဘီလူး သူငယ်ချင်းနှစ်ဦးတို့သည် ရှေးဘဝက မကောင်းမှုအကုသိုလ်ကံကြောင့် ဂယာရေအိုင်၏ ဆိပ်ကမ်းအနီး၌ ဘီလူးမျိုး ဖြစ်ကြလေသည်။ မြင်မကောင်း၊ ရှုမကောင်းအောင် အကျည်းတန်ပြီး လွန်စွာစူးရှကြမ်းခက်လှသော အပ်သွားနှင့်တူသော အမွေးရှိသောကြောင့် သုစိလောမဟူ၍လည်းကောင်း၊ ကြောက်လန့်ဖွယ် အင်္ဂါကြီးငယ်တို့ရှိပြီး ထိုဘီလူး၏ ကိုယ်ရေသည် အုပ်ကြွပ်အမိုးပမာ (ငါးအကြေးကဲ့သို့ အဖတ်လိုက် အဖတ်လိုက် တည်ရှိကာ) ကြမ်းတမ်းသော ကိုယ်အတွေ့ရှိသောကြောင့် ခရလောမဟူ၍ လည်းကောင်း အမည်တွင်လေသည်။ တစ်နေ့တွင် ထိုသူနှစ်ဦးတို့သည် အစာရှာရန် မိမိတို့ဘုံဗိမာန်မှ ထွက်ခဲ့ကြသည်။ ထိုအချိန်၌ ဘုရားရှင်သည် ထိုဘီလူးနှစ်ဦးတို့၏ သောတာပတ္တိဖိုလ်ကို ရရှိကြောင်း ရှေးကောင်းမှုကို မြင်တော်မူ၍ ဂယာရွာ၏ အနီး ငုံကိတမည်သော ကျောက်သောင်စောင်း၌ ထိုင်နေတော်မူ၏။ ယင်းဘီလူးနှစ်ဦးတို့သည် ဘုရားရှင်ကို တွေ့မြင်သောအခါ ရှေးဦးစွာ ခရဘီလူးက "ထိုသူကားရဟန်းတည်း" ဟု ပြောကြားရာ သုစိလောမဘီလူးက "ထိုသူကား ရဟန်းစစ်မဟုတ်၊ ရဟန်းတုဖြစ်၏" ဟု ပြောဆိုပြီး အတု၊ အစစ်ကိုသိအောင် စုံစမ်းလေသည်။

သူစိလောမဘီလူးသည် ဘုရားရှင်အား ကြောက်ရွံ့စေရန် သူ၏ ကြမ်းတမ်းလှသော ကိုယ်ကြီးကို ဘုရားရှင်ဖက်သို့ ညွတ်ကိုင်း လိုက်သောအခါ ဘုရားရှင်က ရှောင်တိမ်းတော်မူရာ သူစိလောမဘီလူးက ဘုရားရှင်ကို ကြောက်သလားဟု မေးမြန်း၏။ ဘုရားရှင်က မကြောက်ဟု မိန့်ဆိုတော်မူလျှင် ဘီလူးကတစ်ဖန် " – – ပြဿနာကိုမေးပေအံ့၊ အကယ်၍သင်သည် ထိုပြဿနာကို မဖြေဆိုနိုင်လျှင် ရူးသွပ်သွားစေမည်။ သို့မဟုတ် နှလုံးသားကို ဖောက်ခွဲပစ်မည်၊ သို့မဟုတ် ခြေထောက် နှစ်ချောင်းတို့ကိုကိုင်၍ မြစ်တစ်ဖက်ကမ်းသို့ ပစ်လွှင့်မည်" ဟု ရိုင်းပျစွာ ပြောကြား၏။ ထိုအခါ ဘုရားရှင်က "ထိုသို့ပစ်လွှင့်နိုင်မည့်သူတလူကိုမျှ ငါဘုရားမြင်တော်မမူ၊ သင်မေးလိုသော ပြဿနာကို မေးလော့" ဟု ဖိတ်ကြားတော်မူ၏။

သူစိလောမဘီလူးမေးသောအချက် (၃)ချက်မှာ –

(၁) ရာဂနှင့်ဒေါသတို့သည် အဘယ်ကြောင့်ရှိကုန်သနည်း။

(၂) ကုသိုလ်တရားတို့နှင့်မမွေ့လျော်ခြင်း၊ အာရုံငါးပါး၌ ပျော်ပိုက်ခြင်း၊ မွေးညင်းရှင်ပျကြက်သီးထခြင်းတို့သည် အဘယ်မှ ဖြစ်ကြကုန် သနည်း။

(၃) ရွာသူသားငယ်တို့ ကျီးငှက်၏ခြေကို ကြိုးဖြင့်ချည်၍ အထက်သို့ ပစ်လွှတ်ကြကုန်သကဲ့သို့ ဝိတက်ကိုးပါး အကြံတရားတို့သည် အဘယ်မှ ဖြစ်ပေါ်သနည်းဟူ၍ ဖြစ်ပါသည်။

ယင်းနှင့်စပ်လျဉ်း၍ ဘုရားရှင်က ဖြေကြားရာတွင် ယင်းတို့သည် ခန္ဓာကိုယ်အတ္တဘောလျှင် အကြောင်းရှိကြပြီး ထိုခန္ဓာကိုယ်အတ္တဘောမှသာလျှင် ဖြစ်ပေါ်ကြကုန်၏ဟု ဖြေကြားတော်မူပြီး သစ္စာလေးပါးကို ဖော်ပြသည့် တရားဂါထာကို ဟောကြားရာ ထိုဘိလူးသူငယ်ချင်းနှစ်ဦးသည် သောတာပတ္တိဖိုလ် ၌ တည်ကြကုန်၏။ သောတာပန်အရိယာဖြစ်သော ထိုဘိလူးသူငယ်ချင်းနှစ်ဦးသည် မူလအဆင်းမလှ၊ အကျည်းတန်မှုများ ကွယ်ပျောက်၍ နတ်တန်ဆာ ဆင်ယင်ပြီးသား ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ကိုယ်ရေဖြင့် ကြည်ညိုဖွယ်ပုံပန်းသဏ္ဍာန် ရှိကြလေကုန်၏။ [၁]

---

၁။ သံ၊၁ ၊၂၀၈၊၂၁၀။

သုတ္တနိ၊၃၂၀ ။ မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ ၂၃၁-၈။

# သေရီသကနတ်သား

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အရှင်ကုမာရကဿပသည် ရဟန်းငါးရာနှင့်အတူ သေတဗျမြို့သို့ရောက်လေ၏။ ထိုအခါ မိမိထံသို့ ရောက်လာသည့် အယူမှားသူပါယာသိရာဇညမင်းအား အယူကိုပယ်စွန့်စေကာ အယူမှန်၌တည်စေသည်။ ထိုမင်းသည် အလှူကို ပေးလှူသော်လည်း မရိုမသေ လှူသောကြောင့် ကွယ်လွန်သော် စတုမဟာရာဇ်နတ်ပြည် သေရီသက ဗိမာန်၌ ငြီးငွေ့ဖွယ်ရာ တစ်ယောက်တည်း နေရရှာလေသည်။

ထိုသေရီသကဗိမာန်သည် ဂဝံပတိမထေရ်၏ ဗိမာန်ဟောင်း ဖြစ်သည်။ ကဿပ ဘုရားရှင်လက်ထက်၌ နွားကျောင်းသားတစ်ဦးသည် ရဟန္တာမထေရ်မြတ်တစ်ပါးအား ကုက္ကိုကိုင်းလေးခုဖြင့် သစ်ခက်မဏ္ဍပ် ဆောက်လုပ် လှူဒါန်းပါသည်။ ထိုနွားကျောင်းသား စုတေသော် စတုမဟာရာဇ်နတ်ပြည်၌ နတ်သားဖြစ်လေသည်။ ထိုနတ်သားစံရာ ဗိမာန်တံခါးဝ၌ ကုက္ကိုတော ဖြစ်ပေါ် လာသောကြောင့် ဤဗိမာန်သည် သေရီသကဗိမာန်ဟူ၍ ထင်ရှားလေသည်။ ထိုနတ်သားသည် ဂဝံပတိ မထေရ်ဖြစ်လာသည်။ ဂဝံပတိမထေရ်သည် ရဟန္တာဖြစ်ပြီးနောက် ရှေးက နေခဲ့ဖူးသော သေရီသကဗိမာန်သို့ မပြတ်ကြွ၍ နေ့သန့်စင် တော်မူ၏။

အခါတစ်ပါး၌ ပါယာသိနတ်သားသည် အရှင်ဂဝံပတိမထေရ်အား မိမိ၏အဖြစ်အပျက်များကို လျှောက်ထားပြီး လူ့ပြည်သို့ ပြန်ရောက်ပါက မိမိ၏အခြံအရံဖြစ်သောလူအပေါင်းအား ကုသိုလ်ကောင်းမှုကို ရိုသေစွာ ပြုလုပ်ရန်နှင့် မိမိဗိမာန်၌ ဖြစ်ခြင်းငှာ ဆန္ဒပြုရန် တိုက်တွန်းပေးပါရန် မှာကြားလေသည်။ လူအပေါင်းတို့လည်း မထေရ်၏ မိန့်ကြားချက်အရ ကုသိုလ်ကောင်းမှု ပြုကြသည်ရှိသော် သေရီသကဗိမာန်၌ ဖြစ်ကြလေ၏။

သေရီသကနတ်သားကို ဝေဿဝဏ်နတ်မင်းကြီးက သဲကန္တာရ ခရီး၌ ခရီးသွားသူတို့အား စောင့်ရှောက်ရန် တာဝန်ပေးထား၏။ အင်္ဂနှင့် မဂတိုင်းသား ကုန်သည်တို့သည် ကုန်ရောင်းသွားကြရာ ထိုသဲကန္တာရသို့ ရောက်၍ ညဉ့်အခါ၌ ခရီးသွားစဉ် လမ်းမှားကာ တစ်ပါးသောအရပ်သို့ ရောက်သွားကြသည်။ သေရီသကနတ်သားသည် ထိုကုန်သည်တို့တွင် ပါဝင်သောဥပသကာတစ်ဦးကို ချီးမြှောက်လိုသဖြင့် မိမိ၏ဗိမာန်နှင့်တစ်ကွ မိမိကိုယ်ကို ပြလေသည်။

ကုန်သည်တို့သည် သေရီသကနတ်သား၏ ခမ်းနားကြီးကျယ်သော ဘုံဗိမာန်နှင့် စည်းစိမ်ချမ်းသာတို့ကို မြင်တွေ့ရ၍ နတ်သားအား မည်သူမည်ဝါ ဖြစ်ကြောင်း မေးမြန်းရာ နတ်သားက မိမိသည် လူလည်းမဟုတ်၊ သိကြားမင်း လည်းမဟုတ် ဝေဿဝဏ်နတ်မင်း၏ တာဝန်ပေးချက်အရ သဲကန္တာရအရပ်ကို စောင့်ရှောက်ရသော နတ်တစ်ပါးဖြစ်ကြောင်း ပြောဆိုလေသည်။

ထိုနောက်မိမိ၏ အတိတ်ဘ၀ ဇာတ်ကြောင်းကို ပြောဆိုပြီး ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းခဲ့သဖြင့် ဤသို့နတ်စည်းစိမ်ကို ခံစားရခြင်းဖြစ်ကြောင်း ပြောလေသည်။

နတ်သားက ဆက်လက်၍ ကုန်သည်များအတွင်း၌ သဒ္ဓါ သီလစာဂ စသောသူတော်ကောင်းတရားနှင့် ပြည့်စုံသော သိမ်မွေ့ပြေပြစ်သောစကားကိုသာ ဆိုသော၊ ကိုယ်နှုတ်နှလုံးသုံးပါးကို ဆုံးမအပ်သော၊ စင်ကြယ်သော အသက်မွေးခြင်း ရှိ၍ အမိအဖတို့ကို လုပ်ကျွေးသော ဥပသကာရှိ၏။ ထိုဥပသကာသည် ဆမ္ဗဝဆတ္တာသည်ပင် ဖြစ်၏။ ထိုသူကို အကြောင်းပြု၍သာ ကုန်သည်တို့အား မိမိကိုယ်ထင်ပြ၍ စောင့်ရှောက်ထားခြင်းဖြစ်ကြောင်း၊ သူတော်ကောင်းနှင့် ပေါင်းဖော်ခြင်းသည် ချမ်းသာကြောင်း ပြောဆိုပါသည်။

ကုန်သည်တို့သည် သေရီသကနတ်သား၏ ခွင့်ပြုချက်အရ ဗိမာန်သို့ တက်ရောက်ကြည့်ရှုကာ နတ်သား၏ တန်ခိုးအာနုဘော်တို့ကို ဝမ်းမြောက် ကြလျက် ဥပသကာအဖြစ် ဝန်ခံပြောဆိုကြပြီး ငါးပါးသီလကို စောင့်ထိန်း ကြကုန်၏။[၁] ကုန်သည်တို့သည် ချမ်းသာစွာ မိမိတို့အိမ်သို့ ပြန်ရောက်ရှိလာပြီး သေရီသက ပူဇော်ပွဲကို ပြုလုပ်ကြလေသည်။ သေရီသက နတ်ကွန်းကို ဆောက်လုပ်ကြသည်။[၂]

---

၁။ ပေတ ၊ ၁၉၃ ၊ ပေတ၊ ဋ္ဌ ၊ ၂၂၇။
၂။ ဒီ ၊ ၂ ၊ ပါယာသိသုတ် ၊ ၂၅၃ - ၂၈၃။

# ဟေမဝတနတ်ဘီလူးနှင့် သာတာဂိရနတ်ဘီလူး

ဟေမဝတနတ်ဘီလူးမင်းသည် ဟိမဝန္တာတောအတွင်း ဟေမဝတတောင်၌နေ၍ သာတာဂိရနတ်ဘီလူးမင်းသည် မဇ္ဈိမဒေသအတွင်း သာတတောင်၌ နေ၏။ ထိုနတ်မင်းနှစ်ဦးတို့သည် နှစ်ကျိပ်ရှစ်ဦးသော နတ်စစ်သူကြီးတို့တွင် စာရင်းဝင်ဖြစ်ပြီး တန်ခိုးအာနုဘော် အလွန်ကြီးမားကြသော နတ်မင်းများလည်း ဖြစ်ကြကုန်၏။ တစ်လလျှင် ရှစ်ကြိမ်တရားဆုံးဖြတ်ရန် နတ်တို့၏ အစည်းဝေးပွဲ၌ ထိုနတ်ဘီလူးနှစ်ဦးလည်းပါဝင်စည်းဝေးကြရလေ၏။ ထိုအခါ ယင်းတို့နှစ်ဦး အချင်းချင်း တွေ့မြင်ကြ၍ လူ့ပြည်က ဖြစ်ရပ်ကို မှတ်မိကြပြီး "ငါတို့သည် ရှေးအခါက ကဿပဘုရားရှင်လက်ထက်၌ နှစ်ပေါင်းနှစ်သောင်းမျှ ရဟန်းတရားကို အားထုတ်ခဲ့ပါလျက် အလဇ္ဇီဒုဿီလပါပကို အမှီပြု၍ နတ်ဘီလူးမျိုး၌ ဖြစ်ကြ ရကုန်၏။ ငါတို့၏ ပစ္စည်းလေးပါး ဒါယကာတို့သည်ကား အထက်ကာမာဝစရ နတ်ပြည်တို့၌ ဖြစ်ကြလေကုန်ပြီ" ဟု ပြောဆိုကာ ပြင်းထန်စွာ နှလုံး မသာမယာ ဖြစ်ကြလေကုန်၏။

ထိုဟေမဝတနှင့် သာတာဂိရနတ်ဘီလူးတို့၏ ရှေးဘဝအကြောင်းမှာ ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော် မူပြီးနောက် ကဿပဘုရားရှင်၏သရီရဓာတ်မွေတော်မြတ်ကို ဓာတ်တော်တိုက်

တည်ဆောက်၍ စေတီတော်ကြီးကို လူအပေါင်းတို့က တည်ထားကြကုန်၏။ ဤကဲ့သို့ စေတီတော်ကြီး တည်ထား ပြီးသောခါ အမျိုးကောင်းသား သူငယ်ချင်းနှစ်ဦးတို့သည် လူ့ဘောင်မှထွက်၍ ရှင်ရဟန်းပြုကြ၏။ ထို့နောက် ထိုရဟန်းနှစ်ပါးသည် သာဝကကြီးတို့အား ဘုရားရှင်သာသနာတော်၌ အားထုတ်ဖွယ်ရဟန်းအလုပ်တို့ကို မေးလျှောက်ရာ သာဝကကြီးတို့က အားထုတ်ဖွယ်ရဟန်းအလုပ်တို့ကား (၁) ဝါသဓုရ (ခေါ်) ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကျင့်သုံးမှုနှင့် (၂) ပရိယတ္တိဓုရ (ခေါ်) စာပေ ပရိယတ်သင်ကြားပို့ချမှု ဟူသော အလုပ်ဟူ၍ နှစ်ပါးရှိကုန်ကြောင်း မိန့်ဆိုတော် မူ၏။ ထိုအခါ သူငယ်ချင်းရဟန်းနှစ်ပါးတို့သည် အသက်ကြီးမှ ဤဝါသဓုရ ကမ္မဋ္ဌာန်း အလုပ်ကို ဖြည့်ကျင့်မည်။ အသက်မကြီးသေးမီ ပရိယတ္တိဓုရခေါ် စာပေပရိယတ်သင်ကြားပို့ချမှုကို ပြည့်စုံပြီးစီးအောင် ဖြည့်ကျင့်ကြမည်ဟု တိုင်ပင်၍ ကြိုးစားအားထုတ်ကြရာ ပင်ကိုပကတိကပင် ပညာရှိသူများ ဖြစ်ကြ၍ မကြာမီ ပိဋကတ်သုံးပုံ အလုံးစုံကို တစ်ဖက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်ကြပြီး ဝိနည်းဆုံးဖြတ်ရာ၌လည်း ကျွမ်းကျင် လိမ္မာတော်မူကြသည်။ ထို့ကြောင့် သူငယ်ချင်းရဟန်း နှစ်ပါးတို့သည် သာသနာတော်၌ ဝိနည်းခိုရ်မထေရ်ကြီးများ အဖြစ် ထင်ပေါ်ခြင်း၊ လာဘ်လာဘ ပေါများခြင်းနှင့် တစ်ပါးလျှင် တပည့်ရဟန်း ပရိသတ်ငါးရာစီ ရှိကြကုန်၏။

တစ်နေ့တွင် ဓမ္မဝါဒီရဟန်းတစ်ပါးက ရက်စက်ရန့်ရင်း၍ နှုတ်ထွက်ကြမ်းသူဖြစ်သော အဓမ္မဝါဒီရဟန်း၏ ဝိနည်းသိက္ခာပုဒ်လွန်ကျူးသော အပြစ်ကို အပြစ်တင်ပြောဆို၏။ အဓမ္မဝါဒီရဟန်းက "သင်ဘာကိုမြင်လို့လဲ၊ ဘာကို ကြားလို့လဲ၊ အရမ်းမစွပ်စွဲပါနှင့်" ဟု ပြောဆိုရာ ဓမ္မဝါဒီရဟန်းက "ငါ့ရှင် ဝိနည်းမိုရ်ရှမထေရ်မြတ်ကြီးများ သိကြလိမ့်မည်" ဟုပြောဆို၏။ ထိုအခါ အဓမ္မဝါဒီရဟန်းသည် "ဝိနည်းမိုရ်ရှမထေရ်မြတ်ကြီးတို့ တရားလမ်းရှိတိုင်း ဆုံးဖြတ်ကြလျှင် ငါ့အား ဆောက်တည်ရာရှိတော့မည် မဟုတ်"ဟု စဉ်းစားမိပြီး ထိုဝိနည်းမိုရ်ရှမထေရ်ကြီးတို့ကို မိမိဘက်ပါအောင် လက်ဆောင်ရဟန်းပရိက္ခရာ အသုံးအဆောင်တို့ကို လှူဒါန်းကာ ထို မထေရ်ကြီးတို့ထံ၌ ခစားလုပ်ကျွေးလျက် ဝတ်ကြီးဝတ်ငယ်၊ ပြည့်စုံစွာ ဖြည့်ကျင့်လိုသူ ဟန်ဆောင်နေသည်။

တစ်နေ့တွင် အဓမ္မဝါဒီရဟန်းက မထေရ်ကြီးတို့အား "တပည့်တော်မှာ ရဟန်းတစ်ပါးနှင့်သိက္ခာပုဒ်လွန်ကျူးချက်နှင့် ပတ်သက်၍ ငြင်းခုံမှုဖြစ်ခဲ့၏။ အကယ်၍ ဤအကြောင်းဝတ္ထုကို အရှင်မြတ်တို့ထံလာရောက် လျှောက်ထားလျှင် တရားနည်းလမ်းရှိတိုင်းမဆုံးဖြတ်ရန်" လျှောက်ထားရာ မထေရ်ကြီးတို့က မသင့်လျော်ကြောင်း မိန့်ကြားသော်လည်း ထိုအဓမ္မဝါဒီ ရဟန်း၏ အတင်းအကြပ် လျှောက်ထားပြောဆိုသောကြောင့် နောက်ဆုံးတွင် ဝန်ခံစကားမိန့်ကြားတော်မူကြကုန်၏။ အဓမ္မဝါဒီရဟန်းက ရှေးကထက်

ကြမ်းကြုတ်ခက်ထန်စွာ ပြောဆိုရာ ခမ္မဝါဒီရဟန်းက ဝိနည်းမိုရ်မထေရ်ကြီးနှင့် အခြံအရံရဟန်းတစ်ထောင်တို့ထံ ချဉ်းကပ်၍ အကြောင်းဝတ္ထုကို လျှောက်ထားတိုင်ကြားသော်လည်း ပြန်ကြားပြောဆိုမှု မပြုကြဘဲ ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါ ခမ္မဝါဒီရဟန်းသည် မထေရ်ကြီးတို့အား "အရှင်ဘုရားတို့သည် အကြောင်းဝတ္ထုကို ဆုံးလည်း မဆုံးဖြတ်၊ ညီညွတ်အောင်လည်း မလုပ်ဘဲ အခမ္မဝါဒီရဟန်း၏ ပြုစုလုပ်ကျွေးမှုကိုသာ ငဲ့ကွက်ကြပြီး သာသနာတော်ကို မငဲ့ကြကုန်။ မစောင့်ရှောက်ကြဘဲ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်ကိုသာ စောင့်ရှောက်ကြကုန်၏။ ယနေ့မှစ၍ အရှင်ဘုရားတို့ ဝိနည်းကို မဆုံးဖြတ်သင့်တော့ချေ။ ယနေ့မှာမှ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ" ဟု ငိုကြွေးလျက် ထွက်ခွာသွားလေသည်။

ထိုအခါ ဝိနည်းမိုရ်မထေရ်ကြီးနှစ်ပါးတို့သည် ထိတ်လန့်စွာ သံဝေဂရရှိပြီး နောင်တတစ်ဖန် ပူပန်ခြင်းကုက္ကုစ္စတို့ ဖြစ်ကြကုန်၏။ ထိုစိတ်နှလုံးတို့ကြောင့် သေလွန်သောအခါ အထက်နတ်ပြည်၌ မဖြစ်ကြဘဲ ဟေမဝတမည်သော နတ်ဘီလူးနှင့် သာတာဂိရမည်သော နတ်ဘီလူးမင်းတို့ ဖြစ်လေသည်။ အခြံအရံ ရဟန်းတစ်ထောင်တို့သည်လည်း အခြံအရံ နတ်ဘီလူးများပင် ဖြစ်ကုန်၏။ ထိုဝိနည်းမိုရ်မထေရ်ကြီးတို့၏ ပစ္စည်းလေးပါး ဒါယကာတို့သည်ကား အထက် နတ်ပြည်၌ ဖြစ်ကြကုန်၏။

ထိုသာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းသူငယ်ချင်းနှစ်ဦး တို့သည် မိမိတို့နေရာအသီးသီး၌ ထူးခြားသော အကြောင်းတစ်ခုကို တွေ့မြင် ကြားသိခဲ့လျှင် တစ်ဦးနှင့်တစ်ဦး လာရောက်ပြောကြားပါရန် အချင်းချင်း ကတိပြုမှာကြား ပြောဆိုကြ၏။

ဤသို့ဖြင့် သူငယ်ချင်းနှစ်ဦးတို့သည် ထိုနတ်ဘီလူးဘဝကို မစွန့်နိုင်ဘဲ ရှိကြ၏။ ဂေါတမဘုရားအလောင်း မယ်တော်မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်တော်မူသောအခါ ဖြစ်ပေါ်တော်မူသော နိမိတ် ၃၂ပါးကို တွေ့မြင်ကြသော်လည်း ဤနိမိတ်ကြီးတို့ မည်သည့် အတွက်ကြောင့် ဖြစ်ပေါ်ကုန်မှန်း မစဉ်းစားမဆင်ခြင်၊ မသိကြပေ။ အလားတူ တောထွက်သောအခါနှင့် ဘုရားဖြစ်သောအခါတို့၌ ဖြစ်ပေါ် လာကုန်သော နိမိတ်ကြီး ၃၂ပါးတို့ကိုလည်း မစဉ်းစားမဆင်ခြင်၊ မသိလိုက်ကြပေ။

သို့သော် ဘုရားရှင် ပဉ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစကြာတရား ဟောကြား တော်မူသောအခါ ထင်ရှားဖြစ်ပေါ်လာသော မြေငလျင်ကြီးစွာ လှုပ်ခြင်းကို လည်းကောင်း၊ ထူးကဲသောနိမိတ်ကြီး ၃၂ ပါးတို့ကို လည်းကောင်း၊ သာတာဂိရနတ်မင်းကြီး တစ်ဦးသာ ပထမဦးစွာမြင်၍ မိမိအခြံအရံ နတ်ဘီလူးငါးရာနှင့်တကွ ဘုရားရှင်ထံ လာရောက်၍ ဓမ္မစကြာတရားနာကြားသော်လည်း သူငယ်ချင်းဖြစ်သော ဟေမဝတ နတ်မင်းအား သွားရောက်ခေါ်ယူပြီးမှ အတူတကွတရား ဒေသနာ

နာကြားမည်ဟု စိတ်ကူးပြီး ဆင်ယာဉ်၊ မြင်းယာဉ်၊ ဂဠုန်ယာဉ်စသည်တို့ကို ဖန်ဆင်း၍ နတ်ဘီလူးပေါင်း ငါးရာတို့ကိုခြံရံလျက် ဟိမဝန္တာသို့ ကောင်းကင်ခရီးဖြင့် သွားလေ၏။ ထိုအချိန်၌ ဟေမဝတ နတ်မင်းလည်း ဟိမဝန္တာတောအတွင်း၌ ၃၂ ပါးသော နိမိတ်တို့ ထူးထူးကဲကဲ ဖြစ်ပေါ်နေ၍ သူငယ်ချင်းသာတာဂိရနတ်မင်းကို သွားရောက် ခေါ်ဆောင်ပြီး အတူတကွ အံ့မခန်းသည့် ဟိမဝန္တာတောပန်းတို့၏ အသရေ စည်းစိမ်ချမ်းသာကို မွေ့လျော်ပျော်ပါး ခံစားရန် စိတ်ကူးမိပြီး မဇ္ဈိမဒေသသို့လာရာ ကောင်းကင်ပြင်၌ ရင်ဆိုင်တွေ့ကြ၏။

ထိုအခါ တစ်ဦးနှင့်တစ်ဦး လာရောက်ကြသည့် အကြောင်းကို မေးမြန်းကြရာ သာတာဂိရနတ်မင်းက ဤအခါမဲ့ပန်းတို့ ထူးဆန်းစွာ ဖူးပွင့်ခြင်းအကြောင်းကို သိပါရဲ့လားဟု မေးမြန်းရာ မသိပါဟု ဖြေကြား၏။ သာတာဂိရနတ်မင်းက ဤသို့ ထူးကဲသောသဘောသည် ဟိမဝန္တာ တောင်ကြီးတစ်ခုတည်း၌သာ ဖြစ်ပေါ်သည်မဟုတ်၊ စကြာဝဠာတိုက် တစ်သောင်း၌ပင် အညီအမျှဖြစ်ကြောင်း၊ ယခုအခါ ဘုရားရှင် ပွင့်တော်မူလာပြီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူသောကြောင့် ထူးကဲသော နိမိတ်ကြီး ၃၂ပါး ဖြစ်ပေါ်ကုန်ကြောင်း ပြောဆိုပြီး ဟေမဝတနတ်မင်းနှင့်တကွ အခြံအရံတို့ကို ဘုရားရှင်ထံ တရားနာယူရန် တိုက်တွန်းခေါ်ယူလေသည်။ ဘုရားရှင်ထံရောက်လျှင် ဟေမဝတနတ်မင်းက သစ္စာလေးပါးနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားရာ ဘုရားရှင်က ဒုက္ခသစ္စာ၊

သမုဒယသစ္စာ၊ နိရောဓသစ္စာနှင့် နောက်ဆုံးဖြစ်သော သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး တရားတို့ကို ဟောကြားတော်မူလေ၏။ တရားတော်အဆုံးတွင် ဟေမဝတ နတ်မင်းနှင့် သာတာဂိရနတ်မင်းတို့သည် နောက်ပါအခြံအရံ ဘီလူးပေါင်း (၁၀၀၀)တို့နှင့် တကွ သောတာပန်အရိယာတို့ ဖြစ်ကြကုန်၏။[၁]

၁။ သုတ္တနိ ၊ ၁၉၂ -၂၁၂။
ဗုဒ္ဓဝင် ၊ ဒုတိယတွဲ၊ ၄၃၀ - ၄၆၈။

-၁၁၀-

## ပြန်လည်သုံးသပ်ချက်နှင့် နိဂုံး

ကျမ်း၌ပါဝင်သော တန်ခိုးရှင်အသီးသီးတို့၏ မြတ်စွာဘုရားရှင်နှင့် ဖူးတွေ့ ကြုံကြိုက်ရမှုကြောင့် အကျိုးကျေးဇူးခံစားရပုံတို့မှာ သိသာထင်ရှားသည့် အကြောင်းအရာများပင် ဖြစ်ပါသည်။

မဋ္ဌကုဏ္ဍလီသတို့သားသည် ဖခင်အရင်းဖြစ်ပါလျက် ဆေးကုခပေးရမည်ကို နှမြောတွန့်တိုသောကြောင့် မိမိအပေါ် ဥပေက္ခာရှုနိုင်လွန်းသည့်ဖခင်အား အကျွတ်တရားရစေပုံ တွေ့မြင်ခဲ့ကြရပါသည်။ ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုးခြင်းမပြုနိုင်သောကြောင့် ကြည်ညိုသောစိတ်သက်သက်ဖြင့်ပင် နတ်ဘုံနတ်နန်းသို့ ရောက်ရှိခံစားခဲ့ရသူ မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်ပြည်မှ ဖခင်ထံသို့ပြန်လာပြီး ဘုရားရှင်နှင့်တကွသံဃာတော်အပေါင်းအား အလှူဒါန ပြုသင့်ကြောင်း တိုက်တွန်းတော်မူခဲ့သည်။ ထိုအလှူပွဲ၌ ဘုရားရှင်က "ကုသိုလ်၊ အကုသိုလ်ကံတို့ကို စီမံအားထုတ် ပြုလုပ်သောအရာ၌ စိတ်သာလျှင်မြတ်၏။ ကြည်ညိုမြတ်နိုးစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကံသည် နတ်ပြည်သို့လည်းကောင်း၊ လူ့ပြည်သို့လည်းကောင်း၊ အရိပ်ပမာထပ်ကြပ်မကွာ အစဉ်တစိုက်လိုက်၏။" ဟုဟောတော်မူခဲ့ရာ ရတနာသုံးပါး၌ သက်ဝင်ရုံမျှဖြင့် ကောင်းရာဘုံဗိမာန်သို့ ရရှိခံစားနိုင်ပုံကို သင်ခန်းစာယူဖွယ် တွေ့ကြရပါသည်။ ဒေသနာတော်အဆုံး၌

ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ အကျွတ်တရားရ၍ မဋ္ဌကုဏ္ဍလီနှင့် ဖခင်ပုဏ္ဏားကြီးတို့ သောတာပန် တည်ကြောင်း၊ ပုဏ္ဏားကြီးသည် သာသနာတော်အတွက် မိမိ၏ကြီးစွာသောစည်းစိမ်တို့ကို စွန့်လွှတ်ခဲ့ကြောင်း ပါရှိသောအချက်များက သာသနာတော်၏ တန်ဖိုးကို ညွှန်ပြနေပါသည်။

လာဇာနတ်သမီးသည် ရဟန္တာအရှင်မဟာကဿပမထေရ် မြတ်ကြီးအား ပေါက်ပေါက်တို့ကို သဒ္ဓါတရားအပြည့်ဖြင့် လှူဒါန်းခဲ့သောကြောင့် မြွေကိုက်သေလွန်ခဲ့ရာ တာဝတိံသာနတ်ပြည်၌ ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၌ အိပ်ပျော်သောယောကျ်ား နိုးသောလားကဲ့သို့ အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဂါဝုတ်ပမာဏရှိသည့် ခန္ဓာကိုယ်ဖြင့်ဖြစ်လေ၏။ တစ်ဆယ့်နှစ် ယူဇနာရှိသော နတ်ပုဆိုးကို ဝတ်၍ တစ်ထည်ကို သိုင်းရုံလျက် နတ်သမီးတစ်ထောင် အခြံအရံဖြင့် ဖြစ်လေ၏။

မာဃသိကြားမင်း၏ ဖြစ်စဉ်များကို သိရသောအခါ လူ့ဘောင် လောကဝယ် အများအကျိုး ဆောင်ရွက်ခြင်း၏ တန်ဖိုးကိုလည်းကောင်း၊ ရိုးသားဖြူစင်မှု၏ တန်ဖိုးကိုလည်းကောင်း၊ သိကြားမင်းပင်လျှင် ဘုရားအား ပြုစုလုပ်ကျွေးရန် စိတ်အားထက်သန်လှသောကြောင့် ဘုရားအစရှိသော ရဟန်းအပေါင်းအား ပြုစုလုပ်ကျွေးသင့်ကြောင်းကိုလည်းကောင်း သိရှိနားလည် နိုင်ပါသည်။ ထိုမျှမက ဓမ္မဆိုင်ရာပြဿနာများကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိနိုင်ပါသည်။

# နိဂုံး

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ၌ ဖူးတွေ့ကြုံကြိုက်ခဲ့ရသူ တန်ခိုးရှင်ပုဂ္ဂိုလ်အသီးသီး၏ ဘဝဖြစ်စဉ်နှင့် ထူးခြားဆန်းကျယ်သည့် ဖြစ်ရပ်အစုံစုံကို တွေ့မြင်ဆန်းစစ်ကြည့်လျှင် ထိုထိုတန်ခိုးရှင်အသီးသီးသည် ပါရမီရှင်များ ဖြစ်ကြသည်များကြောင်း သိသာထင်ရှားစွာမြင်တွေ့ကြရပါမည်။ ရှေးရှေး အတိတ်ကာလများက တစ်ဦးတစ်ယောက်၏ ကုသိုလ်နှင့် အကျိုးဆက်တို့ကို အားကျ၍သော်လည်းကောင်း၊ မိမိပင်ကိုစိတ်ကပင် စေတနာ ယိုဖိတ်ကာ သဒ္ဓါတရားအားကြီးလှသော အကြောင်းကြောင့် သော်လည်းကောင်း၊ ကောင်းမှုကုသိုလ်များကိုချည်း ဖြည့်ဆည်းခဲ့ကြောင်းကို တွေ့ရပါသည်။

ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို အောက်မေ့သတိပြုခဲ့သောကြောင့် ပစ္စုပ္ပန်တမလွန် ချမ်းသာခံစားရခြင်းကို တွေ့မြင်ရာမှ ထိုပုဂ္ဂိုလ်များ၏ စိတ်အရှိန်သည် ဖတ်ရှုသူတိုင်း၏ နှလုံးသား၊ ဉာဏ်ထဲသို့ အနည်းငယ်မျှပင် ထိုးဖောက် ဝင်ရောက်ပါလျှင်ပင် ဤကျမ်း၏ရည်ရွယ်ရင်း ပြီးမြောက်ပြီဟု ဆိုရပါမည်။

သာသနာတော်၏ အကျိုးကျေးဇူးကို ခံစားထိတွေ့မိသူတိုင်းသည် သာသနာတော်ကြီး အရှည်ခိုင်ခံ့တည်တံ့အောင် ကျင့်ဆောင်ကြိုးပမ်းလာချင်သော သဒ္ဓါတရားများ ပေါ်ပေါက်လာကြမည်ဖြစ်သည်။ ထိုသဒ္ဓါတရားများ တိုးပွားလာခြင်းသည် အပြန်အလှန်အားဖြင့် သာသနာတော်ကြီး ပြန့်ပွားထွန်းကားရန် ဦးတည်နေသည်သာ ဖြစ်ပါသည်။ သာသနာအရိပ်သည် အရိပ်ဟူသမျှထက် အေးချမ်းသာယာကြောင်းကို ဤကျမ်းပါတန်ခိုးရှင်များက ထောက်ခံနေပါသည်။

နိဂုံးအားဖြင့် သုတေသီများနှင့် အရှေ့တိုင်း အထူးပြုကျောင်းသား၊ ကျောင်းသူများသည် ပါဠိစာပေလာ ကျမ်းညွှန်းနှင့်တကွ တင်ပြထားသော ဘုရားရှင်လက်ထက် ထင်ရှားသောတန်ခိုးရှင်များ၏ အတ္ထုပ္ပတ္တိကို ယခုထက် ပိုမိုပြည့်စုံစွာ ဆည်းပူးလေ့လာခြင်းဖြင့် မိမိတို့ အသိဉာဏ်နှင့် အတွေးအခေါ်များကို ပိုမိုတိုးချဲ့နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသတည်း။ ။

□ □ □ □ □ □

တက္ကသိုလ်များဗဟိုစာကြည့်တိုက် ရန်ကုန်မြို့